## မြဝတီ နေ့စဉ်

ဖြောင့်မတ်တည်ကြည် သတင်းမှန်သည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၆၉)

၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်
၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၄ ရက်၊ သောကြာနေ့


### မြတ်ဗုဒ္ဓ၏အဆုံးအမတရား

အနာရောဂါကင်းခြင်းသည် အကြီးဆုံးလာဘ်ဖြစ်၏။ တင်းတိမ်ရောင့်ရဲခြင်းသည် အကောင်းဆုံးဥစ္စာဖြစ်၏။ အကျွမ်းတဝင်ချစ်ခင်သောသူသည် အကောင်းဆုံးဆွေမျိုးဖြစ်၏။ နိဗ္ဗာန်သည် အမြတ်ဆုံးချမ်းသာဖြစ်၏။

ဓမ္မပဒ

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

# ရေကြီးရေလျှံမှုများကြောင့် ရန်ကုန်-မန္တလေးလမ်းပိုင်းအတွင်းရှိ ရထားလမ်းနှင့်တံတားများ ထိခိုက်ပျက်စီးမှုများကို ပြန်လည်မွမ်းမံပြင်ဆင်ပြီးဖြစ်ပါ၍ လူစီးရထားများ ပြန်လည်ပြေးဆွဲနိုင်ပြီဖြစ်




သဲတောနှင့်သပြေတောင်းကြား ရထားလမ်းပြုပြင်ပြီးနေရာ၌ အမှတ် (၁၂) အစုန်ရထား ဖြတ်သန်းနေမှုကိုတွေ့ရစဉ်။

**နေပြည်တော် အောက်တိုဘာ ၃**

တိုင်ဖွန်းမုန်တိုင်း“ရာဂီ”၏ အရှိန်ကြောင့် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး နေပြည်တော်ကောင်စီနယ်မြေ၊ မန္တလေးတိုင်းဒေသကြီးတို့နှင့်ဆက်စပ်သည့် ရန်ကုန်-မန္တလေးရထားလမ်းမကြီး၏အချို့ရထားလမ်း တာပေါင်နေရာများနှင့် တံတားများ ရေတိုက်စား၍ ပျက်စီးခဲ့မှုများကြောင့် ရန်ကုန်-မန္တလေး ရထားခရီးစဉ်များကို စက်တင်ဘာလ ၁၁ ရက်မှစတင်၍ ယာယီရပ်နားထားခဲ့ရသည်။

စာမျက်နှာ ၁၇ ကော်လံ ၁ ❍

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့်အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## မိုးကြီးမည့်သတိပေးချက်

**နေပြည်တော် အောက်တိုဘာ ၃**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်၏အရှိန်ကြောင့်လည်းကောင်း ယနေ့မွန်းလွဲမှ အောက်တိုဘာလ ၆ ရက်နေ့အတွင်း

စာမျက်နှာ ၈ ကော်လံ ၁ ■

### အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက

ဆောင်းပါး စာ - ၁၁ သို့

---

### ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

စာ - ၁၀ သို့

**ပြည်လုံးကျွတ်သန်းခေါင်စာရင်း (၄) ရက်မြောက်နေ့ ကောက်ယူနေပါသည်။**




# အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ အောက်တိုဘာ ၄ ရက်)

## ပြည်သူ့အရေးအလေးပေးသည့် နိုင်ငံရေးနည်းလမ်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသတင်းထုတ်ပြန်ရေးအဖွဲ့က စက်တင်ဘာလ ၂၆ ရက်တွင် နိုင်ငံရေးပြဿနာအား နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။ အဆိုပါထုတ်ပြန်ချက်ကို နိုင်ငံရေးပါတီ ၂၇ ပါတီနှင့် အဖွဲ့အစည်းပေါင်းများစွာက ကြိုဆိုထောက်ခံခဲ့ကြသည်။ မိမိနိုင်ငံ၏အနာဂတ်ပိုမိုဖွံ့ဖြိုးတိုးတက်စေလိုသည့် ပြည်သူများကလည်း အဆိုပါကမ်းလှမ်းချက်ကို ဝမ်းပန်းတသာကြိုဆိုလျက်ရှိကြသည်။ တပ်မတော်အနေဖြင့် နိုင်ငံရေးတာဝန်ရယူခဲ့ရခြင်း၏ အဓိကအခြေခံအကြောင်းတရားမှာ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် မဲမသမာမှုများဖြစ်ပွားခဲ့သည့်အတွက်ဖြစ်သည်။

ရွေးကောက်ပွဲမဲမသမာမှုမှာ နိုင်ငံရေးအရှုပ်အရှင်းဖြစ်လိုက်ခြင်းဖြစ်သည်။ နိုင်ငံရေးပြဿနာဖြစ်သည့်အတွက် နိုင်ငံရေးနည်းအရဖြေရှင်းပေးရန် တပ်မတော်က တရားဥပဒေနှင့်အညီတောင်းဆိုခဲ့သည်။ လွှတ်တော်နည်းလမ်း၊ အခြေခံဥပဒေခုံရုံးနည်းလမ်း၊ တရားလွှတ်တော်ချုပ်နည်းလမ်း၊ အစိုးရနှင့်အဓိကတာဝန်ရှိသူတွေက ဖြေရှင်းပေးရမည့်နည်းလမ်း စသည့်နည်းလမ်းပေါင်းစုံနှင့်ဖြေရှင်းပေးရန်ဆောင်ရွက်ခဲ့သည်။ ထိုစဉ်က နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းသင့်ပါလျက် ဖြေရှင်းပေးခြင်းမရှိခဲ့သည်မှာ ဖြစ်ရပ်အမှန်ဖြစ်သည်။ နိုင်ငံရေးနည်းလမ်းဖြင့်မဖြေရှင်းဘဲ ဒီမိုကရေစီ၏ဆန့်ကျင်ဘက်လက်နက်ကိုင်လမ်းစဉ်ကိုရွေးချယ်ကာ NUG၊ PDF အမည်ခံအကြမ်းဖက်အဖွဲ့များတည်ထောင်ပြီး အကြမ်းဖက်မှုများကျူးလွန်လျက်ရှိသည်။

ပြည်သူများကို အကြောက်တရားဖြင့်ခြိမ်းခြောက်ခဲ့သည်။ PDF အမည်ခံအကြမ်းဖက်များ၏ တိုက်ခိုက်မှုကြောင့် စက်တင်ဘာလ ၂၇ ရက်နေ့အထိ နိုင်ငံတစ်ဝန်းတွင် ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမ ၇၅ ဦး၊ ကျန်းမာရေးဝန်ထမ်း ၁၇ ဦး၊ ရဟန်းသံဃာ ၈၄ ပါး အပါအဝင် အပြစ်မဲ့ပြည်သူ ၆၇၀၀ ကျော်သေဆုံးခဲ့ရသည်။ ဤသည်မှာ လွန်စွာဝမ်းနည်းဖွယ်ကောင်းသော အကြမ်းဖက်တိုက်ခိုက်ခံရမှုဖြစ်သည်။ လူသားပေါင်း ၆၇၀၀ ကျော် အကြောင်းမဲ့သတ်ဖြတ်ခံရခြင်းဖြစ်သည်။ ထို့ပြင် ဗုံးဖောက်ခွဲမှု ၉၀၀၀ ကျော်ခန့်ဖြစ်ပွားခဲ့သည်။ စာသင်ကျောင်း၊ ဘုန်းကြီးကျောင်း၊ စက်ရုံ၊ အလုပ်ရုံ၊ ဘဏ်များ၊ လူနေအိမ်များ အပါအဝင် အခြေခံအဆောက်အဦများမီးရှို့ဖျက်ဆီးခဲ့မှု ၁၃၀၀ ကျော်ရှိခဲ့သည်။ ဤသည်မှာ နိုင်ငံတော်နှင့် ပြည်သူလူထု၏နစ်နာမှုများဖြစ်သည်။

ဤသို့အကြမ်းဖက်မှုများကြောင့် နိုင်ငံတော်တည်ငြိမ်ရေး၊ ပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးများကို များစွာထိခိုက်ခဲ့ရသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခြင်းဖြစ်သည်။ အဆိုပါကြေညာချက်ထုတ်ပြန်ရခြင်းအကြောင်းရင်းများမှာ (၁) ယနေ့မြန်မာနိုင်ငံ၏အခြေအနေ၊ (၂)ပြောင်းလဲလာသည့် နိုင်ငံတကာအခြေအနေ၊ (၃)ငြိမ်းချမ်းရေးကိုလိုလားသည့်အဖွဲ့အစည်း၊ လူပုဂ္ဂိုလ်များ၏သဘောဆန္ဒများကြောင့်ဖြစ်သည်။ မြန်မာနိုင်ငံမှာ ပြည်သူလူထု၏ဆန္ဒဖြစ်သည့် ပါတီစုံဒီမိုကရေစီစနစ်ကိုပြန်သွားနိုင်ရန် ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို စတင်နေပြီဖြစ်သည်။ နိုင်ငံသူ၊ နိုင်ငံသားတိုင်း နေရာဒေသမရွေး ဒီမိုကရေစီစနစ်ကို ရယူခံစားခွင့်ရှိရန် လိုအပ်ပါသည်။ ပြည်သူ့အစိုးရကို ပြည်သူလူထုက လွတ်လပ်စွာရွေးချယ်ပိုင်ခွင့်ရှိရပေမည်။ ထိုသို့ဖြစ်စေရန်မှာ လွတ်လပ်စွာဆန္ဒမဲပေးနိုင်ရမည်ဖြစ်သည်။ ထိုသို့ဖြစ်စေရန်မှာ လုံခြုံရေးနှင့်တည်ငြိမ်အေးချမ်းရေးမှာ အရေးကြီးလှသည်။ ဤသည်ကို ဖော်ဆောင်နိုင်ရန် အဆိုပါကြေညာချက်ထွက်ပေါ်လာရခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ဒေသတော်တော်များများမှာ မိုးနှောင်းကာလရေကြီးရေလျှံမှုဒဏ်၊ သဘာဝဘေးဒဏ်ခံခဲ့ရသည်။ နှစ် ၅၀/၁၀၀ အတွင်းမှာ အဆိုးရွားဆုံးကြုံတွေ့ရခြင်းဖြစ်သည်။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အလျင်အမြန်ဆောင်ရွက်ပေးရမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန် တည်ငြိမ်အေးချမ်းရန်လိုသည်။ ပြည်သူများအပေါ်မှာ တစ်ပူပေါ် နှစ်ပူဆင့်မဖြစ်စေချင်ပေ။ ထို့ကြောင့် ပြည်သူလူထုအပေါ် စာနာထောက်ထားပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းရန်ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။ ယနေ့ကာလ နိုင်ငံတကာအခြေအနေများကို လေ့လာကြည့်လျှင် ကမ္ဘာ့အင်အားကြီးနိုင်ငံများ၊ ဒေသတွင်းအင်အားကြီးနိုင်ငံများ၏ အကျိုးစီးပွားပြိုင်ဆိုင်မှုမှာ ပိုမိုများပြားပြင်းထန်လျက်ရှိသည်။ ရုရှား-ယူကရိန်းကိစ္စ၊ အရှေ့အလယ်ပိုင်းကိစ္စ၊ တောင်တရုတ်ပင်လယ်ကိစ္စများမှာ ထင်ရှားသည့်မြင်ကွင်းများဖြစ်သည်။

ထိုသို့သောအခြေအနေမျိုးတွင် မြန်မာနိုင်ငံကဲ့သို့ နိုင်ငံငယ်များအနေဖြင့် ပြည်တွင်းစည်းလုံးညီညွတ်မှုခိုင်မာနေရန် လိုအပ်သည်။ ထို့ကြောင့် ပြည်တွင်းညီညွတ်မှုကိုဦးတည်ပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရန် ကမ်းလှမ်းဖိတ်ခေါ်ခြင်းမှာ ပြည်သူများအတွက်ဖြစ်သည်။ တည်ငြိမ်အေးချမ်းရေးကိုလိုလားသည့် အချို့သောတိုင်းရင်းသားလက်နက်ကိုင် EAOs အဖွဲ့များအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်းအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များ၏ဆန္ဒသဘောထားကြောင့်လည်း အဆိုပါကြေညာချက်ကို ထုတ်ပြန်ခြင်းဖြစ်သည်။ ပြည်သူလူထု၏ နေ့စဉ်လူမှုစီးပွားဘဝလုံခြုံရေး၊ တိုးတက်ရေးကို လိုလားသည့်အဖွဲ့အစည်းအသီးသီး၊ လူပုဂ္ဂိုလ်အသီးသီးက နိုင်ငံတော်အစိုးရနှင့်နိုင်ငံတော်အကြီးအကဲများထံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမြှင့်တင်ဆောင်ရွက်ဖို့ အကြံပြု ဆန္ဒပြုကြသည်။ အနှစ်ချုပ်ဆိုရသော် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထာဝရငြိမ်းချမ်းရေးကိုရှေးရှုပြီး လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်သည့်လမ်းစဉ်ကိုစွန့်လွှတ်ပြီး ဒီမိုကရေစီလမ်းစဉ်၊ ဒီမိုကရေစီကျင့်စဉ်နှင့်ကိုက်ညီသည့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းကြရန်ဖြစ်ပါကြောင်း။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်း တာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

နေပြည်တော် အောက်တိုဘာ ၃

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးပေးခြင်းကို အောက်တိုဘာလ ၃ ရက် နံနက်ပိုင်းတွင် အဆိုပါကျေးရွာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ပျဉ်းမနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါက တဲကြီးကုန်းကျေးရွာရှိ ကျေးလက်နေပြည်သူများ ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် လိုအပ်သည့်ငွေကြေးအရင်းအနှီးများရရှိစေရန်နှင့် တိုးပွားလာသောအတိုးရငွေများဖြင့် လူနေမှုဘဝမြင့်မားစေရေးအတွက် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကိုဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးလိုက်နာရမည့်စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ချေးငွေအတိုးနှုန်းနှင့် ပြန်လည်ပေးဆပ်ရမည့်ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ တဲကြီးကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၅၄ ဦးကို ငွေကျပ် ၂၄ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၄ ဦးကို ငွေကျပ် ၁၉ ဒသမ ၄ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၃ ဒသမ ၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၇ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၄၆ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

## သဖင်(FM)အသံလွှင့်အစီအစဉ်

၄-၁၀-၂၀၂၄(သောကြာနေ့)

| | | | | | |
|---|---|---|---|---|---|
| ၁။ | ၀၈:၀၀ | For Youth | ၄။ | ၁၇:၀၀ | ထူးခြားထင်ရှား ကမ္ဘာ့တစ်လွှား |
| ၂။ | ၁၀:၀၀ | သတင်း/သီချင်း | ၅။ | ၁၉:၀၀ | စစ်သည်ကဏ္ဍ |
| ၃။ | ၁၃:၀၀ | တိုင်းရင်းသား စကားပြောကြရအောင် | ၆။ | ၂၁:၂၀ | စာလာတယ်ဗျို့ |

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၃**

ယနေ့ညနေ ၅ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၂ လက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ လက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ်အထက်သို့ ၁ စင်တီမီတာ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် မဒေါက်မြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သောဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ် (Passport for Visit–PV) ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာလေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန် ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင် စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့် မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများ မဖြစ်ပေါ်စေရေးအတွက်ဥပဒေနှင့်အညီ မှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အားဆောင်ရွက်ပြီး တရားဝင်သွားရောက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေများ


ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနသည် အရှေ့အာရှအက်စစ်ဖြစ်ထွန်းမှုစောင့်ကြည့်တိုင်းတာရေးကွန်ရက် (Acid Deposition Monitoring Network in East Asia– EANET) အဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ၂၀၀၅ ခုနှစ် နိုဝင်ဘာလမှ စတင်ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ မြို့ကြီးများ၏ ရွာသွန်းသောမိုးရေများကိုစုဆောင်းကာ မိုးရေတွင်အက်စစ်ဖြစ်ထွန်းမှုအခြေအနေကိုသိရှိရန် မိုးရေ၏ pH တန်ဖိုးများတိုင်းတာခြင်းလုပ်ငန်းများကို လစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ပုံ (၁)

၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း စခန်း ၃၃ စခန်းမှ မိုးရေနမူနာများ စုဆောင်းရယူခဲ့ပါသည်။ မိုးရေနမူနာတိုင်းတာရရှိခဲ့သည့်စခန်း ၃၃ စခန်းတို့မှ ရွာသွန်းခဲ့သောမိုးရေများ၏ pH တန်ဖိုးများသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုးနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ စံသတ်မှတ်ထားသည့် သောက်သုံးရေအတွက် pH တန်ဖိုး 6.5 – 8.5 အတွင်းတွင်ရှိကြောင်း တိုင်းတာရရှိခဲ့ပါသည်။ ပုံ (၂)


မိုးရေ၏ pH တန်ဖိုးသည် 5.6 အောက်ရောက်ရှိမှသာ အက်စစ်ဂုဏ်သတ္တိရှိသောကြောင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း မိုးရေနမူနာတိုင်းတာရရှိခဲ့သည့်စခန်း ၃၃ စခန်းတို့၌ ရွာသွန်းခဲ့သောမိုးရေများတွင် အက်စစ်ဖြစ်ထွန်းမှုအခြေအနေမရှိကြောင်း တွေ့ရှိရပါသည်။

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန**

**ပုံ(၁) မိုးရေနမူနာတိုင်းတာသည့် စခန်းများပြပုံ**




**ပုံ(၂) ၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေ၏ pH တန်ဖိုးများပြပုံ**




**၂၀၂၄ ခုနှစ် စက်တင်ဘာလအတွင်း ရွာသွန်းခဲ့သော မိုးရေနမူနာများ၏ pH တန်ဖိုးများ**

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁ | မန္တလေး (ချမ်းအေးသာစံ) | ၇.၀ |
| ၂ | မန္တလေး (ချမ်းမြသာစည်) | ၇.၂ |
| ၃ | ပူတာအို | ၆.၉ |
| ၄ | ခန္တီး | ၆.၈ |
| ၅ | တောင်ကြီး | ၇.၁ |
| ၆ | မိုင်းဆတ် | ၆.၉ |
| ၇ | စစ်ကိုင်း | ၇.၁ |
| ၈ | ဟုမ္မလင်း | ၇.၀ |
| ၉ | ဟားခါး | ၆.၅ |
| ၁၀ | ညောင်ဦး | ၆.၉ |

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၁၁ | မုံရွာ | ၇.၁ |
| ၁၂ | ပျဉ်းမနား | ၆.၉ |
| ၁၃ | ပြင်ဦးလွင် | ၆.၇ |
| ၁၄ | ကလေးဝ | ၆.၇ |
| ၁၅ | ရန်ကုန် (ကမ္ဘာအေး) | ၆.၉ |
| ၁၆ | မှော်ဘီ | ၆.၈ |
| ၁၇ | မကွေး | ၆.၇ |
| ၁၈ | အောင်လံ | ၆.၉ |
| ၁၉ | စစ်တွေ | ၆.၈ |
| ၂၀ | ကျောက်ဖြူ | ၆.၉ |
| ၂၁ | ပြည် | ၇.၀ |
| ၂၂ | ပဲခူး | ၆.၆ |

| စဉ် | စခန်းအမည် | pH |
|---|---|---|
| ၂၃ | တောင်ငူ | ၆.၉ |
| ၂၄ | ပုသိမ် | ၆.၅ |
| ၂၅ | မအူပင် | ၆.၈ |
| ၂၆ | ဟင်္သာတ | ၆.၅ |
| ၂၇ | မော်လမြိုင် | ၆.၉ |
| ၂၈ | ဘီးလင်း | ၆.၅ |
| ၂၉ | ဘားအံ | ၆.၅ |
| ၃၀ | ကော့ကရိတ် | ၆.၆ |
| ၃၁ | ထားဝယ် | ၆.၉ |
| ၃၂ | မြိတ် | ၆.၇ |
| ၃၃ | ကော့သောင်း | ၇.၀ |

# မြစ်ကိုအလျှားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

"အမဲလိုက်ရာတွင် ရေရေရာရာ ကျွမ်းကျင်မှုမရှိသူများက တောင်ခြေတောစပ်မှ ကိုယ့်ငန်းကိုယ်တာ တာဝန်ယူပြီး ကိုယ့်လမ်းကြောင်းနှင့်ကိုယ် ပိုက်ရှိရာသို့ ပိုက်စိပ်တိုက်အော်ဟစ်ချီတက်ရသည်။ အမဲကောင်များကြောက်လန့်ပြီး ပိုက်တန်းရှိရာသို့ ဦးတည်ပြေးစေရန်အတွက် ပါးစပ်မနားတမ်း တဟေးဟေးနှင့်ငြာသံပေးကာ အော်ဟစ်ပေးရသည်။ အမဲလိုက်သူတို့၏ ငြာသံပေးသည့်အသံဗလံများမှာ တောင်ယံတောလုံးပဲ့တင်ဖုံးနေပေ၏. . ."

**ယမန်နေ့မှအဆက်**

ကျွန်တော်တို့အဖွဲ့ တောင်ခါးလယ်လောက်ကဖြတ်ပြီး ပိုက်တိုင်ကလေးတွေစိုက်ထူကာ အမဲလိုက်ပိုက်ကို ကန့်လန့်ဖြတ်တန်းလိုက်ကြ၏။ ပိုက်တွင် အပေါ်ပိုကြိုးတန်း၊ အောက်ပိုကြိုးတန်းဟူ၍ ကြိုးခပ်ကြီးကြီးနှစ်ချောင်းပါသည်။ ပိုက်အစွန်းဖျားနှစ်ဖက်မှထွက်နေသော အပေါ်အောက် ဘယ်/ညာ ပိုကြိုးစလေးချောင်းကို သစ်ပင်တွေမှာ အသေချည်ထားလိုက်ကြသည်။ ပိုက်ကိုခပ်လျော့လျော့လေးထားပြီး ပိုက်အပေါ်ပိုကြိုးနှင့် ပိုက်အောက်ပိုကြိုးကို သစ်သားချောင်းလေးများဖြင့် အရှင်ထောက်ထားရသည်။ အမဲကောင်ဝင်တိုးလျှင် ဒေါက်တိုင်သစ်သားချောင်းလေးများပြုတ်ပြီး အမဲကောင်ကိုလုံးထွေးဖုံးအုပ်နေစေရန်ပင်ဖြစ်သည်။

အမဲကောင်များ ပိုက်တွင်ငြိထွေးနေခိုက် ချက်ကောင်းကိုပြေးရိုက်နိုင်ရန် သွက်သွက်လက်လက် လူငါးယောက်က သစ်သားတုတ်ကိုကိုင်ပြီး ချုံကွယ်က အသင့်စောင့်နေရသည်။ ပိုက်တန်းတိုလျှင်တော့ သုံးယောက်လောက်ပဲလိုသည်။ ကျွန်တော်တို့အဖွဲ့တွင် ဖိုးချမ်း၊ စောလှနှင့် ဖြူသီးတို့မှာ အမြဲတမ်းအမဲရိုက်သမားတွေဖြစ်ကြသည်။ တစ်ခါတလေ အတွေ့အကြုံရှိပြီးသား အမဲကောင်များသည် ပိုက်ရှေ့ရောက်လျှက်နှင့် ဝင်မတိုးဘဲ လွတ်ရာလွတ်ကြောင်း ဘေးဘက်သို့ လျှိုထွက်ပြေးသွားတတ်သည်လည်းရှိသည်။ ဤအခြေအနေတွင် အမဲကောင်ပြန်ပြေးလာသည့်လမ်းမှ နောက်ပြန်လှည့်ပြီး ပိုက်ကိုဝင်တိုးနိုင်အောင် ခြောက်လှန့်ပစ်ပေါက်နိုင်ရန်အတွက် ခဲလုံးများကို အဆင်သင့်ကိုင်ပြီးစောင့်နေရသူများမှာ ပိုက်အစွန်းဖျားနှစ်ဖက်တွင် တစ်ဖက်လျှင် နှစ်ယောက်စီလိုသည်။ သည်လူတွေကို "ခေါင်းခေါက်ထိုးသမား" ဟု ခေါ်သည်။ သည်တစ်ခါ ကျွန်တော်ခေါင်းခေါက်ထိုးသမားတာဝန်ကိုယူရသည်။ အမဲကောင်လာလမ်းအတိုင်း ပြန်ခေါက်လှည့်ပြီး ပိုက်ကိုဝင်တိုးစေရန် ခဲလုံးဖြင့်ပစ်ပေါက်ရသောအလုပ်ပင်ဖြစ်သည်။

အမဲလိုက်ရာတွင် ရေရေရာရာ ကျွမ်းကျင်မှုမရှိသူများက တောင်ခြေတောစပ်မှ ကိုယ့်ငန်းကိုယ်တာ တာဝန်ယူပြီး ကိုယ့်လမ်းကြောင်းနှင့်ကိုယ် ပိုက်ရှိရာသို့ ပိုက်စိပ်တိုက်အော်ဟစ်ချီတက်ရသည်။ အမဲကောင်များကြောက်လန့်ပြီး ပိုက်တန်းရှိရာသို့ ဦးတည်ပြေးစေရန်အတွက် ပါးစပ်မနားတမ်း တဟေးဟေးနှင့် ငြာသံပေးကာ အော်ဟစ်ပေးရသည်။ အမဲလိုက်သူတို့၏ ငြာသံပေးသည့်အသံဗလံများမှာ တောင်ယံတောလုံးပဲ့တင်ဖုံးနေပေ၏။

"ဟေး ... ဟေး ... ဟေး ... ဟေး"

"ဟေး...ဟေး...ဟေး...ဟေး"

အမဲလိုက်အဖွဲ့သားများ ငြာသံပေးပြီး အော်ဟစ်လာကြပါလေပြီ။ တစ်ချီပြီး တစ်ချီ ငြာသံပေးအော်ဟစ်သံများမှာ တောင်တန်းကြီးတစ်ခုလုံးကို သောသောညံစေ၏။

"ဂန့် ... ဂန့် ...ဂန့် ... ဂန့်"

သိပ်မကြာခင် တောကြီးအတွင်းမှ အမဲလိုက်ခွေးသံခပ်စူးစူး ထွက်ပေါ်လာ၏။ ခွေးမှာ အမဲကောင်နှင့်တွေ့လျှင် သာမန်ဟောင်သံမျိုးမဟုတ်ဘဲ တဂန့်ဂန့်အော်လေ့ရှိတတ်ကြသည်။

"ဟေ့ ... ခွေးကြီးတော့ အမဲနဲ့တွေ့ပြီဟေ့"

တစ်ယောက်ယောက်က အော်ပြောလိုက်သည်။

"ဂန့် ... ဂန့် ...ဂန့် ... ဂန့်"

ခွေးကတော့ ဟောင်မြဲတိုင်းဟောင်နေပြီ။ အမဲကောင်သည် ခွေးနှင့်တွေ့လျှင် ခြေဦးတည့်ရာ စွတ်ပြေးသည့်သဘောရှိသည်။ ငြာသံပေးသူများမှာ ခွေးဟောင်သံနောက်သို့ တဟေးဟေးဖြင့် ခြေကုန်သုတ်ပြီးပြေးလိုက်ကြရသည်။ ခွေးနှင့်အမဲကောင်တို့ လိုက်နေကြသံကြားလျှင် ငြာသံပေးသူတို့ ခွန်အားပိုပြည့်သွားတတ်ကြသည်။ အော်ဟစ်သံကိုလည်း သံကုန်မြှင့်ပြီးအော်ကြ၏။ ပိုက်စောင့်သမားများကလည်း ပိုက်နှင့်နီးလာလေ ပိုပြီးအာရုံစိုက်လေဖြစ်လာသည်။ ခေါင်းခေါက်ထိုးသမားများကလည်း အမဲကောင်မိမိဘက်များ လျှိုထွက်လာလေမလားဟု ခဲလုံးကို အသင့်အနေအထားကိုင်ပြီး တဆဆလုပ်ကာစောင့်ကြရ၏။

"ဂန့် ... ဂန့် ...ဂန့် ... ဂန့်"

ခွေးကဟောင်ရင်းအတင်းလိုက်၏။

"ဟေး . . . လာပြီကွ ပြေးလာပြီ ရိုက် . . . ရိုက် . . . ရိုက်"

"ဟေး . . . . ဟေး . . . . ဟေး . . . . ဟေး"

"ဟေး . . . . ဟေး . . . . ဟေး . . . . ဟေး"

"ဖြန်း . . . . ဖြန်း . . . . ဖြန်း . . . . ဖြန်း"

"ခလွတ် . . . . ခလွတ် . . . . ခလွတ် . . . . ဖြန့်"

အမဲကောင်များ ပိုက်တိုးသံ၊ ပိုက်စောင့်၏ရိုက်နှက်သံများသည် ပတ်ဝန်းကျင်တစ်ဝိုက် ဆူညံနေပေတော့သည်။ ဤအခြေအနေမှာ အမဲလိုက်ခြင်းအထွတ်အထိပ်ကာလပင်ဖြစ်ပေသည်။

"ဟေ့ . . . ဘညွန့် ခေါင်းခေါက်ပြန်ထိုးလိုက်ကွ မင်းဘက်ပြေးလာတယ်ဟေ့"

ပိုက်စောင့်ဆီမှ အသံတစ်သံက ကျွန်တော့်နားထဲသို့ စူးခနဲဝင်သွားသည်။ ကျွန်တော့်စိတ်အစဉ်သည် တဒင်္ဂအတွင်း အတိတ်၏ဇာတ်ဝင်ခန်းတစ်ခုက အာရုံထဲ ချက်ချင်းဝင်ရောက်လာသည်။ ချေလိုက်ရာမှအပြန် ညီထွေးလေးသေဆုံးနေတာနှင့် သွားတိုက်ဆိုင်နေခဲ့ပုံပဲဖြစ်သည်။ ခုပဲချေလိုက်သံ၊ ချေရိုက်သံတို့၏ ဖြစ်ပျက်မှုထဲတွင် အသက်ကလေးတစ်ချောင်း ချမ်းသာရာရရေးအတွက် အန္တရာယ်ကို သတိမထားနိုင်ဘဲ မိမိဆီသို့ ဦးတည်ပြေးလွှားလာနေသောချေသူငယ်။ အမေနှင့် သေကွဲကွဲခဲ့ရသော မိသားစုဘဝ၊ ညီထွေးလေးအတွက် ကြေကွဲခဲ့ရသော ပစ္စက္ခအခြေအနေ။ အတွေးများ၊ မြင်ကွင်းများသည် အသက်တစ်ချောင်း ချမ်းသာရာရရေးအတွက် မိမိဆီသို့ ဦးတည်ပြေးလွှားလာနေသောချေသတ္တဝါ။

ကျွန်တော်သည် ခဲလုံးကိုင်ထားသောလက်ကို အားကုန်မြှောက်ပြီး လွှဲရိုက်ရမည့်အစား ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသောခဲလုံးကို လက်ထဲမှ အသာအယာဖြေလွှတ်ချလိုက်ပေတော့သည်။

"ဘေးလွတ်ရာသို့ ပြေးပေတော့ ချေသူငယ်"

ကျွန်တော်၏အသံမှာ တိုးတိုးညင်းညင်းလေးထွက်ပေါ်သွားပေတော့သည်။ ချေသူငယ်ကား ကျွန်တော့်တာက ထွက်ပေါက်ရသွားပြီး တောနက်ရာသို့ ပြေးဝင်သွားခဲ့လေပြီ။ ကျွန်တော်သည် တက်ကြွမှုမရှိသောခြေလှမ်းများဖြင့် အသာအယာလှမ်းလာပြီး ပိုက်ရှိရာသို့ လှမ်းကြည့်လိုက်သည်။

ပိုက်နှင့်လုံးထွေးပြီး သွေးအိုင်ထဲတွင် သေဆုံးနေကြသော ချေသတ္တဝါလေးကောင်၏ ဖြစ်ပျက်မှုမြင်ကွင်းတွေကိုကြည့်ပြီး ကျွန်တော့်ရင်ထဲတွင် ဆို့နင့်စွာခံစားသွားရသည်။

ပိုက်လိုက်သူတချို့က ချေငယ်ကိုထွက်ပြေးခွင့်ပေးလိုက်သော ကျွန်တော့်ကို အပြစ်တင်ကြ၏။ ကျွန်တော့်ကိုခင်ကြသောစောလှ၊ ဖိုးချမ်းနှင့်ဖြူသီးတို့ကတော့ ကျွန်တော့်ဘဝကိုကိုယ်ချင်းစာပြီး အပြစ်တင်စကားမဆိုခဲ့ကြ။

"ဒီနေ့ရတဲ့ချေသား ငါ့အတွက် ဝေစုမချကြပါနဲ့ကွာ"

ကျွန်တော် အေးအေးဆေးဆေးပဲပြောလိုက်သည်။

"မဟုတ်တာကွာ ဘာလို့မပေးရမှာလဲ"

"ဒီနေ့ ငါတာဝန်မကျေခဲ့ဘူး သူငယ်ချင်း"

ကျွန်တော့်စကားသံများသည် တစ်လုံးချင်း လေးလေးပင်ပင်ထွက်သွားခဲ့လေတော့သည်။

● ● ● ● ● ● ●

"ဦးပြောသလို ကျွန်တော့်ဝက်ကိုမရောင်းနိုင်ဘူးဗျ။ ကျွန်တော့်မှာ ဒီဝက်နှစ်ကောင်ဟာ လက်ရွေးစင်ပဲ။ ဝက်အုပ်ရောင်းထုတ်တုန်းက စိတ်ကြိုက်ရွေးပြီး ချန်ထားခဲ့တာ"

"မဟုတ်ဘူးကွာ ဦးတို့မှာ ကျေးရွာအနေနဲ့ အရမ်းအခက်အခဲဖြစ်နေလို့ပါ။ ခုရောက်နေတာက ခရိုင်ကော်မတီဝင်တွေလေ၊ ခရိုင်ဥက္ကဋ္ဌလည်းပါတယ်။ အဲဒါတို့ရွာအနေနဲ့ ကောင်းကောင်းမွန်မွန်ဧည့်ခံချင်လို့ပါကွာ"

"ခက်ပါလားဗျာ ကျွန်တော့်မှာလည်း ဒီနှစ်ကောင်တည်းပဲရှိတော့တာဗျ"

"အဲဒီထဲကတစ်ကောင်ပေါ့ကွာ၊ မင်းဆီကမရရင် ဦးတို့ရွာမျက်နှာပျက်ကြတော့မှာ"

**ဆက်လက်ဖော်ပြပါမည်။**

# ကျိုက်ထိုမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်လုပ်ငန်း ကွင်းဆင်းဆောင်ရွက်



ကျိုက်ထို အောက်တိုဘာ ၃

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ ကျောင်းသား၊ ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး အသိပညာဗဟုသုတ တိုးပွားစေရေးအတွက် အောက်တိုဘာလ ၃ ရက်တွင် ကျိုက်ထိုမြို့နယ် ကော့စံနိုင်ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း (ဝိမလ) ၌ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်လုပ်ငန်းကို ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ အခြေခံပညာမူလတန်းကျောင်း (ဝိမလ) ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြူဖြူဟန်က အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ကျောင်းသား၊ ကျောင်းသူများ အားလပ်ချိန်တွင် အချိန်ကိုအကျိုးရှိစွာအသုံးပြုရေး၊ ကျောင်းစာကိုကြိုးစားကြသကဲ့သို့ ဗဟုသုတတိုးပွားစေရန် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြစေရေး ဟောပြောသည်။

ဆက်လက်၍ ကျောင်းသား၊ ကျောင်းသူများက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြော၊ ကဗျာရွတ်ဆိုယှဉ်ပြိုင်ခြင်းများ ပြုလုပ်သည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များစသည့် ကလေးများအသိပညာဗဟုသုတတိုးပွားရေး စာအုပ်စာစောင်များနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး စသည့် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ တက်ရောက်လာကြသူများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြည့်ရှုလေ့လာကြောင်း သိရသည်။

**ချမ်းမြေ့**

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**"လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်နေသည့်မြို့ ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကိုကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကိုအသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်ကြောင်း။"**

(၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့်ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှကောက်နုတ်ချက်)

# ကာတာနိုင်ငံ ဒိုဟာမြို့၌ကျင်းပသည့် တတိယအကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာဆွေးနွေးပွဲအဖွဲ့ (အေစီဒီ)၏ ထိပ်သီးအစည်းအဝေးသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ပါဝင်တက်ရောက်




ဒိုဟာ အောက်တိုဘာ ၃

ကာတာနိုင်ငံ၏ ဖိတ်ကြားချက်အရ ဒုတိယဝန်ကြီးချုပ်နှင့်နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့တွင် ကာတာနိုင်ငံ ဒိုဟာမြို့၌ ကျင်းပသည့် တတိယအကြိမ်မြောက် အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့(အေစီဒီ)၏ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်သည်။

ဒိုဟာမြို့ရှိ ရစ်ကာလ်တန်ဟိုတယ်၌ ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် အေစီဒီ ထိပ်သီးအစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံအကြီးအကဲ/ အစိုးရအဖွဲ့အကြီးအကဲများ၊ နိုင်ငံခြားရေးဝန်ကြီးများနှင့် ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြသည်။ အစည်းအဝေး၌ အေစီဒီအဖွဲ့ဝင်နိုင်ငံများက အေစီဒီထိပ်သီးအစည်းအဝေးအား အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ကာတာနိုင်ငံက သတ်မှတ်ထားသည့် ဘာသာရပ်ခေါင်းစဉ်ဖြစ်သည့် **"အားကစားရေးရာသံတမန်ဆက်ဆံရေး"** အပေါ်ကြိုဆိုခဲ့ကြကာ၊ ကိုယ်စားလှယ်အဖွဲ့အသီးသီးက သက်ဆိုင်ရာနိုင်ငံအလိုက် မိန့်ခွန်းများ ပါဝင် ပြောကြားသည်။

တတိယအကြိမ်မြောက်အေစီဒီထိပ်သီး အစည်းအဝေး၌ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့ နံနက်ပိုင်းတွင် မိန့်ခွန်းတစ်ရပ် ပါဝင်ပြောကြားသည်။

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အေစီဒီလက်ရှိဥက္ကဋ္ဌ အီရန်နိုင်ငံ၏ ခေါင်းဆောင်မှုကို အသိအမှတ်ပြုပါကြောင်းနှင့် ထို့ပြင် ၂၀၂၅ ခုနှစ် အေစီဒီ ဥက္ကဋ္ဌသစ်အဖြစ် လွှဲပြောင်းတာဝန်ယူဆောင်ရွက်မည့် ထိုင်းနိုင်ငံ၏ ကြိုးပမ်းအားထုတ်မှုများကို ကြိုဆိုပါကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံအား အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

တတိယအကြိမ်မြောက်အေစီဒီထိပ်သီး အစည်းအဝေးအတွင်း ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်များသည် အေစီဒီပူးပေါင်း ဆောင်ရွက်မှုလုပ်ငန်းစဉ်ဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်းနှင့် ကမ္ဘာ့ရေးရာကိစ္စရပ်များ အပေါ် ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့၏သက်ဆိုင်ရာနိုင်ငံအလိုက်ဖြစ်ပေါ် တိုးတက်မှုများကိုလည်း ထည့်သွင်း ဆွေးနွေး ပြောကြားခဲ့ကြသည်။

အစည်းအဝေး၌ အဖွဲ့ဝင်နိုင်ငံများက အေစီဒီအတွင်းရေးမှူးချုပ်အဖြစ် မကြာသေးမီက ခန့်အပ်ခဲ့သည့် ကူဝိတ်နိုင်ငံမှ သံအမတ်ကြီး Nasser Raden Thamer Al-Mutairi နှင့် ဒုတိယအတွင်းရေးမှူးချုပ်အဖြစ် ခန့်အပ်ခဲ့သည့် အီရန်နိုင်ငံမှ သံအမတ်ကြီး Mohammed Taghi Hosseini တို့အား ဝမ်းမြောက်ဂုဏ်ယူကြောင်း ထည့်သွင်းပြောကြားခဲ့ကြသည်။ ထို့ပြင် အစည်းအဝေးရလဒ်အဖြစ် **"ဒိုဟာ ကြေညာချက်"** ကို အဖွဲ့ဝင်နိုင်ငံများအားလုံး၏ တူညီဆန္ဒဖြင့် ထုတ်ပြန်နိုင်ခဲ့သည်။

ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးအတွင်း နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် အထွေထွေရွေးကောက်ပွဲကျင်းပရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို အေစီဒီအဖွဲ့ဝင်နိုင်ငံများမှကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များအား ရှင်းလင်းပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် အိမ်ရှင်ကာတာနိုင်ငံ အကြီးအကဲ ရှိတ် တမင်း(မ်) ဘင် ဟမတ် အယ်တာနီက တတိယအကြိမ်မြောက် အေစီဒီထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်လာကြသည့် ကိုယ်စားလှယ်အဖွဲ့များကို ဒိုဟာမြို့ရှိ ရစ်ကာလ်တန်ဟိုတယ်၌ ဂုဏ်ပြု နေ့လယ်စာ စားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အာရှပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဆွေးနွေးပွဲအဖွဲ့ (အေစီဒီ) ကို ၂၀၀၂ ခုနှစ် ဇွန်လက ထိုင်းနိုင်ငံ ချာအမ်းမြို့၌ စတင်ဖွဲ့စည်းထူထောင်ခဲ့သည်။ လက်ရှိတွင် အေစီဒီ၌ ဒေသတွင်း အုပ်စုကြီး ငါးခုဖြစ်သည့် အရှေ့တောင်အာရှအုပ်စု၊ တောင်အာရှအုပ်စု၊ အနောက်အာရှအုပ်စု၊ ဗဟိုအာရှအုပ်စုနှင့် အရှေ့အာရှအုပ်စုတို့ကို အသီးသီး ကိုယ်စားပြုသည့် အဖွဲ့ဝင်နိုင်ငံ ၃၅ နိုင်ငံ ပါဝင်သည်။ မြန်မာနိုင်ငံသည် အေစီဒီ စတင်ထူထောင်ရာတွင် ပါဝင်ခဲ့သည့်နိုင်ငံတစ်နိုင်ငံဖြစ်သည်။

ယေဘုယျအားဖြင့် အာရှနိုင်ငံများအကြား အပြန်အလှန် အမှီသဟဲပြုရေးကို မြှင့်တင်သွားရန်နှင့် အာရှတိုက်မှ အာရှအသိုက်အဝန်းအဖြစ်သို့ ပြောင်းလဲရန် ရည်ရွယ်လျက် အေစီဒီကို ဖွဲ့စည်းထားခြင်းဖြစ်သည်။ အေစီဒီအတွင်းရေးမှူးရုံးကို ကူဝိတ်မြို့၌ ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် စတင်ဖွင့်လှစ်ခဲ့သည်။

လက်ရှိတွင် အေစီဒီအဖွဲ့ဝင်နိုင်ငံများအကြား **"ကုလသမဂ္ဂ၏ ၂၀၃၀ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်"** နှင့်ကိုက်ညီသည့် အဓိကမဏ္ဍိုင်ကြီး (၆) ခု၌ ဦးစားပေး ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူညီထားသည်။ အဆိုပါ အဓိကမဏ္ဍိုင်ကြီး (၆)ခုမှာ ပေါင်းစည်းဆက်နွှယ်မှု၊ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု၊ ပညာရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု၊ စားနပ်ရိက္ခာ၊ စွမ်းအင်နှင့် ရေဖူလုံရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း၊ အားလုံးပါဝင်ရေးနှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်ရေးတို့ဖြစ်သည်။

ကာတာနိုင်ငံ၌ ကျင်းပခဲ့သည့် တတိယအကြိမ်မြောက် အေစီဒီ ထိပ်သီးအစည်းအဝေးသို့ အေစီဒီအဖွဲ့ဝင်နိုင်ငံ ၃၂ နိုင်ငံမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ကြောင်း သိရသည်။ **(သတင်းစဉ်)**

### မြန်မာ့ပင်လယ်ပြင်

နေပြည်တော် အောက်တိုဘာ ၃

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၆ ပေမှ ၈ ပေခန့် ရှိနိုင်ပါသည်။

(မိုး/ဇလ)

### မြဝတီ ရုပ်မြင်သံကြား အစီအစဉ်

၄-၁၀-၂၀၂၄ (သောကြာနေ့)

၁။ ၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၇:၁၅ မေတ္တာပို့
၃။ ၇:၂၅ ဓမ္မပူဇာတေး
၄။ ၇:၄၀ မျိုးချစ်တပ်မတော်
၅။ ၉:၁၀ အမျိုးသားရေးတေးကဗျာ
၆။ ၁၁:၅၀ မြန်မာ့လက်သံ
၇။ ၁၃:၁၀ အမှတ်တရနေ့ရက်များ
၈။ ၁၆:၄၅ သီချင်းလက်ဆောင်
၉။ ၁၈:၁၅ အတွေးအမြင်

# စိုက်ပျိုးမွေးမြူရေးနှင့် MSME လုပ်ငန်းများဆောင်ရွက်နေမှု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ကွင်းဆင်းစစ်ဆေး

မြစ်ကြီးနား အောက်တိုဘာ ၃



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မြစ်ကြီးနားမြို့နယ် ငါးအိုးခေတ်မီစံပြကျေးရွာအတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေကျပ် ၁၀ သန်းဖြင့် ပေါင်းစည်းလယ်ယာ (Integrated Farm) စနစ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်သူဦးဆင်ဝါးနော်၏ခြံသို့သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အဆိုပါခြံဝင်းအတွင်း ဆင်းဧကရီ-၃ အထွက်တိုးမျိုးနှင့်ငွေတိုးစပါးစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်နေမှု၊ စပါးခင်းပတ်လည်ရေမြောင်းအတွင်း ငါးခူငါးမျိုးများ စိုက်ထည့်မွေးမြူထားရှိမှု၊ မန်ဒါလီဘဲ၊ ဘဲငန်းနှင့် ဒေသကြက်များမွေးမြူထားရှိမှု၊ အသားတိုး ဝက်ကောင်ရေ ၉၀ ကျော် စီးပွားဖြစ်မွေးမြူထားရှိမှုနှင့် ခြံဝင်းအတွင်း လိုက်ချီးသီးပင်ပေါက်များနှင့် ဂရိတ်ဖရုပျိုးပင်များ စိုက်ပျိုးထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးအထောက်အကူပြုဆေးဝါးများ၊ ခြံဖျန်းပိုးသတ်ဆေးဘူးများနှင့် ရောစပ်အစာနအိတ်များကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် အဆိုပါကျေးရွာအတွင်း စိုက်ပျိုးရေးဦးစီးဌာနက ဆောင်းသီးထပ်လယ်သီးနှံအဖြစ် ဖြန့်ဝေပေးနိုင်ရေး ပဲပုပ်မျိုးစေ့စိုက်ခင်း စိုက်ပျိုးထားရှိမှုနှင့် တောင်သူ ဦးစိုးညွှန့်အောင်၏ ခြံ၌ ဖူးစားပြောင်း ၂ ဧကခွဲ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းမှုတို့ကိုလည်းကောင်း၊ ရွှေညောင်ပင်ရပ်ကွက်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် ပိုင်ရှင် ဦးစိုးငြိမ်းမိသားစု၏ စူပါဝမ်းနို့စားနွားမွေးမြူရေးလုပ်ငန်းနှင့် နို့နှင့်နို့ထွက်ပစ္စည်းအမျိုးမျိုး ရောင်းဝယ်ဖြန့်ဖြူးရေးလုပ်ငန်းကိုလည်းကောင်း၊ စီတာပူ (ဆွတ်ငိုင်တောင်) ရပ်ကွက်အတွင်း ပိုင်ရှင် ဦးမရမ်ဇော်ရော်မိသားစု၏ TOP အသင့်စားစားသောက်ကုန်လုပ်ငန်း (အသားခြောက်အမျိုးမျိုးနှင့် ဝိုင်အမျိုးမျိုးထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်း)ကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ ဈေးကွက်ရှိပြီး ဒေသထွက်ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် ပံ့ပိုးကူညီဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို မေးမြန်းဆွေးနွေးကာ ပေါင်းစပ်ဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်သည် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများနှင့် ပြည်နယ်အစိုးရအဖွဲ့ရုံး၌ တွေ့ဆုံပြီး ဥပဒေအသိပညာပြန့်ပွားရေး၊ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဒေသတွင်း တည်ငြိမ်အေးချမ်းစွာကောက်ယူနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားကာ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက် ဆွမ်ပရာဘွမ်လမ်းမကြီးဘေးရှိ ပြည်နယ်တရားလွှတ်တော်ရုံးသစ် တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(သတင်းစဉ်)**





အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပရဟိတအသင်းအဖွဲ့များက မြစ်သားမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

⏭ **ကျောဖုံးမှအဆက်**

တောင်ကျချောင်းရေများ စီးဆင်းမှုကြောင့် အောက်တိုဘာလ ၁ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်အတွင်းရှိ ပန်းလောင်မြစ်၌ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပြီး အဆိုပါမြစ်ဘေးတစ်လျှောက်ကျေးရွာများဖြစ်သည့် ရွာခိုင်ကြီးကျေးရွာ၊ အိမ်ရှေ့တောင်ကျေးရွာ၊ ကဆွန်ကျေးရွာ၊ မြစ်ဆုံကြီးကျေးရွာ၊ ရွှေပေါက်ကျွန်းကျေးရွာတို့တွင် မြစ်ရေ ၄ ပေခန့်၊ မြစ်သားမြို့၊ ကျွန်းတောရပ်ကွက်၊ မြို့မ(အရှေ့/အနောက်)နှင့် ဘူတာရပ်ကွက်၊ မြစ်သားမြို့နယ်၊ ကျွန်းလှကျေးရွာ၊ မရှက်ကျေးရွာ၊ နွားကူးလေးကျေးရွာ၊ လောင်းတော်ဦးကျေးရွာ၊ ရွာမုန်းကြီးကျေးရွာ၊ ယွေးကျေးရွာနှင့် လက်ပံဆိပ်ကျေးရွာ၊ အုန်းကုန်းကျေးရွာတို့တွင် မြစ်ရေ ၅ ပေခန့်၊ မြစ်သားမြို့၊ မင်းကုန်းရပ်ကွက်၊ ရှမ်းပွဲရပ်ကွက်၊ ရွှေသူဌေးရပ်ကွက်နှင့် အုပ်ရှစ်ကုန်းရပ်ကွက်များတွင်မြစ်ရေ ၃ ပေခန့် အသီးသီးရေဝင်ရောက်နစ်မြုပ်မှုများဖြစ်ပေါ်ခဲ့သည်။

အဆိုပါ ရေဝင်ရောက်မှုဖြစ်ပေါ်ခဲ့သည့် မြစ်သားမြို့နယ်အတွင်းရှိ ရပ်ကွက် ၆ ရပ်ကွက်၊ ကျေးရွာ ၁၅ ရွာတို့မှ အိမ်ခြေ ၄၈၇၂ ခု၊ အိမ်ထောင်စု ၅၂၂၆ စု၊ လူဦးရေ ၁၉၈၄၅ ဦး ရေဘေးသင့်ခဲ့သဖြင့် အဆိုပါရေဘေးသင့်ပြည်သူများအနက် အိမ်ခြေ ၁၁၈၀ ခု၊ အိမ်ထောင်စု ၁၁၉၀ စု၊ လူဦးရေ ၄၁၅၇ ဦးတို့အား ယာယီရေဘေးကယ်ဆယ်ရေးစခန်း ၂၇ ခုဖွင့်လှစ်ပြီး နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပရဟိတအသင်းအဖွဲ့များက လိုအပ်သည့် ကူညီရွှေ့ပြောင်းမှုများ ဆောင်ရွက်ပေးကာ ရေဘေးသင့်ပြည်သူများ စားသောက်ရေးအဆင်ပြေစေရန်အတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပြီး သက်ဆိုင်ရာတာဝန်ရှိသူများကလည်း သွားရောက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။



မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပရဟိတအသင်းအဖွဲ့များက မြစ်သားမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

အဆိုပါ မြစ်သားမြို့နယ်အတွင်း ရေကြီးရေလျှံမှုမဖြစ်ပေါ်မီ သက်ဆိုင်ရာတာဝန်ရှိသူများက အသိပေးတိုက်တွန်းနှိုးဆော်ခြင်းများ၊ ကူညီရွှေ့ပြောင်းပေးခြင်းများကို အချိန်မီဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ရေဘေးကြောင့်ဒေသခံပြည်သူများ ထိခိုက်သေဆုံးဒဏ်ရာရရှိမှုမရှိကြောင်း သိရှိရသည်။

လက်ရှိဖြစ်ပေါ်နေသော မိုးလေဝသအခြေအနေများအရ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင်နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်း ရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတိပေးနှိုးဆော်ထားပြီး ပြည်သူများအနေဖြင့် မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ်လေ့လာဖတ်ရှု၍ သတိပြုနေထိုင်ကြပါရန် အသိပေးအပ်ပါသည်။ (၁၀၀)

# ရေဘေးဒဏ်ခံစားရသောဒေသများအတွက် အလှူရှင်များက ဆန်အိတ်များလှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၃**

တောင်တရုတ်ပင်လယ်တွင်ဖြစ်ပွားခဲ့သောရာဂိတိုင်ဖွန်းမုန်တိုင်း၏သက်ရောက်မှုကြောင့် ရေဘေးဒဏ်ခံစားရသောဒေသများအတွက် ဆန်အိတ်များပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန(DMC)၌ ယနေ့မွန်းလွဲပိုင်းတွင် ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူခဲ့ပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ (နိုင်ငံခြားရေးဝန်ကြီးဌာန)၏ ညှိနှိုင်းဆက်သွယ်ပေးမှုဖြင့် ကမ္ဘောဒီးယားနိုင်ငံ DV Group စီးပွားရေးလုပ်ငန်းရှင်ဦးဝမ်ကျားဟွာ(ခ)ဦးမြင့်ဆွေက ငွေကျပ်သိန်း၂၀၀၀ တန်ဖိုးရှိ ဆန်တန်ချိန် ၁၀၀ နှင့်ညီမျှသည့် ဆန်အိတ်ပေါင်း ၄၀၀၀ နှင့် Senachy Cooperation Co.,Ltd. မှ CHEIN CHWIN က ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ ဆန်တန်ချိန် ၁၀ တန်နှင့်ညီမျှသည့် ဆန်အိတ်ပေါင်း ၄၀၀ စုစုပေါင်း ဆန် ၄၄၀၀ အိတ်တို့ကို လှူဒါန်းခြင်းဖြစ်၍ အလှူရှင်များကိုယ်စား နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပြီး ရေဘေးသင့်ဒေသများသို့ အမြန်ဆုံးခွဲဝေပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# နိုင်ငံပိုင်ဘဏ်များအပါအဝင် ပုဂ္ဂလိကဘဏ် ၁၅ ဘဏ်နှင့် ချေးငွေဆိုင်ရာလုပ်ငန်းတို့အကြား ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ပြင်ဆင်ချမှတ်ခဲ့သည့် စီးပွားရေးဦးတည်ချက်များနှင့်အညီ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ (MSME) ဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံတော်မှ ငွေကျပ် ၁၅၀ ဘီလီယံ မတည်ပြီး သက်သာသောအတိုးနှုန်းဖြင့် ချေးငွေများအား Participating Financial Institutions (PFI) ဘဏ်များမှတစ်ဆင့်စနစ်တကျထုတ်ချေးနိုင်ရေးအတွက် ငွေရေးကြေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့်အဖွဲ့အစည်းများအဖြစ် နိုင်ငံပိုင်ဘဏ်များဖြစ်ကြသည့် မြန်မာ့စီးပွားရေးဘဏ်နှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တို့အပါအဝင် ပုဂ္ဂလိကဘဏ် ၁၅ ဘဏ်နှင့် ချေးငွေဆိုင်ရာ လုပ်ငန်းအဖွဲ့တို့အကြား ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်များ လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)၌ ကျင်းပသည်။

အခမ်းအနားသို့ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ ဒုတိယဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်နှင့်အဖွဲ့ဝင်များ၊ ချေးငွေဆိုင်ရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘဏ်များအသင်းဥက္ကဋ္ဌနှင့် PFI ဘဏ်များမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ဦးစွာ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့်



ဒုတိယဥက္ကဋ္ဌတို့က အဖွင့်အမှာစကားများ ပြောကြားကြသည်။ ဆက်လက်၍ ချေးငွေဆိုင်ရာလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူးနှင့် PFI ဘဏ်များမှ တာဝန်ရှိပုဂ္ဂိုလ်များက ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့၏ရှေ့မှောက်တွင် ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ် (Participation Agreement) များ၌ လက်မှတ်ရေးထိုးကြသည်။

ထို့နောက် နိုင်ငံပိုင်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များမှ တာဝန်ရှိသူများက ချေးငွေထုတ်ချေးခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၊ ချေးငွေအဆိုပြုလွှာ၊ တင်ပြရမည့်အထောက်အထားများနှင့် ချေးငွေထုတ်ချေးမည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့ကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာသူများ၏ ဆွေးနွေးမေးမြန်းချက်များကို သက်ဆိုင်ရာတာဝန်ရှိ ပုဂ္ဂိုလ်များက ပြန်လည်ဖြေကြားကြသည်။

အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်မှကျပ် ဘီလီယံ ၁၇၀ ကို MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေတွင် ထည့်သွင်းထားရှိပြီး အဆိုပါရန်ပုံငွေမှ ငွေကျပ်ဘီလီယံ ၁၅၀ ကို MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ချေးငွေထုတ်ချေးနိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သတင်းစဉ်)

# ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံး (UNHCR) ၏ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး Ms.Hai Kyung Jun ကို ဒုတိယဝန်ကြီး ဦးစိုးကြည် လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး Ms. Hai Kyung Jun ဦးဆောင်သောအဖွဲ့ကို ယနေ့နံနက် ၁၁ နာရီခွဲတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် UNHCR အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး၏ ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့သို့သွားရောက်ခဲ့သည့်ခရီးစဉ်အတွင်း တွေ့ရှိချက်များ၊ လတ်တလော ရေကြီးရေလျှံမှုများကြောင့် ရေဘေးသင့်သူများအတွက် နိုင်ငံတော်နှင့် ဝန်ကြီးဌာနမှ ကူညီထောက်ပံ့ပေးလျက်ရှိမှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ ဝန်ကြီးဌာနနှင့် UNHCR တို့အကြား နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ရေးဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

# ပဲခူးတိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**ပဲခူး အောက်တိုဘာ ၃**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ ယမန်နေ့ မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်၍ တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တောင်ငူခရိုင်တွင် စစ်တောင်းမြစ်ရေများ ပြန်လည်ကျဆင်းနေပြီဖြစ်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဘက်ပေါင်းစုံမှ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုများကြောင့် ယာယီပိတ်ထားခဲ့ရသည့် ကျောင်းများ ပြန်လည်ဖွင့်လှစ်သင်ကြားနေပြီဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ထိခိုက်/ပျက်စီးခဲ့သည့် စာရင်းဇယားများကောက်ခံရာတွင် အောက်ခြေကွင်းဆင်း၍ မှန်ကန်သည့်အချက်အလက်များဖြစ်စေရန်အထူးအလေးထားဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများက ကော်မတီအလိုက် တောင်ငူခရိုင် ရေကြီးရေလျှံမှုဖြစ်စဉ်အတွင်း ဆောင်ရွက်ပေးခဲ့သည့် ကူညီကယ်ဆယ်ရေး၊ ဘဏ္ဍာငွေရှာဖွေရေး၊ ရေဘေးသင့်ပြည်သူများ နေထိုင်စားသောက်ရေး၊ ကျန်းမာရေးဆိုင်ရာ အခြေအနေများနှင့်ပြန်လည်ထူထောင်ရေးဆိုင်ရာလုပ်ငန်းစဉ်များအပေါ် အသီးသီးအကြံပြုတင်ပြဆွေးနွေးခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

(၄၀၁)၊ တင်စိုး(ပဲခူး)

၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာသဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့

INTERNATIONAL DAY FOR DISASTER RISK REDUCTION (2024)

**“အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့၊ မျိုးဆက်သစ်တို့စွမ်းအား မြှင့်တင်စို့”**

**“Empowering the next generation for a resilient future”**

**အောက်တိုဘာလ (၁၃) ရက်**




# လေပွေလှိုင်းများ၊ လေဖိအားနည်းဆဲလ်၏အရှိန်ကြောင့် အောက်တိုဘာလ ၆ ရက်အတွင်း နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများဖြစ်ပေါ်နိုင်


**နေပြည်တော် အောက်တိုဘာ ၃**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များဖြစ်ထွန်းမှုအားကောင်းခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အရှေ့တောင်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်၏အရှိန်ကြောင့်လည်းကောင်း၊ အရှေ့ဘက်မှ ရွေ့လျားလာသော တိမ်တိုက်များကြောင့်လည်းကောင်း ယနေ့ညမှ အောက်တိုဘာလ ၆ ရက်အတွင်း စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့်နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်ကာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာနိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတိပေးနှိုးဆော်အပ်ပါသည်။

(၅၀၀)

**မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၊ WRF မော်ဒယ်လ်၏ ၃-၁၀-၂၀၂၄ ရက်နေ့ မြန်မာစံတော်ချိန် (၀၆:၃၀)နာရီအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ၄-၁၀-၂၀၂၄ မှ ၆-၁၀-၂၀၂၄ ရက်နေ့အထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**




**■ ရှေ့ဖုံးမှအဆက်**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက် မိုးကြီးခြင်း၊ နေရာကွက်၍ မိုးကြီးခြင်းများနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက် ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**



**၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်**


၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| တမူး | (၄.၈၀)လက်မ |
| စစ်တွေ | (၄.၆၁)လက်မ |
| ကျိုင်းတုံ | (၃.၁၁)လက်မ |
| ပန်းတနော် | (၂.၉၄)လက်မ |
| ချောင်းဆုံ | (၂.၉၄)လက်မ |
| ညောင်တုန်း | (၂.၅၅)လက်မ |
| ဘီးလင်း | (၂.၅၅)လက်မ |
| ကျောက်ဖြူ | (၂.၅၂)လက်မ |
| သထုံ | (၂.၃၃)လက်မ |
| ပေါင် | (၂.၂၈)လက်မ |
| ဓနုဖြူ | (၂.၂၀)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၂ | ၂၉ |
| ရှမ်း(မြောက်) | ၂၂ | ၂၆ |
| ရှမ်း(အရှေ့) | ၂၁ | ၂၉ |
| ရှမ်း(တောင်) | ၁၉ | ၂၇ |
| ချင်း | ၁၁ | ၂၀ |
| စစ်ကိုင်း(အထက်) | ၂၁ | ၂၉ |
| စစ်ကိုင်း(အောက်) | ၂၅ | ၃၃ |
| နေပြည်တော် | ၂၄ | ၃၃ |
| မန္တလေး | ၂၅ | ၃၂ |
| မကွေး | ၂၅ | ၃၂ |
| ရခိုင် | ၂၄ | ၂၉ |
| ပဲခူး | ၂၄ | ၃၁ |
| ရန်ကုန် | ၂၅ | ၃၁ |
| ဧရာဝတီ | ၂၄ | ၃၀ |
| ကယား | ၂၄ | ၃၃ |
| ကရင် | ၂၅ | ၃၁ |
| မွန် | ၂၄ | ၃၀ |
| တနင်္သာရီ | ၂၄ | ၃၃ |

# မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီး ပြိုင်ပွဲဝင်များအား ဂုဏ်ပြုငွေပေးအပ်ခြင်း အခမ်းအနားကျင်းပ




**တောင်ကြီး အောက်တိုဘာ ၃**

၂၀၂၄ ခုနှစ် (၂၅) ကြိမ်မြောက် ငွေရတု အထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ဗဟိုအဆင့်) သို့ ကယားပြည်နယ် ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအား ဂုဏ်ပြုငွေပေးအပ်ခြင်းအခမ်းအနားကို အောက်တိုဘာလ ၂ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း)တောင်ကြီးမြို့ မင်္ဂလာဦးရပ်ကွက်ရှိ တောင်ကြီးပညာရေးဒီဂရီကောလိပ် ကမ္ဘောဇဆောင်အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်အစိုးရအဖွဲ့ဝင်စီးပွားရေးရာဝန်ကြီးဦးစိန်ဦးက ယခုနှစ်တွင် ကယားပြည်နယ်အနေဖြင့် ဘာသာရပ်လေးခုလုံး၌ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲဝင်အင်အား ၁၁၇ ဦး ယှဉ်ပြိုင်မည်ဖြစ်ကြောင်း၊ အဆို ကိုးဦး၊ အက ၆၁ ဦး၊ အရေးတစ်ဦး၊ အတီး ၄၆ ဦးဖြစ်ကြောင်း၊ ယခင်နှစ်က ရွှေသုံးဆု၊ ငွေလေးဆု၊ ကြေးခုနစ်ဆု၊ နှစ်သိမ့်ဆုနှစ်ဆု စုစုပေါင်း ဆုတံဆိပ် ၁၆ ဆုနှင့် အဆင့် ၁၁ နေရာရရှိခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ဆုတံဆိပ်များစွာရရှိအောင် ကြိုးစားကြရန်မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးစိန်ဦးက အောင်နိုင်ရေးအလံအား ပေးအပ်ရာ ပြည်နယ်အောင်နိုင်ရေးကော်မတီအဖွဲ့ခေါင်းဆောင် ဒုတိယညွှန်ကြားရေးမှူး ဦးကျော်မြင့်က လက်ခံရယူပြီး ကယားပြည်နယ်အစိုးရအဖွဲ့မှ (ဗဟိုအဆင့်) ပြိုင်ပွဲ သွားရောက်ရန်အတွက် ထောက်ပံ့ငွေကျပ် ၅၀၇ သိန်းအား ကယားပြည်နယ်စီးပွားရေးရာဝန်ကြီးကပေးအပ်ရာ ဒုတိယအဖွဲ့ခေါင်းဆောင်ဒေါ်မြင့်မြင့်သန်းနှင့် ကထိက ဒေါ်သီတာညွန့်မောင်တို့က လက်ခံရယူသည်။

ဆက်လက်၍ ပြည်နယ်အစိုးရအဖွဲ့မှ ပြိုင်ပွဲဝင်များအတွက် ဂုဏ်ပြုငွေကျပ် ၉၅ သိန်းအား စီးပွားရေးရာဝန်ကြီးက ပေးအပ်ရာ ပြိုင်ပွဲဝင်နှစ်ဦးက လက်ခံရယူကြောင်း သိရသည်။

(၄၀၅)

# ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ဆောင်ရွက်မှုအခြေအနေ ကြည့်ရှုစစ်ဆေး

**ညောင်လေးပင် အောက်တိုဘာ ၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တော်ပသီကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ရေးလုပ်ငန်းစီမံကိန်း(RBF)ဖြင့် မိသားစုဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို အောက်တိုဘာလ ၂ ရက်တွင် တာဝန်ရှိသူများကကွင်းဆင်းစစ်ဆေးကြောင်းသိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ညောင်လေးပင်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူးဦးဆက်နိုင်ထွန်း၊ မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်အောင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက တော်ပသီကျေးရွာ RBF စီမံကိန်းလုပ်ငန်းအဖွဲ့နှင့်တွေ့ဆုံ၍ စီမံကိန်းရန်ပုံငွေဖြင့် ဆောင်ရွက်သော အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့၏ ဝက်၊ နွားမွေးမြူရေးလုပ်ငန်းများဆောင်ရွက်မှု အခြေအနေကို မြေပြင်ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက မွေးမြူထားသော ဝက်၊ နွားများကို ရောဂါပိုးမွှားကူးစက်မှုကင်းဝေးအောင် မွေးမြူရေးခြံအတွင်း၊အပြင် သန့်ရှင်းရေးကို နေ့စဉ်မပျက်မကွက် ပုံမှန်ဆောင်ရွက်ကြရန်၊ လေဝင်/လေထွက်ကောင်းမွန်ရေး၊ ပတ်ဝန်းကျင်အနံ့ဆိုးမထွက်ရှိရေးမွေးမြူရေးစံသတ်မှတ်ချက်များနှင့်အညီ အလေးထားလိုက်နာဂရုပြုဆောင်ရွက်ရန်နှင့် မွေးမြူရေးအစာ၊ ဆေးဝါးများကိုစနစ်တကျစိစစ်စစ်ဆေးကျွေးမွေးရန် မှာကြားသည်။

တော်ပသီကျေးရွာ၌ RBF စီမံကိန်းကို ယခုဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခြင်းဖြစ်ပြီး မွေးမြူရေးလုပ်ငန်းဆောင်ရွက်သည့် အသက်မွေးဝမ်းကျောင်းအဖွဲ့ အစုအဖွဲ့လေးဖွဲ့အား တစ်ဖွဲ့လျှင်ရန်ပုံငွေကျပ် ၇၅ သိန်းစီ စုစုပေါင်းရန်ပုံငွေကျပ်သိန်း ၃၀၀ ကို ပထမအကြိမ်ထုတ်ချေးပေးထားကြောင်း သိရသည်။ **မောင်ခိုင်**

# သန်းခေါင်စာရင်းကောက်ယူဖို့ ပြည်သူအားလုံးပါဝင်ကူညီစို့

❖ နိုင်ငံ့အင်အား၊ ပြည်သူများနှင့်
တိုးပွားလျက်စဉ်၊ တိုင်းပြည်ခွင်တွင်
ရွာစဉ်(စွန်)ရွာဖျား၊ မြို့တိုင်းခြားလည်း
သွားရောက်ကောက်ယူ၊ စာရင်းဟူသမျှ
မတူညီမှု၊ တူညီပြုစု
တုပနိုင်းယှဉ်၊ စာရင်းတွင်မူ
မှန်ပင်ရေတွက် တိုင်းပြည်အသက်။

❖ သန်းခေါင်စာရင်း၊ ကောက်ယူခြင်းသည်
တိုင်းချင်းပြည်ရွာ၊ တိုးတက်သာအောင်
အိမ်ရာအခြေခံ၊ လူဦးရေမှန်ကို
ထုတ်ပြန်ရလဒ်၊ စဉ်သတ်မှတ်၍
ကဲဖြတ်ရည်ရွယ်၊ စီးပွားနယ်ပယ်
သွယ်သွယ်လူမှု၊ ဘာသာစုနှင့်
သုတပညာ၊ အိမ်ရာရည်သွေး
မွေးဖွားထိမ်းမြား၊ လုပ်သားအားတွေ
ကျားမနှိုင်းယှဉ်၊ မြို့ရွာစဉ်တွင်
ကောက်လျှင်လေးထား တို့ခွန်အား။

❖ သုံးဆယ်စက်တင်၊ သတ်မှတ်လျှင်ပင်
ကြည်လင်နေ့ထံ၊ သန်းခေါင်ယံချိန်
မှန်ကန်မြတ်နိုး၊ ပြည်လုံးကျိုးဆောင်
သယ်ပိုးတို့ပြည်၊ အောင်ရမည်ဟု
ပေါင်းတည်ဟန်ချက်၊ ပြည်သူလက်နှင့်
တွဲလျက်ကြပေ တို့ပြည်သူတွေ
ညီညွတ်ကြမလေ တို့သဟာတွေ။ ။

**မောင်သန်းညွန့်(မြစ်ခြေ)**

# တောင်သူစိုက်ပျိုးနည်းပညာပေးသင်တန်းဖွင့်လှစ်ပို့ချ

**မင်းဘူး အောက်တိုဘာ ၃**

မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ် ဥယျာဉ်ဇင် ကျေးရွာအုပ်စု သိမ်ကုန်းနည်းပညာ ပြန့်ပွားရေးစင်တာဝင်းအတွင်းရှိ စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ တောင်သူစိုက်ပျိုးနည်းပညာပေး သင်တန်းကို အောက်တိုဘာလ ၂ ရက်တွင် ဖွင့်လှစ်သင်ကြားပို့ချပေးကြောင်း သိရသည်။

ရှေးဦးစွာ မင်းဘူးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက သင်တန်းဖွင့်အမှာစကားပြောကြားပြီး မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းဇော်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မြင်တို့က သင်တန်းသားများအတွက် သင်ခန်းစာပို့ချချက်မှတ်စုများနှင့် သင်ထောက်ကူစာရေးကိရိယာများ ထောက်ပံ့ပေးအပ်သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်ဖွင့်လှစ်သည့် တောင်သူစိုက်ပျိုးနည်းပညာပေး ရက်တိုသင်တန်းတွင် မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၃ အုပ်စုမှ ဆီထွက်သီးနှံနေကြာစိုက် အကျိုးဆောင်တောင်သူ ၃၀ ဦး၊ ချည်မျှင်ရှည်ဝါသီးနှံတိုးချဲ့စိုက်အကျိုးဆောင်တောင်သူ ၃၀ ဦး စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ ၆၀ ဦး တက်ရောက်ကြောင်း၊ အဆိုပါသင်တန်းတွင် ဒေသတွင်းစားသုံးဆီဖူလုံစေရန် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေးနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သီးနှံသက်တမ်းအလိုက် လိုက်နာဆောင်ရွက်ရမည့် နည်းစနစ်များ၊ မြေဆီလွှာကျန်းမာသန်စွမ်းဖွံ့ဖြိုးတိုးတက်စေရန် သဘာဝမြေဩဇာများ ပြုလုပ်သုံးစွဲနည်းနှင့် ဓာတ်မြေဩဇာများ စနစ်တကျသုံးစွဲရေး၊ သီးနှံစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်များကို စနစ်တကျရွေးချယ်သုံးစွဲစိုက်ပျိုးရေး၊ အထွက်နှုန်းပိုမိုရရှိရေး၊ သီးနှံများ၏ အရည်အချင်းလက္ခဏာများ၊ သီးနှံများတွင် ကျရောက်တတ်သည့် ရောဂါပိုးမွှားများအကြောင်းနှင့် ရောဂါပိုးမွှားအန္တရာယ်ကြိုတင်ကာကွယ်နှိမ်နင်းရေး ဆောင်ရွက်ရမည့်အချက်များ၊ သစ်စိမ်းမြေဩဇာကို ပြုလုပ်သုံးစွဲစိုက်ပျိုးခြင်းဖြင့် မြေဆီလွှာဖွံ့ဖြိုးတိုးတက်ပြီး သီးနှံအထွက်နှုန်းတိုးတက်ခြင်းနည်းပညာများ စသည့် အကြောင်းအရာများကို ကျွမ်းကျင်နည်းပြများက စာတွေ့၊ စိုက်ကွင်းလက်တွေ့ ဘာသာရပ်များဖြင့် နှစ်ရက်ကြာဖွင့်လှစ်သင်ကြားပို့ချပေးလျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



**မောင်မောင်(မင်းဘူး)**

# ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံများ ကြံ့ခိုင်မှုကောင်းမွန်လျက်ရှိပြီး စိုးရိမ်ရန်မရှိ

နေပြည်တော် အောက်တိုဘာ ၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနက ပြည်ထောင်စုနယ်မြေ နေပြည်တော်တွင် ထိန်းသိမ်းထားသော ရေလှောင်တမံနှင့် ရေထိန်းတမံ စုစုပေါင်း ၁၂ ခုရှိရာ အောက်တိုဘာလ ၃ ရက်၌ ပေါင်းလောင်းရေလှောင်တမံတွင် ၄ ဒသမ ၁၀ ပေ ကန်ရေပြည့်အမှတ်အထက် ကျော်လွန်၍ ရေပိုလွှဲမှ ရေကျော်စီးဆင်းနေပြီး ယခင်နေ့နှင့် နှိုင်းယှဉ်ပါက ရေကျော်စီးဆင်းမှုအခြေအနေမှာ သုညဒသမ ၈၂ ပေ တိုးလာခြင်းဖြစ်သည်။

အဆိုပါ ရေလှောင်တမံများ၏ ကြံ့ခိုင်မှုအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး တာဝန်ကျဝန်ထမ်းများအား ၂၄ နာရီ ရေကင်းတာဝန်ချထား၍ အနီးကပ်စောင့်ကြပ်စစ်ဆေးလျက်ရှိကြောင်းနှင့်စိုးရိမ်ရန်မရှိကြောင်း သိရသည်။

(သတင်းစဉ်)

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ရက်စွဲ - ၃.၁၀.၂၀၂၄

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

(၆ : ၀၀) နာရီ

အကြောင်းအရာ ။ ။ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်လက်အောက်ရှိ ရေလှောင်တမံများ၏ ရေမှတ်များပေးပို့ခြင်း။

| စဉ် | ရေလှောင်တမံအမည် | ကန်ရေပြည့် | | ကန်ရေသေ | | (၃.၁၀.၂၀၂၄)နေ့ရှိ | | | ယနေ့ထုတ်လွှတ်သည့် ရေပမာဏ (ဧကပေ) | ကန်ရေပြည့်ရန် လိုအပ်သည့် | | ကန်ရေပြည့်ပြီး | | မိုးရေချိန် (လက်မ) | ယခင်နေ့ ရေမှတ် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ရေမှတ် (ပေ) | သိုလှောင်ရေပမာဏ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ရေပမာဏ (ဧကပေ) | ဝင်ရေ (ဧကပေ) | ရေမှတ် (ပေ) | သိုလှောင်ပမာဏ (ဧကပေ) | | ရေအနက် (ပေ) | သိုလှောင်ပမာဏ (ဧကပေ) | အမြင့် (ပေ) | ပိုလျှံရေပမာဏ (ဧကပေ) | | |
| ၁ | ပေါင်းလောင်းတမံ | ၆၂၃.၃၉ | ၅၄၉၄၂၀ | ၅၄၁.၃၆ | ၂၇၃၆၆၀ | ၄၂၁၀၂ | ၆၂၇.၄၉ | ၅၆၆၉၅၄ | ၁၅၇၆၈ (လျှပ်စစ်ထုတ်ရေ) | - | - | ၄.၁၀ | ၂၃၀၀၂ | ၀.၄၄ | ၆၂၆.၆၇ |
| ၂ | မဒန်းတမံ | ၆၃၅.၀၀ | ၃၆၅၀၀ | ၅၉၀.၀၀ | ၅၂၀၀ | ၁၃ | ၆၂၆.၇၀ | ၂၇၈၉၇ | - | ၈.၃၀ | ၈၆၀၃ | - | - | ၀.၂၀ | ၆၂၆.၇၀ |
| ၃ | ချောင်းမငယ်တမံ | ၅၂၀.၀၀ | ၉၁၇၇၀ | ၄၈၀.၀၀ | ၁၅၃၀၀ | ၃၇၄ | ၅၁၈.၉၀ | ၈၈၇၆၇ | ၁၉၈ | ၁.၁၀ | ၃၀၀၃ | - | - | ၀.၂၁ | ၅၁၈.၈၅ |
| ၄ | ဖောင်းလောင်တမံ | ၅၁၂.၀၀ | ၁၂၂၅၇ | ၄၉၀.၅၀ | ၂၅၄၀ | - | ၅၁၀.၀၅ | ၁၀၇၅၀ | ၇ | ၁.၉၅ | ၁၅၀၇ | - | - | ၀.၀၂ | ၅၁၀.၁၅ |
| ၅ | ရေဆင်းတမံ | ၄၃၉.၀၀ | ၇၃၀၀၀ | ၃၆၈.၄၀ | ၁၀၄၀ | ၄၉၆ | ၄၃၈.၀၀ | ၇၀၀၀၀ | ၂၅ | ၁.၀၀ | ၃၀၀၀ | - | - | ၀.၆၄ | ၄၃၇.၉၀ |
| ၆ | ငလိုက်တမံ | ၅၃၅.၀၀ | ၇၅၀၀၀ | ၅၀၆.၀၀ | ၁၂၉၅၀ | ၁၃ | ၅၃၄.၉၅ | ၇၄၇၉၉ | - | ၀.၀၅ | ၂၀၁ | - | - | - | ၅၃၅.၀၀ |
| ၇ | သဲဖြူတမံ | ၄၁၈.၀၀ | ၈၇၁၈ | ၃၉၀.၀၀ | ၆၈၇ | ၂ | ၄၁၆.၅၃ | ၇၈၈၈ | - | ၁.၄၇ | ၈၃၀ | - | - | - | ၄၁၆.၅၆ |
| ၈ | ဆင်သေတမံ | ၇၁၀.၀၀ | ၁၄၃၀၉၀ | ၆၇၄.၀၀ | ၁၇၃၀၃ | ၁၆၇၇ | ၇၀၃.၁၀ | ၁၀၅၂၃၀ | ၂ | ၆.၉၀ | ၃၇၈၆၀ | - | - | ၀.၂၄ | ၇၀၂.၈၀ |
| ၉ | ကင်းသာရေထိန်းတမံ | ၅၅၈.၅၀ | ၇၂ | ၅၄၅.၀၀ | ၈ | | | | | ရေတိုက်စား | | | | ၀.၄၇ | |
| ၁၀ | မုန်ရေထိန်းတမံ | ၆၀၂.၀၀ | ၅၀၀ | ၅၉၂.၀၀ | ၂၂၅ | ၂၆ | ၆၀၁.၉၀ | ၄၉၅ | - | ၀.၁၀ | ၅ | - | - | ၀.၃၇ | ၆၀၁.၉၀ |
| ၁၁ | မြို့လှတမံ | ၈၇၀.၀၀ | ၁၄၆၀၀ | ၈၅၀.၀၀ | ၄၅၂၀ | ၂ | ၈၆၄.၃၀ | ၁၀၅၈၉ | - | ၅.၇၀ | ၄၀၁၁ | - | - | ၀.၂၈ | ၈၆၄.၅၀ |
| ၁၂ | တောက်ပြိုတမံ | ၆၇၉.၀၀ | ၂၄၉၁ | ၆၅၉.၀၀ | ၄၇၅ | ၁ | ၆၇၄.၀၀ | ၁၈၃၈ | - | ၅.၀၀ | ၆၅၃ | - | - | - | ၆၇၄.၀၀ |

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့်သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်းဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး (နေပြည်တော်)
(၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
(၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
(၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS)၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
(၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
(၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
(၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
(၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
(၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS) ၀၉- ၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
(၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
(၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
(၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
(၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
(၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
(၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့်တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက

**အငြိမ်းစားပညာရေးဝန်ထမ်းတစ်ဦး**



**စည်းကမ်းဆိုသည်မှာ လေးနက် နက်ရှိုင်းလွန်းပါသည်။ စည်းကမ်းရှိပြီး စည်းကမ်းတန်ဖိုးကို နားလည်ဖို့၊ စည်းကမ်းတကျ လုပ်ဆောင်တတ်ရန်၊ စည်းစနစ်တကျ လေ့လာ၊ သင်ယူ၊ ဆုံးမနာယူတတ်ရန်ဆိုသည်လည်း အင်မတန်ခက်ခဲပါသည်။ “အကွပ်မဲ့ကြမ်း ပရမ်းပတာဖြစ်” ဆိုသည့်အတိုင်း စည်းကမ်းမရှိသည့် ကျောင်းသား၊ ကျောင်းသူများ၏ဘဝ ရေစုန်မျောသွားနိုင်ပါသည်။ အစကောင်းမှအနှောင်းသေချာမည်ဖြစ်သောကြောင့် အခြေခံပညာကျောင်းများကနေစတင်ပြီး စည်းကမ်းနှင့်အညီပြုမူပြောဆိုနေထိုင်တတ်အောင် သင်ကြားပြုစုပေးဖို့ လိုအပ်ပါသည်. . .**

“ အစ်ကိုကြီးရေ ကျွန်မတော့ဖြင့် သိပ်ကိုအားရှိသွားတာပါပဲ၊ အခုလည်း ရေပြန်ကျ၊ မူလအတိုင်းပြန်ဖြစ်ပြီမို့ ကလေးကို ရွာပြန်ခေါ်သွားတော့မယ်နော်” ဟု အထက်ပါစကားကိုဆိုလာသူကား ကျွန်တော့်ညီမအရင်းမစန္ဒာဖြစ်သည်။ ဆိုရသည့်အကြောင်းရင်းမှာ ဆင်သေချောင်းဘေးရှိ သူတို့ ရွာလေးရေဘေးသင့်မှုကစ၏။ အားလုံးသိပြီးသည့်အတိုင်း ယခုနှစ် စက်တင်ဘာလ လဆန်းပိုင်းတွင်ဖြစ်ပေါ်ခဲ့သည့် ထင်မှတ်မထားသည့်ရေဘေးဒုက္ခကို ရှမ်းပြည်နယ်ဘက်မှာရော နေပြည်တော်တပ်ကုန်းတစ်ဝိုက်က ဒေသခံပြည်သူများပါ တနင့်တပိုးခံစားခဲ့ရသည်။ ကျွန်တော့်ညီမမိသားစုနှင့် သူတို့ရွာလေးလည်းမလွတ်ခဲ့ပေ။ ရေတက်တဲ့ညမှာပင် မိသားစုလိုက် ကျွန်တော်နေထိုင်ရာရပ်ကွက်ကို ရောက်လာကြပါသည်။ ကျွန်တော်တို့ရပ်ကွက်က ချောင်းနှင့်ဝေးသည့်အပြင် အမြင့်ပိုင်းကျနေသောကြောင့် ရေဘေးလွတ်ခဲ့ပါသည်။ နိုင်ငံတော်အကြီးအကဲက “ရေဘေးသင့်ပြည်သူတွေကို ကိုယ်တိုင်လာရောက်တွေ့ဆုံပြီး အားပေးစကားပြောတယ်၊ အခုလိုရေဘေးသင့်တာဟာ ချောင်းအနီးအနားမှာရှိတဲ့ ရွာတွေ၊ မြို့ပေါ်ရပ်ကွက်က ပြည်သူတွေ ထိခိုက်နစ်နာရသလို လမ်းတံတား၊ လျှပ်စစ်မီးတိုင်တွေ၊ အခြေခံအဆောက်အဦတွေကို ထိခိုက်တဲ့အတွက်လည်း နိုင်ငံတော်အတွက်ပါ ထိခိုက်ရတယ်ဆိုတဲ့အကြောင်း၊ ဒါတွေအားလုံးအတွက် မူလအခြေအနေအတိုင်းပြန်ဖြစ်အောင် ကူညီပေးမယ့်အကြောင်းနဲ့ နောက်ပြီး ကလေးတွေကို ကျောင်းစာသင်ခန်းထဲ အမြန်ပြန်သွားနိုင်ဖို့ စီစဉ်နေတဲ့အကြောင်း၊ ကလေးတွေကို ကျောင်းပြန်တက်နိုင်အောင် မိဘတွေက စေလွှတ်ပေးဖို့နဲ့ ပညာတတ်မှ သူတို့ဘဝရှေ့ရေးကို အထောက်အကူပြုနိုင်ပြီး နောင်အနာဂတ်မှာ ညီမလေးတို့ထက် သာတဲ့အခြေအနေကိုရောက်မယ်၊ သားသမီးတွေကို ပညာအမွေပေးပြီး အခုထက်သာအောင်လုပ်ပေးတာဟာ မိဘကောင်းပီသပါတယ်လို့ နိုင်ငံတော်အကြီးအကဲက ပြောသွားတယ်”ဟု သူတို့ ရွာလေးရေကျပြီဖြစ်၍ အိမ်မပြန်ခင် ကျွန်တော့်ကို အားရရွှင်လန်းစွာ ပြောသွားသည့် ညီမငယ်၏စကားသံများကြောင့် ပညာရေးလောကမှာ နှစ်ပေါင်း ၄၀ နီးပါး တာဝန်ထမ်းဆောင်ခဲ့သော အငြိမ်းစားဝန်ထမ်းဖြစ်သည့် ကျွန်တော့်အတွက် အတွေးများပွားမိခဲ့ရပါတော့သည်။

တစ်ဆက်တည်းမှာပဲ နိုင်ငံတော်အကြီးအကဲ၏ ပြည်သူများအပေါ် စာနာငဲ့ညှာတဲ့စိတ်နှင့် တိုင်းပြည်အနာဂတ်အတွက် ကြိုတင်မြော်တွေးမှုကိုပါ ညီမလေး၏ စကားများကတစ်ဆင့်သိလိုက်ရပါသည်။ လွန်ခဲ့သည့် ဆယ်စုနှစ်တွေကတည်းက ကမ္ဘာ့နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်ဖို့အတွက် လူသားအရင်းအမြစ် (Human Resources)၏ အရေးပါမှုကို သတိထားမိခဲ့ကြပါသည်။ တကယ်တော့ လူသားအရင်းအမြစ်ဆိုသည်မှာ “ပညာ” အပေါ်မှာအခြေခံတည်ဆောက်ထားသည် ဟူသည့်အချက်ကို ပညာရေးဝန်ထမ်းဖြစ်သည့် ကျွန်တော်အသိဆုံးပင်။ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများသည် မိမိတို့နိုင်ငံ၏ အနာဂတ်အတွက် ပညာရေးရင်းနှီးမြှုပ်နှံမှုများကို အဓိကအလေးထားလုပ်ဆောင်နေကြခြင်းဖြစ်ပါသည်။ ပညာရည်မြင့်မားမှုဆိုတာ နိုင်ငံတစ်ခုဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူပြည်သားတစ်ဦးချင်းစီရဲ့ ကြီးပွားချမ်းသာရေးအတွက် အဓိကသော့ချက်လို့ ဆိုနိုင်တယ်မဟုတ်လား။ ကျွန်တော်တို့ငယ်စဉ်ကတည်းက “အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက” ဆိုသည့်ဆောင်ပုဒ်နှင့်ပင် ကျောင်းသားဘဝရက်စွဲများကို ကျော်ဖြတ်ခဲ့ရသည်။ ကျောင်းသားဘဝကုန်လွန်ပြီး လုပ်ငန်းခွင်ဝင်၊ အဲဒီနောက် အသက်အရွယ်ကြီးရင့် ပင်စင်ယူတဲ့အထိ ဥပဒေနှင့်စည်းမျဉ်းစည်းကမ်းများကို လိုက်နာတတ်သည့် နိုင်ငံ့သားကောင်း တစ်ဦးဖြစ်ခဲ့ရပါသည်။

ကျွန်တော်တို့ မြန်မာမှုနယ်ပယ်တွင် “လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖ” ဆိုတဲ့အတိုင်း ကလေးတိုင်း၏ လက်ဦးဆရာများသည် မိဘများပင်ဖြစ်သည်။ ကျောင်းကိုရောက်လာသည့် ကလေးများ၏ စရိုက်များကိုကြည့်လိုက်သည်နှင့်ထိုကလေးမိဘများ၏ စိတ်နေစိတ်ထား၊ စရိုက်လက္ခဏာများကို ဆရာတိုင်းက ပုံဖော်တတ်ကြပါသည်။ မိဘများက သားသမီးများကို ဦးဆုံးသင်ကြားပေးတဲ့သူများပင်။ ဖေဖေ၊ မေမေဆိုတဲ့နာမ်စားကိုပထမဆုံးစသင်ပါသည်။ ပြီးမှသာ ကိုယ်ဆန္ဒရှိရာကို ဆက်သင်ကြပါသည်။ အဲဒီမှာ စတင်စကားပြောပါသည်။ ကောင်းတာသင်မှာလား၊ ဆိုးတာသင်မှာလားဟူ၍။ တကယ်ဆို သားသမီးများကို ငယ်စဉ်ကတည်းက စည်းကမ်းရှိအောင် ဦးစွာ သွန်သင်ဆုံးမပေးရမယ့်တာဝန်က လက်ဦးဆရာဖြစ်သော မိဘများပင်ဖြစ်သည်။ ထိုသို့ပြောခြင်းသည် ကျောင်းဆရာများတွင် တာဝန်မရှိဟုဆိုလိုချင်တာမဟုတ်ပေ။ မိဘများက မွေးဖွားပြီးလို့ စကားပြောတတ်အောင်သင်ပြီးမှ ကလေးများက ကျောင်းကိုရောက်လာကြရသည်။ ကျောင်းကို ရောက်လာပြီးနောက်ပိုင်း စာတတ်အောင်၊ စဉ်းစားချင့်ချိန်တတ်အောင် သင်ကြားပြုစုပေးရသည်က ဆရာများရဲ့တာဝန်ပင်။ ထို့ကြောင့် ဆရာများသည် ကျောင်းသား၊ ကျောင်းသူများအတွက် ဒုတိယမိဘများပင်ဖြစ်သည်ဟု ဆိုချင်ပါသည်။ သို့သော် ယနေ့အချိန်အခါတွင် မိဘများက မိသားစုစားဝတ်နေရေးဆိုသည့် ခေါင်းစဉ်အောက် စီးပွားဥစ္စာများကို ကြိုးပမ်းရှာဖွေနေချိန်တွင် သားသမီးများအပေါ် ဆုံးမသွန်သင်မှုများလျော့ပါးလာသည်ကိုတွေ့ရပါသည်။ မယုံမရှိပါနဲ့။ စာရေးသူကိုယ်တွေ့ပါ။ မြင်ခဲ့တွေ့ခဲ့ဖူးပါသည်။ ကျောင်းသားများကို ပညာတတ်ဖြစ်စေရုံမက စည်းကမ်းရှိပြီး လိမ္မာရေးခြားရှိသူများဖြစ်လာအောင်သင်ကြားပေးကြရပါသည်။ စည်းကမ်းရှိသည့် ကျောင်းသား၊ ကျောင်းသူများ ဖြစ်စေရန် ပုံသွင်းပေးရန်မှာ ဆရာများ၏တာဝန်ဆိုလည်းမမှားပေ။ လက်ဦးဆရာဖြစ်သော မိဘများကိုယ်တိုင်က အသိတရားရှိပြီး ခံယူချက်ကောင်းကြရန် လိုတယ်ဆိုတာကို ကျွန်တော့်လုပ်သက်ကနေ အတွေ့အကြုံရရှိခဲ့ပါသည်။

စည်းကမ်းဆိုသည်မှာ လေးနက် နက်ရှိုင်းလွန်းပါသည်။ စည်းကမ်းရှိပြီး စည်းကမ်းတန်ဖိုးကို နားလည်ဖို့၊ စည်းကမ်းတကျ လုပ်ဆောင်တတ်ရန်၊ စည်းစနစ်တကျ လေ့လာ၊ သင်ယူ၊ ဆုံးမနာယူတတ်ရန်ဆိုသည်လည်း အင်မတန်ခက်ခဲပါသည်။ “အကွပ်မဲ့ကြမ်း ပရမ်းပတာဖြစ်” ဆိုသည့်အတိုင်း စည်းကမ်းမရှိသည့် ကျောင်းသား၊ ကျောင်းသူများ၏ဘဝ ရေစုန်မျောသွားနိုင်ပါသည်။ အစကောင်းမှ အနှောင်းသေချာမည်ဖြစ်သောကြောင့် အခြေခံပညာကျောင်းများကနေ စတင်ပြီး စည်းကမ်းနှင့်အညီ ပြုမူပြောဆိုနေထိုင်တတ်အောင် သင်ကြားပြုစုပေးဖို့ လိုအပ်ပါသည်။ ထို့ကြောင့် ကလေးများ၏ ပညာရေးမှာ ဆရာများ၏အခန်းကဏ္ဍက အခရာကျကြောင်း ဆိုရခြင်းဖြစ်သည်။ ကျောင်းနေအရွယ်ကလေးများကို နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်လာစေရန် ပြုစုပျိုးထောင်ပေးရမည်မှာ ဆရာများ၏ တာဝန်သာဖြစ်သည်ဟု ကျွန်တော်ခံယူပါသည်။ နိုင်ငံအတွက် အရေးကြီးလှသော အမျိုးသားရေးစိတ်ဓာတ်ကောင်းများကို ကျောင်းနေအရွယ်ကတည်းက ကိန်းအောင်းနေအောင် ပြုစုလေ့ကျင့်ပျိုးထောင်ပေးမှသာ ကလေးများကြီးပြင်းလာသည့်အခါ နိုင်ငံတော်အတွက် အားကိုးအားထားပြုနိုင်သည့် နိုင်ငံ့သားကောင်းများ ဖြစ်လာကြမှာမလွဲပင်။ ကျောင်းဆရာဖြစ်ခဲ့သည့် ကျွန်တော်က ဒီလိုဖြစ်စဉ်တွေကို အများဆုံးမြင်တွေ့ခဲ့ရပါသည်။ ထို့ကြောင့် မိဘတိုင်းသည် မိမိတို့သားသမီးရှေ့ရေးအတွက် ကျောင်းကိုရောက်အောင်ပို့ရပါမည်။ ကျောင်းကိုရောက်လာသည့် ကလေးငယ်တိုင်း ကျောင်းပျော်ပြီး ပညာသင်ယူလိုစိတ်ဖြစ်အောင် ကြိုးစားရမှာက ဆရာများ၏ အရည်အချင်းပေါ်မူတည်ပါသည်။ “မိဘ-ဆရာပေါင်း ကလေးပညာရေးကောင်း” ဆိုတဲ့ ဆောင်ပုဒ်ရှိပါသည်။

တကယ်တော့ အသက်လေးနှစ်ကျော်ငါးနှစ်အရွယ်လေးများကို ပန်းပုဆရာဖြစ်သည့် ဆရာများက လိုသလိုပုံစံသွင်း ထုဆစ်နိုင်ပါသည်။ ဆရာကောင်းရင် ကောင်းသလို ဆရာအရည်အချင်းပြည့်ဝမှုပေါ်မူတည်ပြီး ကလေးအနာဂတ်လည်း တောက်ပနိုင်ပါသည်။ အသက်အရွယ်ကြီးလာသည်နှင့်အမျှ ကျောင်းမနေဖူးသူထက် ကျောင်းတက်ခဲ့ဖူးသူက စည်းကမ်းလိုက်နာမှုနှင့် စိတ်ဓာတ်ကောင်းမွန်မှုတို့မှာ ပိုပြီးမြင့်မားကောင်းမွန်တာကို လေ့လာတွေ့ရှိရပါသည်။ ကျောင်းမနေဘဲ ရပ်ထဲရွာထဲမှာပဲနေသည့်အခါ ၎င်းပတ်ဝန်းကျင်ကျဉ်းကျဉ်းနှင့်သာ တွေ့ထိရပါသည်။ ထိုကလေးငယ်၏စိတ်ကလည်း အနီးနားက မြင်နေကျကလေးများနှင့်သာ ရင်းနှီးနေမှာအမှန်ပင်ဖြစ်သည်။ အကယ်၍ ကျောင်းနေမည်ဆိုရင် ကလေးပေါင်းစုံနှင့်ရင်းနှီးမည်။ လူပေါင်းစုံသည့်အတွက် ကလေး၏စိတ်ကလည်း အများကြီးဖွံ့ဖြိုးနိုင်ပါသည်။ အသင်အပြကောင်းသည့် ဆရာ၊ ဆရာမများနှင့်တွေ့မည်၊ ကလေးပေါင်းစုံနှင့်လည်း တွေ့သွားမည်ဆိုရင် စိတ်ကပိုမိုဖွံ့ဖြိုးလာပါလိမ့်မည်။ ထိုအရာများသည် ကျောင်းဆရာဟောင်းတစ်ယောက်၏ ကိုယ်တွေ့အတွေ့အကြုံများပင်ဖြစ်သည်။ ထိုကဲ့သို့ သင်ယူခြင်းအားဖြင့် ကလေးများအတွက် လောကကြီးသည် ကျယ်ပြောသထက် ကျယ်ပြောလာမည်မှာအသေအချာပင်။ စိတ်ဓာတ်နှင့်အတွေးအခေါ်များအားလုံး သိသိသာသာကွဲပြားလာမည်ဖြစ်သောကြောင့် အိမ်မှာနေသည့်ကလေးနှင့် ကျောင်းနေသည့်ကလေးတို့၏ ကွာဟချက်ကို အချိန်ကြာလာတာနဲ့အမျှ တွေ့ရမည်ဖြစ်ပါသည်။

ကျောင်းတက်ပြီဆိုသည်နှင့် သတ်မှတ်ထားသည့်ကျောင်းဝတ်စုံကိုဝတ်ရပါမည်။ အခြား ကျောင်းသား၊ ကျောင်းသူအတန်း

စာမျက်နှာ ၁၂ သို့ ◘

□ စာမျက်နှာ ၁၁ မှအဆက်

ဖော်များနည်းတူ ဘုရားရှိခိုးခြင်း၊ နိုင်ငံတော်သီချင်းသီဆိုခြင်းကအစ ကျောင်းသန့်ရှင်းရေး၊ အားကစားပြိုင်ပွဲများမှာပူးပေါင်းပါဝင်ရပါမည်။ ကျောင်းစည်းကမ်း၊ စာသင်ခန်းစည်းကမ်းများအတိုင်း ဆရာများ၏သွန်သင်ဆုံးမမှု၊ သင်ကြားမှုများအတိုင်းနေရပါမည်။ အကျိုးဆက်ရလဒ်မှာ ကျောင်းနေသည့်ကလေးသည် အများနှင့်နေထိုင်တတ်သွားမည်၊ စုပေါင်း လုပ်ကိုင်သွားတတ်မည်။ ခေါင်းဆောင်တစ်ဦး၏စိတ်ဓာတ်နှင့် ဦးဆောင်နိုင်၊ တာဝန်ယူလိုသည့် စိတ်ဓာတ်များလည်းရရှိသွားမှာအမှန်ပင်။ ထို့ကြောင့် အိမ်မှာသာနေသည့်ကလေးများသည် ထိုသို့အလေ့အကျင့်ကောင်းများမရနိုင်သလို စုပေါင်းစိတ်ဓာတ်၊ စည်းကမ်းတကျနေထိုင်လုပ်ကိုင်တတ်မှု စသည့်အခြေခံကောင်းများနှင့်ဝေးကွာနေကြခြင်းဖြစ်ပါသည်။

ကျောင်းမနေဖူးသူထက် မူလတန်းအဆင့်အထိ တက်ရောက်ဖူးသူ၊ မူလတန်းအဆင့်တက်ဖူးသူထက် အလယ်တန်းအဆင့်အထိ တက်ရောက်ဖူးသူများကစည်းကမ်းပိုင်းနှင့်စိတ်ဓာတ်ပိုင်း ပိုကောင်းကြပါမည်။ အထက်တန်းအဆင့်ပြီးသူ၊ တက္ကသိုလ်အဆင့်ပြီးမြောက်သူများကပို၍ပို၍ ရင့်ကျက်ကောင်းမွန်တတ်ကြပါသည်။ စာသင်ကြားမှုအပိုင်းမှာ မူလတန်း၊ အလယ်တန်း၊ အထက်တန်းဆိုပြီး သတ်မှတ်ထားခြင်းဟာ ကလေးများ၏အသက်အရွယ်၊ ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ အရွယ်ရောက်လာမှုစသည့် အခြေအနေများအပေါ်မူတည်ကာ ခွဲထားခြင်းဖြစ်ပါသည်။ မူလတန်းတွင် “ဝ” လုံးကလေးကို ဝိုင်းဝိုင်းရေးနိုင်အောင်၊ A, B, C, D ရေးနိုင်အောင်သင်ပြကြပါသည်။ ကဗျာတွေ ရွတ်ဆိုခိုင်းကြပါသည်။ အလယ်တန်းရောက်လာသည့်အခါ အဆင့်မြင့်လာပါမည်။ ကလေး၏ စိတ်ပိုင်းနှင့်ဉာဏ်ရည်ဖွံ့ဖြိုးမှုကလည်းမြင့်လာသလို သင်ကြားရသည့်စာများနှင့်ဘာသာရပ်များကလည်း အဆင့်မြင့်လာပါသည်။ အထက်တန်းတွင် ပိုပြီးမြင့်လာပါတော့သည်။ တက္ကသိုလ်ရောက်သည့်အခါတွင် နယ်ပယ်ကပို၍ကျယ်လာပြီးလူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံ အနယ်နယ်အရပ်ရပ်ကရောက်လာကြပြီး ဘာသာရပ်အလိုက် တက်ရောက်သင်ကြားကြပါသည်။ တက္ကသိုလ်ဆိုသည့် အရှိန်အဝါနှင့်အတူ ကျောင်းသား၊ ကျောင်းသူတွေလည်း စည်းကမ်းတကျနေထိုင်ကြရပြီးအတွေးအခေါ်များလည်းစုံလာကြပါသည်။ ကလေးများ ကျောင်းနေပညာသင်ရန်အတွက် နံပါတ်တစ် မိဘက အရေးကြီးပြီးနံပါတ်နှစ် ဆရာ၊ ဆရာမများကအရေးကြီးကြောင်း ပညာရေးဝန်ထမ်းတစ်ဦး၏အတွေ့အကြုံအရ သိခဲ့ရပါသည်။

သားသမီးများသည် ငယ်ရွယ်စဉ်ကာလမှာ မိဘခိုင်းသည့်အတိုင်း အများအားဖြင့် လုပ်ကြသူများပင်ဖြစ်သည်။ **လမ်းဘေးလေလွင့်နေထိုင်သူ၊ ကော်ရှူသူ၊ တောင်းရမ်းစားသောက်နေသူများမှအစ ခိုးဆိုးလုယက်၊ မူးယစ်ဆေးဝါးသုံးစွဲနေကြသည့် ကလေးများကိုကြည့်ပါက စာသင်ခန်းနှင့် ဝေးနေကြသူများဖြစ်နေသည်ကို တွေ့ရပါလိမ့်မည်။** ၎င်းတို့သည်အများအားဖြင့် ဖြစ်သလိုနေကြပြီး လူရမ်းကားစရိုက်ဆန်ကြပါသည်။ ထို့ကြောင့် **စာသင်ခန်းထဲက ကလေးနှင့် စာသင်ခန်းပြင်ပက ကလေးများ၏သဘာဝဟာ လွန်စွာ ကွာခြားတတ်ကြပါသည်။** ကျောင်းနေသည့် ကလေးတစ်ဦး၏ စိတ်ဓာတ်နှင့်နှလုံးသားက ပိုဖွံ့ဖြိုးလာကာ မိုက်မိုက်ရိုင်းရိုင်းမဖြစ်တော့ဘဲ နူးညံ့သိမ်မွေ့ကြခြင်းကြောင့် ကလေးများကျောင်းနေရေးအတွက် မိဘနှင့် ဆရာများက အရေးကြီးရခြင်းပင်ဖြစ်ပါသည်။ မိဘများကိုယ်တိုင်က ကိုယ့်သားသမီးပညာရေးနှင့် ပတ်သက်ပြီး “စာသင်တာအလကားပဲ” ဆိုသည့် အတွေးအခေါ်အယူအဆရှိနေမည်ဆိုပါက ထိုကလေးသည် ကျောင်းစာနှင့်ဝေးနေမည်မှာသေချာပါသည်။ ပညာတတ်ကြီးဖြစ်ရန်ပို၍ ဝေးသွားပေမည်။ ကလေးများကျောင်းကိုရောက်လာမည်၊ သင်ကြားပေးမည့်ဆရာ၊ ဆရာမများ၏ သင်ကြားမှုစွမ်းရည်ကလည်း ကောင်းမွန်မည်ဆိုပါကထိုကလေးများ၏ အနာဂတ်ပညာရေးသည် သေချာပေါက် ကောင်းမွန်တိုးတက်စေပါမည်။ ဘယ်ဗေဒင်မှမေးစရာမလိုဘဲကျွန်တော့်အတွေ့အကြုံအရသိခဲ့ရသည့်အရာပင်ဖြစ်သည်။

မြန်မာနိုင်ငံရဲ့ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံမှာ ငါးနှစ်အထက် လူဦးရေ ၄၆ ဒသမ ၄၆၃ သန်းရှိပြီး နိုင်ငံတစ်ဝန်းလုံးကျောင်းလုံးဝမနေဖူးသူ ၈ ဒသမ ၁ ရာခိုင်နှုန်းရှိကြောင်းသိရပါသည်။ အလယ်တန်းအဆင့်ထိပညာသင်ယူခဲ့ဖူးသူ ၁၈ ဒသမ ၂ သန်းခန့်၊ အထက်တန်းပညာသင်ယူခဲ့သူ ခုနစ်သန်းကျော်ခန့်ရှိပြီး လူဦးရေ သုံးသန်းနီးပါးခန့်သာ ဘွဲ့ရရှိခဲ့သည်ကိုတွေ့ရပါသည်။ နိုင်ငံ့လူဦးရေနှင့် ယှဉ်လိုက်မယ်ဆိုပါက ကျောင်းနေသူရာခိုင်နှုန်းနှင့် စာတတ်မြောက်သူရာခိုင်နှုန်းက အခုထက်ပိုမိုများပြားရန် လိုနေသေးသည်ကိုတွေ့ရပါသည်။ နိုင်ငံတော်အတွင်း ဒေသများအလိုက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့်လူမှုရေးကဏ္ဍများတွင် ကွာဟချက်မကြီးမားစေရန် အသိပညာနှင့်အတတ်ပညာ ပြည့်စုံသော ပညာတတ်ဦးရေများပြားရန် လိုအပ်သည်မှာအမှန်ပင်ဖြစ်သည်။ အတန်းပညာရှိမှသာ အသိပညာနှင့်အတတ်ပညာရပ်များကို သင်ယူဖို့လွယ်ကူစေမည်။ ယနေ့အချိန်အခါတွင် မြန်မာနိုင်ငံအနေဖြင့် ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်သောကြောင့် ပြည်သူများ၏ပညာရေးအဆင့်မြင့်မားမှုသည် ပို၍ပင်အရေးကြီးပါသည်။ မြန်မာနိုင်ငံရှိ တချို့ပြည်နယ်များ၏ ကျေးလက်ဒေသများတွင်ဘာသာစကားအခက်အခဲ၊ ပညာရေးအားပေးမှု အားနည်းချက်နှင့် အခြားလူမှုစီးပွားဘဝအခက်အခဲအမျိုးမျိုးများကြောင့်ပညာရေးအားနည်းလျက်ရှိနေဆဲဖြစ်သည်ကို တွေ့ရပါသည်။ ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်မည့်သူများ၊ လိုက်နာကျင့်သုံးရမည့်သူများအားလုံးသည် အသိပညာအတတ်ပညာများနှင့် မှန်ကန်သည့် စဉ်းစားတွေးခေါ်နိုင်စွမ်းများရှိရန် အထူးလိုအပ်ပါသည်။ ထို့ကြောင့် နိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားပြည်သူအားလုံး၏ ပညာရေးအဆင့်အတန်းတိုးတက်မြင့်မားနေမှသာ အခွင့်အရေး၊ လိုက်နာထိန်းသိမ်းရမည့် စည်းကမ်းနှင့်တာဝန်များကို ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူသည့်ကာလတွင် နိုင်ငံတော်အကြီးအကဲအနေဖြင့် ပညာရေး၏အရေးကြီးပုံကိုသတိပြုမိသောကြောင့် နိုင်ငံသားအားလုံး ပညာရည်မြင့်မားလာစေရေးအတွက် ပညာရေးဆိုင်ရာမူဝါဒများပြုပြင်ပြောင်းလဲခဲ့သည်ကို တွေ့ရပါသည်။ ကျောင်းနေအရွယ်အားလုံး၊ ပညာသင်ယူရမည့်အရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရှိစေရေးနှင့် KG+9 အထိမသင်မနေရပညာရေးစနစ်များကိုချမှတ်ပေးခဲ့ခြင်းသည် နိုင်ငံ့အနာဂတ်အတွက်အခြေခံအုတ်မြစ်ကောင်းများ ချမှတ်ပေးခြင်းပင်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်၏အခြေခံစီးပွားရေးဖြစ်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကဏ္ဍများမှထုတ်ကုန်များတိုးတက်မြင့်မားစေရန်အတွက် လိုအပ်သည့် ကျွမ်းကျင်လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာစေရေးရည်ရွယ်ပြီး ယခုအချိန်တွင် ခရိုင် ၈၄ ခုမှာ အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်း ၈၅ ကျောင်းဖွင့်လှစ်ပေးလျက်ရှိတာကိုလည်းတွေ့ရှိရပါသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ အတန်းပညာကို အဆင်ပြေစွာသင်ကြားနိုင်ရေးအတွက် စာသင်ကျောင်း၊ စာသင်ဆောင်၊ စာသင်ခန်းများသာမက ကျောင်းစာကြည့်တိုက်၊ သန့်စင်ခန်း၊ ကျောင်းအားကစားရုံ၊ အားကစားကွင်းများ သန့်ရှင်းသပ်ရပ်ကောင်းမွန်ပြီး သင်ထောက်ကူပစ္စည်းများပြည့်စုံစေရေးကိုပါ အလေးအနက်ထားဆောင်ရွက်ပေးနေမှုများသည် နိုင်ငံတော်အစိုးရရဲ့ပညာရေးကို အားပေးအားမြှောက်ပြုနေတဲ့ လုပ်ဆောင်ချက်များအဖြစ် ပေါ်လွင်ထင်ရှားနေသည်ကို သတိထားမိပါသည်။

ပညာရေးကို အားလုံးကအားပေးရမည်ဖြစ်သလို အကြောင်းအမျိုးမျိုးကြောင့်ပညာရေးရပ်တန့်သူများကလည်း စာဖတ်ကြရန် အလွန်အရေးကြီးပါသည်။ စာဖတ်သည့်အခါတွင် မိမိနှစ်သက်ရာ၊ ဝါသနာပါရာ မိမိဘဝတက်လမ်းအတွက် အကျိုးရှိစေမည့် မိမိတို့ကျင်လည်ရာ ကဏ္ဍနယ်ပယ်အလိုက် သက်ဆိုင်သည့်စာပေများကို ဖတ်ကြရမည်ဖြစ်ပါသည်။ သုတ၊ ရသ မည်သည့်စာပေပဲဖြစ်ဖြစ်ဖတ်သင့်ပါသည်။ ဗဟုသုတ၊ အကြားအမြင်အတွက် သုတစာပေဖတ်ရမှာဖြစ်သလို စိတ်နှလုံးသား နူးညံ့သိမ်မွေ့ရန် ရသစာပေလည်းဖတ်ကြရပါမည်။ ရာသီဥတုနှင့်မိုးလေဝသအခြေအနေ၊ သဘာဝဘေး၊ ရေကြီးမှု၊ မီးလောင်မှု၊ ဒေါ်လာဈေး၊ ရွှေဈေး၊ အခြေခံစားသောက်ကုန်နှင့်ကုန်ဈေးနှုန်း၊ နယ်မြေဒေသအခြေအနေ၊ လမ်းပန်းဆက်သွယ်ရေး စသည့်အခြေအနေများနှင့်ပတ်သက်ပြီး နေ့စဉ်ဖြစ်ပျက်ပြောင်းလဲနေသည့်အကြောင်းအရာများ၊ နေ့စဉ်သတင်းများသည် သုတစာပေများဖြစ်ပါသည်။ သုတစာပေကို ဖတ်ရှုလေ့လာခြင်းအားဖြင့်အခြေအနေအရပ်ရပ်နှင့် သတင်းအချက်အလက်၊ အကြောင်းအရာအဖြစ်အပျက်များကိုသိလာပါမည်။ သိထားသည့်အတွက် ဆောင်ရန်၊ ရှောင်ရန်၊ ရွေးချယ်စရာ နည်းလမ်းတွေကိုလည်း သိလာကြပါမည်။ ဥပမာ-“မီးရထားလမ်း ရေကျော်နေ၍ ရထားခရီးစဉ်တချို့ ယာယီရပ်ဆိုင်းထား” ဆိုသည့် သတင်းကိုကြိုတင်သိထားမယ်ဆိုပါက မိမိသွားမည့်ခရီးစဉ်တစ်ခုကို ကားလမ်းကြောင်းမှသွားတာမျိုး သို့မဟုတ် ရထားနှင့်သွားမည့်ခရီးစဉ်ကိုဖျက်လိုက်ခြင်းမျိုး စဉ်းစားဆုံးဖြတ်နိုင်ပေမည်။ ရသစာပေသည် လူတစ်ဦး၏ စိတ်ဓာတ်၊ အယူအဆ၊ အတွေးအခေါ်များကို ပြောင်းလဲသွားစေပြီး နှလုံးသားကိုနူးညံ့စေတတ်ပါသည်။ ပြဿနာတစ်ရပ်ရပ်ဖြစ်လာသည့်အခါ သို့မဟုတ် အခက်အခဲတစ်ခုကြုံလာတဲ့အခါမျိုးတွင် ဝုန်းကနဲ ဒိုင်းကနဲ ဖြေရှင်းမှုမျိုးမလုပ်ဖြစ်တော့ဘဲ အရာရာကို တည်တည်ငြိမ်ငြိမ်အေးအေးဆေးဆေးဖြေရှင်းတတ်လာပါသည်။

စာအုပ်စာပေကောင်းများဖတ်ရှုရေးနှင့်ပတ်သက်၍လည်း ပြန်ကြားရေးဝန်ကြီးဌာနအပြင် ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးအောက်ရှိ စာပေတိုက်မှ အများသူငါ ဗဟုသုတရရှိစေရေးအတွက် အသိပညာ၊ အတတ်ပညာဆိုင်ရာ စာအုပ်စာပေကောင်းများ စဉ်ဆက်မပြတ်ထုတ်ဝေပေးလျက်ရှိနေတာကို တွေ့မြင်ရပါသည်။ အစိုးရနှင့် တပ်မတော်မှသာမဟုတ်ဘဲနိုင်ငံသားအားလုံးအတွက် အကျိုးရှိ အဖိုးတန်သော စာအုပ်စာပေကောင်းများကိုအရပ်ဘက် ပုဂ္ဂလိကပိုင်စာအုပ်တိုက်များကလည်း ယခုထက်မက ပိုမိုထုတ်ဝေနိုင်ရေး ကြိုးပမ်းစေလိုပါသည်။ ထိုသို့ထုတ်ဝေကြမှသာ စာဖတ်ကြသူများအနေဖြင့် စာအုပ်စာပေကောင်းများဖတ်ရှုနိုင်ပြီး ပတ်ဝန်းကျင်တွင်ဖြစ်ပျက်နေသောအကြောင်းအရာများကို မှန်မှန်ကန်ကန်လေ့လာသုံးသပ်နိုင်ပေလိမ့်မည်။ ထိုမှတစ်ဆင့် အသိအမြင်မှန်ကန်စွာလုပ်ကိုင်ဆောင်ရွက်တတ်သော နိုင်ငံ့သားကောင်းများဖြစ်လာကြပေမည်။

၂၀၂၂ ခုနှစ် မတ်လ ၂၉ ရက်မှာပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၃/၂၀၂၂) တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က **“ အနာဂတ်နိုင်ငံတော်ဟာ ကျွန်တော်တို့သွားချင်တဲ့ ဒီမိုကရေစီဟာ ပညာတတ်တွေပေါကြွယ်ဝမှသာ ဒီမိုကရေစီဆိုတာလည်းအဓိပ္ပာယ်ရှိမှာ။ တိုင်းပြည်တိုးတက်ဖို့ဆိုတာကလည်း ပညာတတ်တွေရှိမှပဲ စိတ်ချရလိမ့်မယ်။ ဒါကြောင့် ပညာရေးဟာ တိုင်းပြည်တိုးတက်ရေးအတွက်ရော၊ ဒီမိုကရေစီအရေးအတွက်ရော၊ တိုင်းပြည်အတွက် အဓိကကျတာကိုတွေ့ရပါတယ်။ ပညာရေးမူဝါဒဟာ မဖြစ်မနေချမှတ်ပြီး ဆောင်ရွက်ဖို့လိုတယ်ဆိုတာကိုသွားတွေ့ပါတယ် ”**ဆိုပြီးပြောကြားခဲ့သည်ကို မှတ်သားခဲ့ရပါသည်။ နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ ပညာရေးဆိုင်ရာ မှန်ကန်သောမူဝါဒများကို ချမှတ်ပေးခဲ့သည့်အပြင် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးညီလာခံကျင်းပပေးခြင်း စသည့်နည်းလမ်းပေါင်းစုံနဲ့ ကြိုးပမ်းဆောင်ရွက်ပေးနေတာကို ဝမ်းမြောက်ဖွယ်တွေ့မြင်ရပါသည်။ လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးစေရေး အားကစား၊ ယဉ်ကျေးမှု စသည့်ကဏ္ဍအသီးသီးကိုလည်း ပံ့ဖော်ပေးနေသကဲ့သို့ စာအုပ်စာပေကောင်းများကိုလည်း ကျောင်း၊ အရပ်တက်စာကြည့်တိုက်များသို့ အင်တိုက်အားတိုက် လှူဒါန်းပေးလျက်ရှိနေသည်ကိုတွေ့ရပါသည်။ ထိုအရာများအားလုံးသည် ပညာရေးနှင့်ပတ်သက်ပြီး နိုင်ငံတော်အစိုးရ၏ အားပေးအားမြှောက်ခြင်းများဖြစ်သောကြောင့် ကျွန်တော်ကဲ့သို့အငြိမ်းစားပညာရေးဝန်ထမ်းတစ်ယောက်အတွက်တော့ ပညာရေးကဏ္ဍအတွက် အားရကျေနပ်မှုဒီတာပွားမိသည်မှာ အမှန်ပင်ဖြစ်ပါသည်။

နိုင်ငံတစ်နိုင်ငံကို ဖန်တီးပုံဖော်ကြသူများသည် ထိုနိုင်ငံ၏ နိုင်ငံသားများသာဖြစ်ပါသည်။ ကောင်းမွန်သည့် နိုင်ငံသားများကသာ နိုင်ငံကိုဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်နိုင်ကြပါမည်။ စည်းကမ်းလိုက်နာမှုကောင်းမွန်သည့် လူမျိုးဖြစ်လာစေရန်အတွက် အစပြုလေ့ကျင့်သင်ကြားပေးသည့်နေရာသည် စာသင်ကျောင်းကလွဲပြီး တခြားမရှိနိုင်ပေ။ စာသင်သားကလေးငယ်များကို စာပေပညာတတ်မြောက်ရုံမျှသာမက နိုင်ငံ့သားကောင်း၊ သမီးကောင်းများဖြစ်လာစေရေး သွန်သင်ဆုံးမနည်းလမ်းပြကြရမည်မှာ ဆရာ၊ ဆရာမများ၏ တာဝန်ပင်ဖြစ်ပါသည်။ “အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက”ဆိုသည့် ဆောင်ပုဒ်သည်ဆရာ၊ ဆရာမ၊ ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများကို အစဉ်စည်းကမ်းရှိနေစေရေး မပြတ်သတိပေးဆော်ဩနေသော လမ်းညွှန်ဆောင်ပုဒ်သာဖြစ်ပါသည်။ စည်းကမ်းကောင်းမွန်သည့် ကျောင်းကဂုဏ်ဒြပ်ကြီးသလို ထိုကျောင်းမှ ကျောင်းဆရာ၊ ဆရာမတွေကိုလည်း အများကလေးစားကြပါသည်။ ထိုကဲ့သို့ ကျောင်းများတွင်တက်ရောက်ကြရသည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘများကလည်း ဂုဏ်ယူကြရပါသည်။ ထို့ကြောင့် ယနေ့အချိန်အခါမှာ နိုင်ငံတော်အစိုးရအနေနှင့် နိုင်ငံသားများအားလုံး ပညာရည်မြင့်မားရေးကို အားပေးဆောင်ရွက်နေသောကြောင့် စာသင်ကျောင်းများကတာဝန်ရှိသူများအနေဖြင့်လည်း စည်းကမ်း၊ ကျင့်ဝတ်၊ ဥပဒေများကို လေးစားလိုက်နာတတ်သော နိုင်ငံကြီးသားများလေ့ကျင့်မွေးထုတ်ပေးနိုင်ရေးတာဝန်ကိုအလေးအနက်ထားပြီး ဆက်လက်ထမ်းဆောင်ကြဖို့ လိုအပ်တဲ့အကြောင်း လတ်တလောကြုံတွေ့သိမြင်ခဲ့ရသည်များကတစ်ဆင့် မျှဝေခံစားတင်ပြလိုက်ရပါသည်ခင်ဗျာ။ ။

# ဥပဒေရေးရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်ရုံးများမှ ဥပဒေအရာရှိများက ဥပဒေသုတေသနစာတမ်းများ ဖတ်ကြားဆွေးနွေး





နေပြည်တော် အောက်တိုဘာ ၃

ဥပဒေရေးရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်ဥပဒေချုပ်ရုံးများမှ ဥပဒေအရာရှိများ၏ ဥပဒေသုတေသနစာတမ်းများ ပဉ္စမအကြိမ်ဖတ်ကြားဆွေးနွေးခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီထိ ဥပဒေရေးရာဝန်ကြီးဌာန ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကျောင်း ( Legal Advocacy Center) မြေညီထပ်ခန်းမ၌ ကျင်းပခဲ့သည်။

စာတမ်းဖတ်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက ဥပဒေသုတေသနလုပ်ငန်းများသည်ဥပဒေကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် မှန်ကန်သောဥပဒေဝန်ဆောင်မှုပေးနိုင်ရေး၊ ဥပဒေအကြံဉာဏ်များပေးနိုင်ရေးတို့အတွက် အရေးကြီးသောလုပ်ငန်းဖြစ်ကြောင်း၊ ဥပဒေသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်တွင်း/ပြည်ပ သုတေသနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့တွင် ဥပဒေရေးရာဝန်ကြီးဌာနရှိ ဥပဒေသုတေသနလုပ်ငန်းအဖွဲ့ခြောက်ဖွဲ့က စာတမ်းခြောက်စောင်ကိုဖတ်ကြားဆွေးနွေးမည်ဖြစ်ကြောင်း၊ စာတမ်းအကြောင်းအရာများတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ ရေအသုံးချမှုဆိုင်ရာဥပဒေတို့နှင့်သက်ဆိုင်သည့်စာတမ်းများ၊ စီးပွားရေးစာချုပ်စာတမ်းများနှင့်သက်ဆိုင်သည့် စာတမ်းများ၊ နိုင်ငံတကာဥပဒေနှင့်စပ်လျဉ်းသည့် စာတမ်းများပါဝင်ကြောင်း၊ ယခုကဲ့သို့ဥပဒေသုတေသနစာတမ်းများ ဖတ်ကြားဆွေးနွေးခြင်းဖြင့်ဥပဒေအသိပညာပြန့်ပွားရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ကို အထောက်အကူဖြစ်စေကြောင်း။

ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် Providing Legal Service for Justice ဟူသည့် တရားမျှတမှုအတွက် ဥပဒေဝန်ဆောင်မှုမဟာဗျူဟာ(၂၀၁၉-၂၀၂၄) အရ ဥပဒေအသိပညာပြန့်ပွားရေးကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်နေသည်ဖြစ်ရာ ဥပဒေဝန်ဆောင်မှုပုံစံတစ်မျိုးဖြင့် ဆောင်ရွက်လျက်ရှိသော ဥပဒေသုတေသနလုပ်ငန်းများသည် အရေးပါသောအခန်းကဏ္ဍတစ်ခုဖြစ်ကြောင်း၊ ထို့ကြောင့် ယခုကဲ့သို့ ဥပဒေသုတေသနစာတမ်းများ ရေးသားဖတ်ကြားခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ရန် တိုက်တွန်းပါကြောင်းဖြင့် ပြောကြားခဲ့သည်။

စာတမ်းဖတ်ပွဲတွင် ဥပဒေသုတေသနလုပ်ငန်းအဖွဲ့ခြောက်ဖွဲ့က စာတမ်းခြောက်စောင်ကို ဖတ်ကြားမေးမြန်းဆွေးနွေးအကြံပြုခဲ့ကြပြီးနောက် ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။ အဆိုပါအခမ်းအနားသို့ ဥပဒေရေးရာဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များနှင့် အရာထမ်းများ၊ တိုင်းဒေသကြီး/ပြည်နယ် ဥပဒေချုပ်ရုံးများမှ ဥပဒေအရာရှိများနှင့် အခြားဌာနဆိုင်ရာအဖွဲ့အစည်းများမှ ဖိတ်ကြားထားသူများတက်ရောက်ခဲ့ကြကြောင်း သိရသည်။

(၅၀၀)

# မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မစ္စတာ အီစ်ကန်ဒဲ အာဇီဇော့ဗ်အား ဒုတိယဝန်ကြီး ဦးလွင်ဦး လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၃

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး မစ္စတာအီစ်ကန်ဒဲအာဇီဇော့ဗ်ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေး တိုးတက်ခိုင်မာစေရေးနှင့် ကုန်သွယ်ရေး၊ ပညာရေး၊ ခရီးသွားလာရေးကဏ္ဍအပါအဝင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရေးကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်စပါးခင်းများအား ပြန်လည်ကုစားရန် သွင်းအားစုများ ထည့်သွင်းမှုနှုန်းထားများ စနစ်တကျလိုက်နာရန်လိုအပ်



နေပြည်တော် အောက်တိုဘာ ၃

ရေကြီးနစ်မြုပ်မှုဖြစ်ပေါ်ခဲ့သော မိုးစပါးစိုက်ဧရိယာများတွင် ရေပြန်လည်ကျဆင်းပြီးနောက် ထိခိုက်ခဲ့သော စပါးခင်းများအား ပြန်လည်ကုစားရန်အတွက် မြေဩဇာနှင့် ရွက်ဖျန်းမြေဩဇာများ ထည့်သွင်းခြင်းလုပ်ငန်းကို နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ကြို့ပင်ကျေးရွာအုပ်စု မိုးစပါးဧက ၁၀၀ ၌ ဆောင်ရွက်ခဲ့ပြီး ပြန်လည်ကုစားခြင်းအတွက် တစ်ဧကလျှင် ယူရီးယား ၂၈ ပေါင်၊ သဘာဝမြေဩဇာ တစ်အိတ်၊ ပိုတက်မြေဩဇာ ၂၈ ပေါင်၊ ကျောက်မှုန့် ၅၆ ပေါင်နှင့် ရွက်ဖျန်းမြေဩဇာ ၅၀၀ ဂရမ်နှုန်းတို့ဖြင့် ထည့်သွင်းဆောင်ရွက်ခဲ့ရာ ယနေ့အချိန်တွင် ပြန်လည်ကုစားခဲ့သော မိုးစပါးစိုက်ခင်းများ ကောင်းမွန်စွာဖြစ်ထွန်းလျက်ရှိပြီး သတ်မှတ်အထွက်နှုန်းများအတိုင်း ရရှိနိုင်မည်ဖြစ်ကြောင်း တွေ့ရှိရသည်။

သို့ပါ၍ ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ခဲ့သော မိုးစပါးစိုက်ခင်းများတွင် စိုက်ပျိုးရေးဦးစီးဌာနကသတ်မှတ်ထားသောသွင်းအားစုနှုန်းထားများအတိုင်း ထည့်သွင်းကုစားခြင်းဖြင့် မျှော်မှန်းထားသော အထွက်နှုန်းများအတိုင်းရရှိနိုင်မည်ဖြစ်ပါ၍ ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါးထိခိုက်ခဲ့သော တောင်သူများအနေဖြင့် စနစ်တကျလိုက်နာဆောင်ရွက်ကြပါရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တိုက်တွန်းထားရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၁၀-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၅၅ | ၃၀၃၅ | ၃၀၀၀ | ၂၉၆၅ | ၃၀၃၅ | ၃၀၅၀ | ၃၀၆၀ | ၃၀၁၅ | ၃၁၄၀ | ၃၁၇၀ | ၃၀၂၅ | ၃၀၄၀ | ၃၀၇၀ | ၃၀၆၀ | ၃၀၇၅ | ၃၄၇၅ | ၄၄၅၀ |
| 95 Ron | ၃၁၅၀ | ၃၂၃၀ | ၃၂၀၅ | ၃၁၆၀ | ၃၂၃၀ | ၃၂၄၅ | ၃၂၅၅ | ၃၂၁၀ | ၃၃၃၅ | ၃၃၆၅ | ၃၂၂၀ | ၃၂၃၅ | ၃၂၆၅ | ၃၂၅၅ | ၃၂၆၅ | ၃၆၇၀ | ၄၆၅၀ |
| HSD (500 ppm) | ၂၅၇၀ | ၂၆၅၀ | ၂၆၂၅ | ၂၅၈၀ | ၂၆၅၅ | ၂၆၆၅ | ၂၆၈၀ | ၂၆၃၅ | ၂၇၆၀ | ၂၇၉၀ | ၂၆၄၀ | ၂၆၅၅ | ၂၆၉၀ | ၂၆၇၅ | ၂၆၉၀ | ၃၀၉၅ | ၄၄၅၀ |
| HSD (50 ppm) | ၃၁၉၀ | ၃၂၇၀ | ၃၂၄၅ | ၃၂၀၀ | ၃၂၇၀ | ၃၂၈၅ | ၃၂၉၅ | ၃၂၅၀ | ၃၃၇၅ | ၃၄၀၅ | ၃၂၆၀ | ၃၂၇၅ | ၃၃၀၅ | ၃၂၉၅ | ၃၃၀၅ | ၃၇၁၀ | ၄၄၅၀ |
| HSD (10 ppm) | ၃၁၉၀ | ၃၂၇၀ | ၃၂၄၅ | ၃၂၀၀ | ၃၂၇၀ | ၃၂၈၅ | ၃၂၉၅ | ၃၂၅၀ | ၃၃၇၅ | ၃၄၀၅ | ၃၂၆၀ | ၃၂၇၅ | ၃၃၀၅ | ၃၂၉၅ | ၃၃၀၅ | ၃၇၁၀ | ၄၄၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၉၉ | ၂၈၈၈ |
| 95 Ron | ၂၉၈၇ | ၃၀၈၁ |
| HSD (500 ppm) | ၂၄၂၇ | ၂၅၀၅ |
| HSD (50 ppm) | ၃၀၂၆ | ၃၁၁၆ |
| HSD (10 ppm) | ၃၀၂၆ | ၃၁၁၆ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# တတိယအကြိမ် သာသနာလင်္ကာရစာမေးပွဲဖြေဆိုနေသည့် ရဟန်းသံဃာများနှင့် ရှင်သာမဏေများအား နေပြည်တော်ကောင်စီဥက္ကဋ္ဌ သွားရောက်ဖူးမြော်ကြည်ညို



**နေပြည်တော် အောက်တိုဘာ ၃**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ကောင်စီဝင်များသည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဥတ္တရသီရိ မြို့နယ် ဝဇီရာနန္ဒသုဗောဓာရုံကျောင်းတိုက်၌ကျင်းပသည့် နေပြည်တော် မြို့နယ်လုံးဆိုင်ရာ တတိယအကြိမ် သာသနာလင်္ကာရစာမေးပွဲသို့ ဝင်ရောက်ဖြေဆိုနေကြသည့်ရဟန်းသံဃာများနှင့်ရှင်သာမဏေများအား သွားရောက်ဖူးမြော် ကြည်ညိုသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဝဇီရာနန္ဒသုဗောဓာရုံကျောင်းတိုက် ပဓာနနာယကဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဇောတိကနှင့် စာမေးပွဲကြီးကြပ်ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နေပြည်တော် မြို့နယ်လုံးဆိုင်ရာ တတိယအကြိမ်သာသနာလင်္ကာရစာမေးပွဲကို အကျော်တန်းမှ စာဖြေသံဃာတော် အပါး ၃၀ က ဘိက္ခုပါတိမောက်ဘာသာရပ်ကိုလည်းကောင်း၊ အကြီးတန်းမှ စာဖြေသံဃာတော် ၁၇၈ ပါးနှင့် အငယ်တန်းမှ စာဖြေသံဃာတော် ၃၇၆ ပါးက ရှင်ကျင့်ဝတ်ဘာသာရပ်ကိုလည်းကောင်း ဖြေဆိုနေမှုကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော် သံဝေဇနီယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ) စေတီတော်ဂေါပကအဖွဲ့ရုံး၌ကျင်းပသည့် နေပြည်တော် သံဝေဇနီယလေးဌာန (ဖွား၊ ပွင့်၊ ဟော၊ စံ)စေတီတော် ဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ပြီး စေတီတော်ဘက်စုံပြုပြင်မွမ်းမံရေး၊ စေတီတော်အားလုံး ရေရရှိရေး၊ ဘုရားစေတီအတွင်းရှိ သာသနိကအဆောက်အအုံများကြည်ညိုဖွယ်ဖြစ်အောင် ဆောင်ရွက်ရေး၊ သန့်ရှင်းသာယာလှပရေး ကိစ္စရပ်များကို ဆွေးနွေးမှာကြားကာ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးသည်။

အစည်းအဝေးအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးအတွင်းရှိ မြတ်ဗုဒ္ဓ၏ မဇ္ဈိမခရီးစဉ်မှတ်တမ်းဓာတ်ပုံပြခန်းနှင့် ဓမ္မာရုံအတွင်း လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။


(သတင်းစဉ်)

# နှစ်(၁၅၀)ပြည့် ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် အထူးထုတ် စာပို့တံဆိပ်ခေါင်းသစ် ရောင်းချပေးမည်

**နေပြည်တော် အောက်တိုဘာ ၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ နှစ်(၁၅၀)ပြည့် ကမ္ဘာ့စာပို့တိုက်နေ့(150 YEARS of the UPU) အထိမ်းအမှတ်အဖြစ် ၂၀၀ ကျပ်တန် အထူးထုတ်စာပို့တံဆိပ်ခေါင်းသစ်တစ်မျိုးအား အောက်တိုဘာလ ၉ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၇ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲမှစတင်၍ နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေးစာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၉ ရက် (ဗုဒ္ဓဟူးနေ့) တွင် ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ်ရိုက်နှိပ်ပေးသွားမည်ဖြစ်သည်။ (သတင်းစဉ်)




# (၄၅) ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ




**နေပြည်တော် အောက်တိုဘာ ၃**

(၄၅) ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ဖိလစ်ပိုင်နိုင်ငံမှ အလှည့်ကျအိမ်ရှင်အဖြစ်ကျင်းပရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ယာယီရဲမှူးချုပ်သန့်လွင်မောင် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က နေပြည်တော် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးရုံးအစည်းအဝေးခန်းမမှ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်သည်။

အစည်းအဝေးတွင် (၄၄) ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ ASOD-မြန်မာသဘာပတိဖြစ်သူ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့မှူး ယာယီရဲမှူးချုပ်သန့်လွင်မောင်က (၄၅) ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ၏ သဘာပတိဖြစ်သူ ASOD-ဖိလစ်ပိုင်ထံသို့ သဘာပတိတာဝန်များ လွှဲပြောင်းပေးအပ်ပြီး ASOD-ဖိလစ်ပိုင်သဘာပတိက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။

အစည်းအဝေးတွင် ASOD-မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်က အာဆီယံဒေသကို မူးယစ်ဆေးဝါးပြဿနာမှ ဘေးကင်းလုံခြုံမှုရှိစေရေးအတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားရန် လိုအပ်ကြောင်း၊ ASOD- မြန်မာ၏သဘာပတိတာဝန်ယူဆောင်ရွက်ခဲ့သည့် အချိန်ကာလများအတွင်း ASOD ၏ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ပံ့ပိုးကူညီခဲ့ကြသော အာဆီယံအတွင်းရေးမှူးရုံးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ASOD ခေါင်းဆောင်များဦးဆောင်သည့် ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးရုံး၊ AFP၊ UNODC နှင့် ကိုလံဘိုစီမံကိန်းမူးယစ်ဆေးဝါးအကြံပေးအစီအစဉ်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသည့်ကိုယ်စားလှယ်များက နိုင်ငံတကာ၊ ဒေသတွင်းနှင့် အမျိုးသားရေးဆိုင်ရာ တရားမဝင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကြိုးပမ်းချက်များနှင့်ပတ်သက်၍ သဘောထားအမြင်များဖလှယ်ခြင်း၊ ယခင်အစည်းအဝေးများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေများ၊ အာဆီယံလုပ်ငန်းစီမံချက်(၂၀၁၆-၂၀၂၅)နှင့် ပတ်သက်၍ အပြီးသတ်သုံးသပ်မှုအခြေအနေများ၊ အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ ဝန်ကြီးအဆင့်အစည်းအဝေးနှင့် ၎င်း၏ လုပ်ငန်းခွဲများအတွက် လုပ်ထုံးလုပ်နည်းများနှင့် လမ်းညွှန်ချက်များဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ (၆၇) ကြိမ်မြောက် CND ၏ ရလဒ်များနှင့် CND ၏ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကဏ္ဍတွင် အာဆီယံပူးတွဲကြေညာချက်ထုတ်ပြန်မှုနှင့်ပတ်သက်သည့် အစီရင်ခံစာကိစ္စရပ်များ၊ (၄၆) ကြိမ်မြောက် ASOD အစည်းအဝေးကျင်းပနိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အောက်တိုဘာလ ၂ ရက်တွင် (၄၅) ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၏ လုပ်ငန်းအဖွဲ့ ငါးဖွဲ့ဖြစ်သော ကြိုတင်ကာကွယ်ရေးနှင့် အသိပညာပေးရေးလုပ်ငန်းအဖွဲ့၊ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့၊ တားဆီးနှိမ်နင်းရေးလုပ်ငန်းအဖွဲ့၊ သုတေသနလုပ်ငန်းအဖွဲ့နှင့် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့တို့၏ အစည်းအဝေးများကိုကျင်းပခဲ့ရာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပြီး အစည်းအဝေးတွင် ပြည်သူလူထုကို မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဆောင်ရွက်နေမှုများ၊ ဆေးစွဲလူနာများ ကုသပေးမှုအခြေအနေများနှင့် လူမှုအသိုင်းအဝိုင်းတွင် ပြန်လည်ဝင်ဆံ့နိုင်ရေးဆောင်ရွက်နေမှုများ၊ အစားထိုးဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များ၊ ဒေသတွင်း/ဒေသပြင်ပ မူးယစ်ဆေးဝါးအခြေအနေများနှင့် ပရိကာဆာဓာတုပစ္စည်းထိန်းချုပ်ရေးပူးပေါင်းဆောင်ရွက်မှုများ၊ ပိုမိုကြီးထွားလာသည့် လူလုပ်မူးယစ်ဆေးဝါးပြဿနာဆိုင်ရာကိစ္စရပ်များ၊ ရှေ့ဆက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများကိုဆွေးနွေးခဲ့ကြောင်းနှင့် (၄၅) ကြိမ်မြောက် အာဆီယံမူးယစ်ဆေးဝါးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို အောက်တိုဘာလ ၄ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# မြန်အောင်ခရိုင်အတွင်း၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနေမှုများ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ကြည့်ရှုစစ်ဆေး



**ပုသိမ် အောက်တိုဘာ ၃**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များဖြင့် စတင်ကောက်ယူဆောင်ရွက်နေပြီဖြစ်ရာ ထိုသို့ကောက်ယူနေမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့်အဖွဲ့သည် မြန်အောင်ခရိုင် ကြံခင်းမြို့ ရွာသစ်ရပ်ကွက်နှင့် မြို့မရပ်ကွက်များ၌ တစ်အိမ်တက်ဆင်း သန်းခေါင်စာရင်းကောက်ယူနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့်အဖွဲ့သည် ကြံခင်းမြို့နယ် တလိုင်းကွင်းကျေးရွာရှိ တောင်သူ ဦးနန္ဒာနေမျိုးမောင်၏ ရေကြီးနစ်မြုပ်မှုကြောင့် စပါးပျက်စီး ၂ ဧကတွင် ရက် ၉၀ စပါးမျိုးအား ကောက်စိုက်သမများဖြင့် စိုက်ပျိုးနေမှုကိုလည်းကောင်း၊ ပိုက်ဆံလျှော် ၅ ဧကမျိုးစေ့ထုတ်စိုက်ခင်း စိုက်ပျိုးနေမှုကိုလည်းကောင်း၊ ရေကြီးနစ်မြုပ်ထိခိုက်လယ်မြေများကို ဓာတ်မြေဩဇာစုပေါင်းကြဲပက်နေမှုကိုလည်းကောင်း ကြည့်ရှုအားပေးပြီး ကောက်စိုက်သမများကို စားသောက်ဖွယ်ရာများပေးအပ်သည်။

ယင်းနောက် မြန်အောင်မြို့နယ် တာမိုင် (၅/၆ မှ ၅/၈)အကြား ကမ်းပြိုကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကိုလည်းကောင်း၊ မကျီးစုတာ၊ တာမိုင် ၆ မိုင် ၃ ဖာလုံရှိ ကမ်းပြိုမှုအခြေအနေများနှင့် မြန်အောင်မြို့ လွန်ဆေးမြိုင်ပန်းခြံအနီး ကမ်းပြိုမှုအခြေအနေကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ အင်္ဂပူမြို့ အမှတ်(၂) ရပ်ကွက်နှင့် ဟင်္သာတမြို့ တာငါးဆယ် တောင်ရပ်ကွက်၌ တစ်အိမ်တက်ဆင်း သန်းခေါင်စာရင်း ကောက်ယူနေမှုများနှင့် စာရင်းကောက်များ ဘာသာစကား အခက်အခဲမရှိစေရေး အထောက်အကူပြုအဖွဲ့များက ကူညီဆောင်ရွက်ပေးနေမှု၊ ပြည်သူများက စိတ်ပါဝင်စားစွာ ဖြေကြားနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟင်္သာတမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် တွေ့ဆုံပွဲသို့တက်ရောက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်သူများအနေဖြင့် မိမိတို့ကျရာအခန်းကဏ္ဍ၌ မိမိတို့တိုင်းဒေသကြီး တည်ငြိမ်အေးချမ်းရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများဖြင့် ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပျက်စီးစိုက်ဧကများအား ပြန်လည်ဖြည့်တင်းစိုက်ပျိုးရမည့် ကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး ထိခိုက်ပျက်စီးခဲ့သည့် မိုးစပါးစိုက်ဧကများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဟင်္သာတ၊ ဇလွန်၊ လေးမျက်နှာမြို့နယ်တို့မှ တောင်သူများထံ မျိုးစပါးနှင့် သွင်းအားစုများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

# ရေပြန်လည်ကျဆင်းသွားသည့်နေရာများ၌ လိုအပ်သည့်သန့်ရှင်းရေးလုပ်ငန်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၃**

နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့သည့် ရပ်ကွက်/ကျေးရွာများတွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း နေပြည်တော်ကောင်စီနယ်မြေအတွင်းတွင်လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောမြို့နယ်တွင်လည်းကောင်း၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်တွင်လည်းကောင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများတွင် လိုအပ်သည်များ ကူညီရွှေ့ပြောင်းပေးခြင်းနှင့်သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်ပေးခြင်း၊ လမ်း၊ တံတားများ၊ ရပ်ကွက်၊ ကျေးရွာများအတွင်း၌ တင်ကျန်ခဲ့သည့် နွံနှုန်းများ၊ သစ်ပင်သစ်ကိုင်းများဖယ်ရှားပေးခြင်း အပါအဝင် အခြားလိုအပ်သည်များကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးအဖွဲ့များက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ တက်ကြွစွာဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် ယာယီရေဘေးရှောင်စခန်းများတွင် ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးအဖွဲ့များက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်ပေးပြီး ထောက်ပံ့ပစ္စည်းများ၊ အဝတ်အထည်များ၊ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် အလှူငွေများကို အားတက်သရော ပေးအပ်လှူဒါန်းလျက်ရှိသည်။ ထိုသို့ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

၎င်းအပြင် ရေကြီးမှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့် လမ်း/တံတားများကိုလည်း လမ်းပန်းဆက်သွယ်ရေး အမြန်ပြန်လည်ကောင်းမွန်စေရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာပျက်စီးခဲ့သည့် လမ်း/တံတားများကိုလည်း ယာယီသံပေါင်ဘေလီတံတားများအစားထိုး၍ အမြန်ဆုံးပြန်လည်ပြင်ဆင်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် ပြုပြင်ရန်ကျန်ရှိနေသည့် တံတားများကိုလည်း အမြန်ဆုံးဆက်လက်ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)



နယ်မြေခံတပ်မတော်သားများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက လွိုင်ကော်မြို့၌ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ကလောမြို့၌ ရေကျဆင်းသွားသဖြင့် တင်ကျန်ခဲ့သော နုန်းမြေများ၊ အမှိုက်သရိုက်များအား ဖယ်ရှားရှင်းလင်းပေးစဉ်။



နယ်မြေခံတပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် လူမှုကယ်ဆယ်ရေးအသင်းအဖွဲ့များက တပ်ကုန်းမြို့နယ် ချင်းစုကျေးရွာ၌ သစ်ပင်သစ်ကိုင်းများ ရှင်းလင်းပေးစဉ်။

# UNHCR ၏ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး Ms. Hai Kyung Jun နှင့် အဖွဲ့အား ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် လက်ခံတွေ့ဆုံ



နေပြည်တော် အောက်တိုဘာ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၂)ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR) ၏ အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာရုံး၏ ညွှန်ကြားရေးမှူးဖြစ်သူ Ms. Hai Kyung Jun နှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီခွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာနဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် တောင်တရုတ်ပင်လယ်တွင် ဖြစ်ပွားခဲ့သော ရာဂိတိုင်ဖွန်းမုန်တိုင်း၏ သက်ရောက်မှုကြောင့် ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံခြင်းနှင့် သဘာဝဘေး ကျရောက်ခဲ့သည့်အခြေအနေများ၊ လက်ရှိအစိုးရ၏ဆောင်ရွက်လျက်ရှိသည့် အစီအမံများ၊ လူသားချင်းစာနာမှု အကူအညီများကို ဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများ လက်ဝယ်သို့ **မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရှိစေရေး "မူ"**ဖြင့် ဖြန့်ဖြူးပေးရန် ဆောင်ရွက်နေမှုအခြေအနေများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရမည့်အခြေအနေများနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး(UNHCR) အနေဖြင့် သဘာဝဘေးနှင့်ပဋိပက္ခဒဏ်သင့်ဒေသများမှ ပြည်သူများ၏လူမှုဘဝ ပြန်လည်ထူထောင်ရေးအပေါ် အကူအညီပေးနိုင်မည့် အခြေအနေများနှင့် မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ဝန်ကြီးဌာနများနှင့် UNHCR အကြား နားလည်မှုစာချွန်လွှာများ ပုံမှန်သက်တမ်းတိုး ဆောင်ရွက်သွားရေးတို့ကို ရင်းနှီးပွင့်လင်းစွာ အကြံပြုဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ဆွေဦးနှင့် အရာရှိကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်းသိရသည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဆီထွက်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆီထွက်သီးနှံ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ရေး ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(တောင်ကြီး)သို့ ရောက်ရှိပြီး သင်တန်းကျောင်းခန်းမ၌ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းမှ ဝန်ထမ်းများ၊ သင်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(တောင်ကြီး) မှ ဆရာ၊ ဆရာမများ၊ သင်တန်းသူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားကာ ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းမှ ဝန်ထမ်းများအတွက် ဆန်နှင့်ထောက်ပံ့ငွေများကိုလည်းကောင်း၊ သင်တန်းကျောင်းမှ ထူးချွန်သူ ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ပြုဆုငွေများကို လည်းကောင်း၊ သင်တန်းကျောင်းများမှ ဆရာ၊ ဆရာမများအတွက် ထောက်ပံ့ငွေများကိုလည်းကောင်း ပေးအပ်သည်။



ထို့နောက် တောင်ကြီးမြို့ အေးသာယာရှိ အားကစားနှင့် ကာယပညာသိပ္ပံကျောင်း(တောင်ကြီး)၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင် တွင်းတူးစက်ကြီးဖြင့် စက်ရေတွင်းတူးဖော်နေမှုအခြေအနေများကိုလည်းကောင်း၊ ကလောမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး ကျေးရွာငါးရွာ၊ အိမ်ခြေ ၁၂၁၃ အိမ်၊ လူဦးရေ ၅၅၈၈ ဦးနှင့် စိုက်ပျိုးမြေဧက ၁၃၀၀ ကျော်တို့ကို အကျိုးပြုပေးနိုင်မည့် ကလောမြို့နယ်၊ ဟဲဟိုး-ဘော်ဆိုင်းလမ်းမကြီးမှ တောင်မြေခြား-မြောက်မြေခြား ကျေးရွာဆက်သွယ်ထားသောလမ်းကို ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်ဆောင်ရွက်ပြီးစီးမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ကျေးရွာယာယီရှင်းလင်းဆောင်၌ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ လိုအပ်သည်များကိုရှင်းလင်း မှာကြားသည်။

ထို့နောက် ကလောမြို့နယ် တင်ကြီးကြပ်ကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာယာယီရှင်းလင်းဆောင်၌ ကျေးရွာရေပေးရေးကော်မတီဝင်များ၊ ဒေသခံတောင်သူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ကလောမြို့နယ်အတွင်းရှိ ကျောက်ဆောင် ဘီလူးကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ နှင့် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၅၀ ကို လည်းကောင်း၊ ညောင်ပင်သာ၊ သာယာစု၊ ကျောင်းနောက်၊ ကန်ထောင့်စသည့် ကျေးရွာလေးရွာအတွက် ကျေးရွာတစ်ရွာလျှင် ငွေကျပ်သိန်း ၁၅၀ ကို လည်းကောင်း ထောက်ပံ့ပေးအပ်ကြသည်။

ဆက်လက်၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ပွေးလှကျေးရွာသို့ ရောက်ရှိပြီး ကျေးရွာဘက်စုံသုံးခန်းမ၌ ပင်းတယမြို့နယ်အတွင်းရှိ ဆီထွက်သီးနှံ နေကြာစိုက်တောင်သူများနှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဥက္ကဋ္ဌတို့က ပင်းတယမြို့နယ်အတွင်း နေကြာစိုက်သမဝါယမအသင်း ၁၀ သင်း၊ အသင်းသားတောင်သူ ၂၈၂ ဦးတို့၏ စိုက်ပျိုးမြေဧက ၁၆၀၀ အတွက် ရေဆင်းမျိုး-၁ နေကြာ မျိုးစေ့များ၊ သွင်းအားစုဓာတ်မြေဩဇာများ၊ ရုရှားသဘာဝရွက်ဖျန်းဆေးရည်များကို အသင်းသားတောင်သူများထံသို့ လည်းကောင်း၊ ခေတ်မီစံပြကျေးရွာအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ပင်းတယမြို့နယ်ပွေးလှကျေးရွာ(ဟော်ကုန်း)နှင့် ရောက်ပင်ကျေးရွာတို့အတွက် ကျေးရွာတစ်ရွာလျှင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း VDP ထောက်ပံ့ရန်ပုံငွေကျပ်သိန်း ၁၅၀ တို့ကို ကျေးရွာကော်မတီဝင်များထံသို့လည်းကောင်း ပေးအပ်ကြသည်။

ယင်းနောက် ပင်းတယမြို့နယ် တောင်ပေါ်ကြီး ကျေးရွာရှိ "မြကျောက်" Natural Green Tea လက်ဖက်ခြောက် ထုတ်လုပ်ရောင်းဝယ်ရေးလုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုအားပေးပြီး လုပ်ငန်းရှင်၏ တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး Ms. Hai Kyung Jun နှင့်အဖွဲ့ကို ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လက်ခံတွေ့ဆုံ

နေပြည်တော် အောက်တိုဘာ ၃

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) ၏ အာရှနှင့်ပစိဖိတ်ဒေသဆိုင်ရာရုံး ညွှန်ကြားရေးမှူး Ms. Hai Kyung Jun နှင့်အဖွဲ့ကို ယနေ့နံနက် ၉ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် ရခိုင်ပြည်နယ်မှနေရပ်စွန့်ခွာသူများပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အတွက် ဝန်ကြီးဌာနနှင့် UNDP-UNHCR တို့ သုံးပွင့်ဆိုင် နားလည်မှုစာချွန်လွှာ MoU မူဘောင်အရ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် MoU သက်တမ်းထပ်မံတိုးမြှင့်ကာ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေ၊ UNHCR ၏ နိုင်ငံခြားသားဝန်ထမ်းများ ပြည်ဝင်ခွင့်ဗီဇာကိစ္စရပ်များနှင့် ပြည်ပမှ တင်သွင်းသည့်ပစ္စည်းများကို အကောက်အခွန်လွတ်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာဌာနများသို့ ညှိနှိုင်းဆောင်ရွက်ပေးမှုအခြေအနေ၊ ဘူးသီးတောင်၊ မောင်တောဒေသမှဒေသခန့်ဝန်ထမ်းများ ခရီးသွားလာရေးနှင့်အခြေပြုနေထိုင်နိုင်ရေးအတွက် ဆောင်ရွက်ပေးမှုနှင့်လိုအပ်ချက်ရှိပါက ကြိုတင်တင်ပြဆောင်ရွက်နိုင်ရေးအခြေအနေ၊ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ လူသားချင်းစာနာထောက်ထားမှု အကူအညီများ ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိနိုင်ရေးအခြေအနေ၊ ဝန်ကြီးဌာနနှင့် UNDP-UNHCR တို့အကြား ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်ရေး အခြေအနေတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းဇော်အောင်၊ လူဝင်မှုကြီးကြပ်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့် တာဝန်ရှိသူများတက်ရောက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**




စမုံ-သပြေတောင်းကြား တံတားအမှတ် (၆၉၁)အဆန်လမ်း မန္တလေးဘက်ခြမ်း ရေတိုက်စား၍ ပျက်စီးမှုနှင့် ပြန်လည်ပြုပြင်ပြီးစီးမှုကိုတွေ့ရစဉ်။




စမုံ-သပြေတောင်းကြား ရေတိုက်စား၍ ပျက်စီးခဲ့သောရထားလမ်းပိုင်းနေရာများ ပြန်လည်ပြုပြင်ပြီးစီးမှုကိုတွေ့ရစဉ်။




ကူမဲလမ်း-မြစ်သားဘူတာကြား ရေတိုက်စား၍ ပျက်စီးခဲ့သောရထားလမ်းပိုင်းနေရာများ ပြန်လည်ပြုပြင်ပြီးစီးမှုကိုတွေ့ရစဉ်။

**❍ ရှေ့ဖုံးမှအဆက်**

မြန်မာ့မီးရထားအနေဖြင့် ရထားလမ်းနှင့် တံတားများ ပြင်ဆင်မွမ်းမံမှုကို လူအင်အား၊ ပစ္စည်းအင်အား၊ ထိရောက်သောထောက်ပံ့ပို့ဆောင်ရေးအစီအစဉ်တို့ဖြင့် စနစ်တကျစီမံကြီးကြပ်ဆောင်ရွက်ခဲ့မှုကြောင့် စက်တင်ဘာလ ၂၁ ရက်မှစ၍ ရန်ကုန်-မန္တလေးလမ်းပိုင်း၌ ရန်ကုန်-သာစည်၊ သာစည်-ရန်ကုန်ခရီးစဉ်အဖြစ် အမှတ်(၁၁)အဆန်/(၁၂)အစုန်လူစီးအမြန်ရထားကို စတင်ပြေးဆွဲပေးနိုင်ခဲ့သည်။

ရေတိုက်စားမှုကြောင့်ပျက်စီးသွားသည့် ဝမ်းတွင်းမြို့နယ်၊ သဲတောနှင့်သပြေတောင်းကြားရထားလမ်းပိုင်းနှင့် မိုင်တိုင်(၃၃၃/၁)ရှိ အဆန်လမ်းတံတားအမှတ်(၆၉၁)၏ကမ်းကပ်ခုံ ရေတိုက်စားခံရခြင်း၊ အစုန်လမ်းတံတားအမှတ်(၆၉၁)၏ပေ ၄၀ သံပေါင်လေးခု ရေထဲပြုတ်ကျခြင်း၊ အဆန်လမ်း/အစုန်လမ်း ရထားလမ်းတာပေါင်ရေတိုက်စားခံရခြင်းများတွင် အဆန်လမ်းတံတားအမှတ်(၆၉၁)ကို ယာယီတံတားဘေလီသံပေါင်နှင့် Steel Girder များ ထည့်သွင်းခြင်း၊ ရေတိုက်စားတာပေါင်များကို သံလမ်းဖြုတ်သိမ်း၍ သဲအိတ်စီထပ်ခြင်း၊ (၆"x၉")လက်မကျောက်ကြီးများထည့်သွင်းခြင်း၊ မြေဖို့ခြင်းများ ဆောင်ရွက်ပြီးနောက် သံလမ်းပြန်လည်ခင်းခြင်း၊ ရေတိုက်စားနေရာများတွင် သစ်သားဖားထပ်ခွေယာယီ ဆောင်ရွက်ခြင်းစသည့် အကြီးစားပြင်ဆင်မွမ်းမံမှုများကို ဆောင်ရွက်ခဲ့ရသည်။

အဆိုပါလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်း နိုင်ငံတော်အကြီးအကဲကိုယ်တိုင် စက်တင်ဘာလ ၂၉ ရက်တွင် လာရောက်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများကို လိုအပ်သည်များလမ်းညွှန်မှာကြားခြင်း၊ ပံ့ပိုးဖြည့်ဆည်းပေးခြင်းများ ပြုလုပ်ပေးခဲ့သည်။ မြန်မာ့မီးရထားမှတာဝန်ရှိသူများနှင့် ဝန်ထမ်းများ၏ အားထုတ်ကြိုးပမ်းပြုပြင်ဆောင်ရွက်ပေးခဲ့မှုများကြောင့် အောက်တိုဘာလ ၂ ရက် ည ၇ နာရီ ၂၆ မိနစ်အချိန်တွင် သဲတော-သပြေတောင်းအကြား အဆန်လမ်း ပြန်လည်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်၍ ရန်ကုန်-မန္တလေး အမှတ်(၁၁)အဆန်နှင့် မန္တလေး-ရန်ကုန် အမှတ်(၁၂)အစုန် လူစီးအမြန်ရထားများ၊ ရန်ကုန်-မန္တလေး အမှတ်(၁)အဆန်၊ မန္တလေး-ရန်ကုန် အမှတ်(၂)အစုန်စာပို့ရထားခရီးစဉ်များကို ယနေ့မှစတင်ပြေးဆွဲပေးလျက်ရှိကြောင်းနှင့် ကုန်ရထားများကိုလည်း အောက်တိုဘာလ ၄ ရက်မှစတင်၍ ပုံမှန်ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်းသိရသည်။




အမှတ်(၁၁)အဆန် လူစီးအမြန်ရထား ကျောက်တံခါးဘူတာသို့ ရောက်ရှိစဉ်။

မြန်မာ့မီးရထားအနေဖြင့် ပြည်သူများ ခရီးသွားလာမှု လွယ်ကူအဆင်ပြေစေရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်စေရေးအတွက် ရထားလမ်းပိုင်းအသီးသီးတွင် လူစီးရထားနှင့် ကုန်ရထားများ ပြေးဆွဲပေးခြင်းကို ဆောင်ရွက်ပေးလျက်ရှိရာ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း ရေကြီးရေလျှံမှုဖြစ်ပွား၍ ရထားလမ်း၊တံတားများထိခိုက်ပျက်စီးသွားမှုကြောင့် ယာယီရပ်နားခဲ့ရသည့် ရန်ကုန်-မန္တလေး ခရီးစဉ်အမှတ်(၁၁)အဆန်/(၁၂)အစုန် လူစီးအမြန်ရထားနှင့် အမှတ်(၁)အဆန်/(၂)အစုန် စာပို့ရထားတို့ကို မူလပြေးဆွဲချိန်များအတိုင်း ဆက်လက်ပုံမှန်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# More than 30,000 acres of monsoon paddy thriving in Kanbalu Township

KANBALU October 3

A total of 34,741 acres of monsoon paddy has been planted in Kanbalu Township of Sagaing Region this monsoon, according to Kanbalu Township Agriculture Department.

Local authorities earmarked cultivation of 142,558 acres of monsoon paddy in Kanbalu Township but local farmers planted 34,741 acres of monsoon paddy against the target cultivation this monsoon.

U Myo Zaw, Head of Kanbalu Township Agriculture Department commented: "Township officials earmarked cultivation of more than 100,000 acres of monsoon paddy but local farmers have so far planted over 30,000 acres of crops. Our department helps local farmers with necessary agricultural techniques and quality strains of crops. Moreover, officials make field trips to farmlands for inspection of growing monsoon paddy in time.

This year, relevant township agriculture department cooperates with local farmers in growing monsoon paddy meeting the target without difficulties.

Moreover, staff of the township department share agricultural techniques, prevention of pests and keeping paddy under shelters in time with local farmers not to cause loss and damage of paddy.



Agricultural staff and local farmers are joining hands in striving for boosting per-acre yield of paddy with use of quality strains of crops, prevention of pests, weeding farmlands and removal of different strains as well as use of fertilizers.

**SK**

# Kidney bean marketable in Mandalay market due to high demand from abroad



MANDALAY October 3

"High demand from abroad helps rise trading of kidney bean in Mandalay market," said U Set Maung Swe, Secretary of Brokers, Merchants and Millers Maha Kahteindaw Association (Mandalay Commodity Centre).

China's demand resurges to purchase kidney bean from Myanmar. So, trading of kidney bean is better in Mandalay market.

U Set Maung Swe remarked, "Not only Chinese merchants but Indian traders offer to purchase kidney bean from Myanmar. It helps rise trading of the bean in domestic market."

In Mandalay market, kidney bean fetched Ks-370,000 per three-basket bag of kidney bean on 6 September.

"Kidney bean is one of the good trading pulses and beans in Mandalay market," he added.

**SK**

# Danubyu Township ships 71,000 bags of Manaw Thukha rice to the Yangon market

DANUBYU October 3

"A total of 71,000 24-basket bags of Manaw Thukha rice were shipped from Danubyu Township, Ayeyawady Region, to the Yangon market during August," said Daw Khin Khin Win, owner of a rice trading fair in Danubyu Township.

Danubyu Township was able to sell only 50,000 bags of Manaw Thukha rice to the Yangon market during July. This type of rice belongs to the type of broken rice.

"During August, we sold a lot of Manaw Thukha rice to the Yangon market. Most of the agricultural products from Danubyu Township are sent to the Yangon market. There are connections to buy a lot of Manaw Thukha rice from the Yangon market this month. Compared to other types of rice, this type of rice has been traded more in the past month and now. Rice bags are mainly sent by road," she said.

The price of ten bags of Manaw Thukha rice is Ks-980,000 in the market.

**SMK**

# Hinthada supplies Yangon market with 65,000 bags of cow peas

HINTHADA October 3

"A total of 65,000 16-basket bags of cow peas from Hinthada Township, Ayeyawady Region were sold in August to Yangon Market," said Daw Hsu Mon, an agricultural produce trader in Hinthada Township.

During July, only 40,000 bags of cow peas were transported from Hinthada Township to Yangon market. These local cow peas were purchased by traders from Hinthada Township and shipped to Yangon.

"The quality of the cow peas sold to the Yangon market and the local market is good. We sold many bags of cow peas from Hinthada Township to Yangon in August. Since we can ship and sell to other markets, we can also exchange goods and the price is also good. The purchase of the cow peas from the Yangon market is strong. The sale of cow peas is increases due to the domestic consumption. Since the sale of cow peas to the Yangon market has increased, it is convenient for traders as well as workers," she said. **SMK**

# Monywa District sees completion of growing more than 4,000 acres of banana

MONYWA October 3

Monywa District Agriculture Department stated that a total of 4,228 acres of banana has been planted in Monywa District of Sagaing Region this year.

In 2024-2025 monsoon, local farmers in Monywa Township have grown 135 acres of banana, Budalin Township 2,696 acres, Ayadaw Township 1,332 acres and ChaungU Township 65 acres, totalling 4,228 acres.

Daw San San Myint, Head of Monywa District Agriculture Department explained: "In monsoon this year, Monywa District earmarked cultivation of 4,228 acres of banana. Local farmers have completed cultivation of all earmarked sown acreage of banana. They plant banana on dykes of paddy fields where these plants are free from pests due to the fact that farmers spray pesticides at paddy fields."

Farmers grow some 1,000 saplings of banana per acre and they cost Ks-2 million per acre but can earn some Ks-5 million in harvest time.

Officials of Monywa District Agriculture Department urged local farmers to prevent pests, minimize chemical residue at crops and use good agricultural practices for their crops.

**SK**

# State Administration Council
# Press Release
## Re-invitation to Myanmar citizens who reside in various regions for many reasons

1. Some student youths, State service personnel and citizens evaded to areas of EAOs and foreign countries with worries because of incitements and intimidation of NLD members, extremist followers, unlawful associations and terrorist groups such as CRPH and NUG, incitement of CDM, and the persons and organizations at home and abroad not wishing to restore the peace and stability of the State since after 1 February 2021 when the Tatmadaw assumed the State responsibility.

2. They are further worried about the dictatorship statement and speeches of unlawful association and terrorist group CRPH and NUG, and some relevant persons. As they face no security guarantee and difficulties in socio-economic life in their areas, they wish to return to their native lands.

**3. The State Administration Council will specially ease the restrictions for service personnel, intellectuals and intelligentsia, and the persons from various arenas and citizens who evaded from the country with worries, except the persons who committed murders, robbery, setting fire, mine explosions and intentional attacks on security troops, those who crowded to attack public service personnel and some people, those who destroyed government owned buildings and private owned buildings and those who deeply participated in the CDM activities with providing monetary assistance and other ways.**

4. As those who evaded from their native areas are also citizens, the State Administration Council will arrange their returns from the evaded areas to various parts of Myanmar.

5. As such, the information was released that if those who evaded to various areas, except the persons who committed any kinds of crime, wish to return to their native lands in Myanmar of their own accord due to various worries, the citizens abroad are to contact nearby ward, village, township and district administration bodies and relevant embassies, military attaché offices and consulates in accord with the easing restrictions under the law.

**Information Team**
**State Administration Council**

# Basic Sewing Machine Operator Training Course to conduct in this month

YANGON October 3

Myanmar Garment Manufacturers Association (MGMA) will conduct a Basic Sewing Machine Operator Training Course (Batch 244) from 7 to 25 October 2024 at the Myanmar Garment Human Resources Development Training Centre (MGHRDC).

The course will provide practical and technical approaches to sewing machines, different sewing methods, labour laws and practices. This training will also help those hunting jobs from regions outside Yangon connect with the garment factories with a view to creating job opportunities.

Those who wish to attend the training can enrol through the contact numbers of MGHRDC at 09 940858350, 09 450723262, 09 9403912570, 09 784085794 and 09 952802635. **SK**

# Monsoon crops harvested and winnowed in Pwintbyu Township

PWINTBYU October 3

Statistics of Pwintbyu Township of Magway Region has harvested and winnowed all kinds of monsoon crops on 12,076 acres of land this year.

Local farmers grew paddy, sesame, groundnut, sunflower, green gram, lablab bean, pigeon pea, corns, long staple cotton, sugarcane, vegetables, banana, coconut, herbal plants and other crops with the use of water from Mezali diversion weir and underground water.

They grew these crops with the aim of increasing productivity and food security in the region. So far, they have planted 111,022 acres of all crops and harvested 12,076 acres of crops so far.

Daw Moe Moe Wai, Head of Pwintbyu Township Agriculture Department stated: "Farmers planted groundnut, sesame green gram, cattle feeds, and other crops from 111,022 acres of land in order to ensure food security of the township, increase incomes of farmer families and raise crop productivity. They started harvesting of 12,076 acres of crops in late July. With regard to yields, groundnut yielded 54.32 baskets per acre, sesame 8.12 baskets, green gram 19.32 baskets, 2,330 bales of feeds, 3,520 viss of vegetable per acre, 4,164 bunches of coconut, 1,432 primary bunches of banana, and 14,658 fruits per acre of crops. We urged local farmers to keep crops under shelters in time not to face loss and waste."

This year, staff of Township Agriculture Department help local farmers choose quality strains of crops, use correct agricultural techniques, prevent pests, make natural fertilizers and pesticides and follow harvesting of crops in time. **SK**

# Ayeyawady Region Investment Committee approves eight projects in April-August

PATHEIN October 3

Ayeyawady Region Investment Committee (ARIC) greenlit two foreign enterprises and six domestic projects made by Myanmar citizens with an estimated capital of US$-5.6 million and Ks-20.8 billion in April-August of the current financial year, creating 1,382 jobs for locals, according to ARIC Director U Thet Paing.

The region is suitable for agro-based industries, attracting domestic and foreign investors. Moreover, some investors eye cutting, making and packing (CMP) garment businesses and service sectors in the region.

The committee is exerting continuous efforts to spur investments, support existing businesses, entice new investors, increase job opportunities in the region, enhance the socio-economy of the local community, and endorse businesses that are in line with rules and regulations. **SMK**

# Mideast in pictures: Israeli airstrikes on Lebanon ruin residential areas

BEIRUT October 3

Israeli airstrikes on Lebanon have intensified recently, targeting various locations in the country, particularly in the capital Beirut and its southern suburbs.

These strikes have resulted in significant destruction of residen-tial areas and infrastructure, forcing many residents to evacuate their homes in search of safety.

Israel said that the goal of its military operations in Lebanon is to enable its citizens displaced by Hezbollah bombardment during the Gaza war to return home safely.

The escalation of violence has raised concerns about the ongoing conflict's impact on civilians and the broader stability of the region.

According to a report released by Lebanese authorities on Wednesday, the total number of displaced persons in Lebanon due to Israeli airstrikes has increased to nearly 1.2 million.

**Xinhua**



# Houthis say attacked 'vital target' in Tel Aviv area, call operation successful

MOSCOW October 3

Yemen's Ansar Allah movement, also known as the Houthis, said on Thursday that it had launched a drone strike on a "vital target" in Tel Aviv area, adding that the operation was successful.

"The UAV force of Yemeni Armed Forces carried out a military operation targeting a vital target in Yaffa (Tel Aviv) area in occupied Palestine with a number of Yaffa drones. The operation has successfully achieved its objectives, as the drones reached their targets without the enemy being able to confront or shoot them down," the movement wrote on Telegram.

**Sputnik**

# Russia, China intensively developing defence industry cooperation - Lavrov




MOSCOW October 3

Moscow and Beijing are intensively developing military and defence industry cooperation, while their actions are absolutely transparent and not directed against third countries, Russian Foreign Minister Sergey Lavrov said.

Top diplomat added Russia-China partnership is based on "the high level of mutual trust".

"The high level of mutual trust allows us to intensively develop military and military-technical cooperation, conduct joint military exercises, organize air and sea patrols, and carry out friendly interaction in the area of the common border. All this helps to strengthen the security of our countries, maintain international and regional stability, primarily in Greater Eurasia," Lavrov said in an article for the Rossiyskaya Gazeta daily.

The article is dedicated to the 75th Anniversary of the establishment of diplomatic relations between Russia and China.

**Sputnik**

# China to launch new crew to space station this month

BEIJING October 3

China is scheduled to launch the Shenzhou-19 crewed spaceship and welcome the Shenzhou-18 taikonauts back to Earth in late October, according to the China Manned Space Agency.

According to the agency's October mission plan released this week, the Shenzhou-18 crew, who are on board China's orbiting Tiangong space station, will complete their six-month space mission this month and embark on the journey back.

The Shenzhou-18 crew consists of three male taikonauts -- Ye Guangfu, Li Cong and Li Guangsu. The crew was launched into space on April 25.

During the week-long National Day holiday, the Shenzhou-18 crew is striving to maintain a regular, orderly work-life balance. However, their time is mostly occupied by a heavy workload, including scientific experiments, data collection, and preparation for the arrival of the new crew and handover work.

According to recent footage released by the China Media Group, the three Shenzhou-18 taikonauts expressed their excitement for the upcoming "reunion" in the space station. They said they would clean up the "rooms," prepare "reunion meals," and make sure the newcomers "feel at home."

**Xinhua**

# Russian air defence shoots down 113 Ukrainian drones overnight

MOSCOW October 3

Russian air defence systems destroyed 113 Ukrainian drones overnight over the Belgorod, Voronezh, Kursk and Bryansk Regions, the Russian Defence Ministry said on Thursday.

"During the past night, an attempt by the Kiev regime to carry out a terrorist attack using fixed-wing drones against targets on the territory of the Russian Federation was prevented. Air defence systems intercepted and destroyed 113 Ukrainian unmanned aerial vehicles: 73 drones over the territory of the Belgorod Region, 25 drones over the territory of the Voronezh Region, 14 drones over the territory of the Kursk Region and one over the territory of the Bryansk Region," the ministry said.

**Sputnik**

# Typhoon Krathon makes landfall in southern Taiwan

TAIPEI October 3

Typhoon Krathon made landfall in southern Taiwan's Kaohsiung at around 12:40 p.m. Thursday, according to the local meteorological agency.

The typhoon is forecast to move northeast and then north at an estimated speed of four to eight km per hour, packing winds of up to 126 km per hour near the center, the meteorological agency said.

According to the local disaster response center, as of Thursday morning, the typhoon has resulted in two fatalities, two people missing and over 120 injuries.

Typhoon Krathon has forced the suspension of classes and business operations in 22 counties and cities and the suspension of high-speed railway service in southern Taiwan until 6 p.m. Thursday.

The island's Taoyuan International Airport announced the suspension of 211 flights on Thursday, while 14 highway sections across the island were closed.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# The most detailed map of the brain EVER seen: Stunning images reveal all 139,255 neurons - and the 50 million connections between them

- **Researchers have produced a full map of an adult fruit fly's brain cells**
- **This map could help us understand how our own minds create complex thought**

The structure of the brain is one of the most bafflingly complex puzzles in the universe.

But now, an international team of scientists has created the first map showing every neuron and connection in an adult brain.

This 'wiring diagram', created by the FlyWire Consortium, reveals each of the 139,255 neurons in the brain of a fruit fly and the 50 million connections between them.

While the human brain has about one million times more neurons than that of a fly, the researchers say this takes us closer towards understanding our own minds.


Co-leader of the project Dr Gregory Jefferis, of the University of Cambridge, says: 'Brain wiring diagrams are a first step towards understanding everything we're interested in – how we control our movement, answer the telephone, or recognise a friend.'

Even though the brain of an adult fruit fly is less than one millimetre across, it is still an enormously complicated structure to study.

To produce this groundbreaking map, the brain of a female adult fruit fly was carefully cut into 7,000 segments each only 40 nanometers thick.

Each segment was then individually scanned using a high-powered electron microscope to reveal the individual cells that make up the brain.

The resulting dataset took up 100 Terabytes of storage - the equivalent of 2,500 high-definition movies.



An international team of scientists has created the first map showing every neuron and connection in an adult brain.

The researchers developed an AI capable of reconstructing a map of the brain by identifying each and every neuron and connection.

However, since the AI was still prone to some errors, a team of 287 researchers from more than 76 laboratories around the world combed through the entire dataset to check for mistakes. If an individual person had been working non-stop to check the data, the researchers estimate it would have taken 33 years to complete the project.

While the effort was monumental, the pay-off is the most detailed map of any animal's brain ever produced.

This map has been published in two papers in Nature and has been made openly available for other scientists.

Compared to earlier attempts to detail small regions of a fly's brain, this new map contains seven times more neurons and records 54.5 million individual connections.

Previously the largest brains to be fully mapped belonged to fruitfly larvae which have 3,016 neurons or nematodes which only have 302.

This marks the first time that scientists have been able to map the brain of an animal that can walk, see, and engage in complex behaviour.

The researchers believe this could pave the way to understanding the fundamental dynamics that allow for complex behaviour.

Dr Jefferis says: 'Flies can do all kinds of complicated things like walk, fly, navigate, and the males sing to the females.

'If we want to understand how the brain works, we need a mechanistic understanding of how all the neurons fit together and let you think.'

One insight which has already emerged from the study is that our brains may not be as unique as we think.

Compared to previous partial brain maps, the researchers discovered significant similarities in how the neurons were wired together.

This suggests that our brains may not be 'a unique structure like a snowflake' but rather follow set patterns.

The researchers found that just 0.5 per cent of neurons in the brain had variations which caused them to be wired differently.

These miswired neurons could be the source of our mind's individuality or brain disorders.

However, seeing how the neurons fit together is only the first part of the puzzle.

If scientists want to start simulating fruit fly's brains digitally, we also need to know what all the parts of the brain are doing.

Co-first author Dr Philipp Schlegel, from the MRC Laboratory of Molecular Biology, says: 'This dataset is a bit like Google Maps but for brains: the raw wiring diagram between neurons is like knowing which structures on satellite images of the earth correspond to streets and buildings.

'Annotating neurons is like adding the names for streets and towns, business opening times, phone numbers, reviews, et cetera to the map – you need both for it to be really useful.'

The researchers have already identified more than 8,400 unique cell types responsible for abilities like sight or movements including 4,581 previously unknown types.

These allow us to see, in neuron-by-neuron detail, the structures responsible for a fly's natural navigation skills, their ability to recognise shapes, and even how they listen to each other's songs.

Since fruit flies are a common animal in research labs all around the world, the researchers believe these insights will yield a deeper understanding of the brain's inner workings.

Co-lead researcher Professor David Bock, of the University of Vermont, says: 'This will inevitably lead to a deeper understanding of how nervous systems process, store and recall information.

'I think this approach points the way forward for the analysis of future whole-brain connectomes, in the fly as well as in other species.' **Mail Online**

# တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ပြည်လုံးကျွတ် ဆက်လက်ကောက်ယူလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၃

သန်းခေါင်စာရင်းကောက်ယူသည့် လုပ်ငန်းကို ကမ္ဘာ့နိုင်ငံကြီးများတွင် ဆယ်နှစ်လျှင်တစ်ကြိမ် ကောက်ယူကြကြောင်း သိရသည်။ လူဦးရေသန်းခေါင်စာရင်း အချက်အလက်များသည် နိုင်ငံ၏ လက်ရှိပကတိအခြေအနေ၊ နိုင်ငံအတွင်း နေထိုင်သူများ နေရာဒေသ၊ မြို့ပြကျေးလက်အလိုက် လူဦးရေ၊ အသက်အပိုင်းအခြားအလိုက်လူဦးရေ၊ ပညာအရည်အချင်း၊ လုပ်ငန်းအမျိုးအစား၊ နေထိုင်မှုပုံစံအလိုက် လူဦးရေတို့ကို ခွဲခြားသိရှိနိုင်သည့်အတွက် နေရာဒေသအလိုက် လိုအပ်သည့်အစီအမံများ ချမှတ်နိုင်ရန် အခြေခံအရင်းအမြစ်များကို ဖော်ထုတ်ပံ့ပိုးပေးနိုင်သည်။

ယခု ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကို တွေ့ရှိရာအရပ်တွင် ကောက်ယူသည့်မှုဖြင့် စာရင်းကောက်များက တစ်အိမ်တက်ဆင်း အိမ်တိုင်ရာရောက် Mobile Tablet များဖြင့် ကွန်ပျူတာအထောက်အကူပြု လူတစ်ဦးချင်း ကောက်ယူသည့်စနစ် CAPI စနစ်ဖြင့် ကောက်ယူလျက်ရှိပြီး အောက်တိုဘာလ ၁၅ ရက်အထိ ကောက်ယူသွားမည်ဖြစ်သော်လည်း လမ်းပန်းဆက်သွယ်ရေး အခက်အခဲ၊ နယ်မြေဒေသလုံခြုံရေးဆိုင်ရာ အခက်အခဲများရှိနိုင်သဖြင့် ရက်တိုးမြှင့်ကောက်ယူနိုင်ရေးအတွက်လည်း ကြိုတင်စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။

ထိုသို့ ကောက်ယူလျက်ရှိရာ ယနေ့နံနက်ပိုင်းမှ စတင်ကာ စာရင်းစစ်/ကောက်များသည် အိမ်ထောင်စုမေးခွန်းပုံစံအတွက် မေးခွန်း (၆၈)ခု၊ အဖွဲ့အစည်းမေးခွန်းပုံစံအတွက် မေးခွန်း(၁၈)ခုကို နေပြည်တော် ကောင်စီနယ်မြေ၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ဆက်လက်မေးမြန်းကောက်ယူလျက်ရှိပြီး ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း၏ ရွှေ့ပြောင်းလူဦးရေစာရင်းကို ဒီဇင်ဘာလကုန်တွင် ထုတ်ပြန်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၅၀၀)



ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။



မိုင်းရှူးမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။



ခိုလမ်မြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။



ကွန်ဟိန်းမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။



မြောင်းမြမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-ခင်ရူပါ(မြောင်းမြ)



သထုံမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-ခရိုင်(ပြန်/ဆက်)



ဆိပ်ဖြူမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-ကိုဖွဲ့(အညာမြေ)



တာမွေမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-နိုင်လင်းအောင်(ပြန်/ဆက်)



ပုဇွန်တောင်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-ဟန်စုယဉ်



ကျွန်းလှမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-မျိုးဝင်းညို(ကျွန်းလှ)



ကျိုက်လတ်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။ ဓာတ်ပုံ-လှိုင်မင်းအောင်



ကြို့ပင်ကောက်မြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်။

ဓာတ်ပုံ-ဇေယျာထွန်း(ကြို့ပင်ကောက်)

# ဖိလစ်ပိုင်က FA-50 တိုက်လေယာဉ်များအတွက် KAI နှင့် PBL စာချုပ်ချုပ်မည်

မနီလာ၊ စက်ရေး

ဖိလစ်ပိုင်နိုင်ငံက တောင်ကိုရီးယားမှ ကိုရီးယားလေကြောင်းစက်မှုလုပ်ငန်း (KAI)နှင့် စွမ်းပကားအခြေခံထောက်ပံ့ပို့ဆောင်ရေးသဘောတူစာချုပ် (PBL)ကို ချုပ်ဆိုရန်ပြင်ဆင်နေပြီဖြစ်သည်။

ထိုကဲ့သို့သောစာချုပ်ကိုချုပ်ဆိုရန်ပြင်ဆင်ခြင်းသည် KAI အတွက်ပထမဆုံးဖြစ်သည့်အပြင် နှစ်နိုင်ငံကြားဆက်ဆံရေးကို တိုးတက်စေမည့် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတစ်ခုဖြစ်လာမည်ဖြစ်သည်။

စာချုပ်တန်ဖိုးမှာ ဝမ် ၂၇ ဘီလီယံရှိပြီး စာချုပ်ထဲတွင် KAI က ဖိလစ်ပိုင်၏ FA-50 တိုက်လေယာဉ်များအတွက် အပိုပစ္စည်းများ၊ စီမံခန့်ခွဲမှုစနစ်များနှင့် မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုများပေးအပ်ခြင်းတို့ပါဝင်သည်။ လက်ရှိစာချုပ်သက်တမ်းမှာ တစ်နှစ်သာဖြစ်သော်လည်း ထိုစာချုပ်ကိုအခြေခံ၍အနာဂတ်တွင် နှစ်များစွာကြာသက်တမ်းရှိ အလားတူစာချုပ်ကို ချုပ်ဆိုနိုင်စေမည်ဖြစ်သည်။

FA-50 တိုက်လေယာဉ်သည် KAI က ထုတ်လုပ်သည့် အပေါ့စားတိုက်ခိုက်ရေးလေယာဉ်တစ်မျိုးဖြစ်သည်။ ၎င်းကို အသံထက်မြန်သောအဆင့်မြင့်လေ့ကျင့်ရေးနှင့်အပေါ့စားတိုက်ခိုက်ရေးလေယာဉ်တစ်စင်းအဖြစ် ကနဦးဒီဇိုင်းရေးဆွဲထားသည့် T-50 Golden Eagle လေယာဉ်ဒီဇိုင်းမှ ဆင်းသက်လာခြင်းဖြစ်သည်။

FA-50 တိုက်လေယာဉ်ကို တောင်ကိုရီးယား၊ ပိုလန်၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့ကအသုံးပြုနေပြီး ၎င်း၏စွမ်းဆောင်ရည်မှာ နောက်ဆုံးပေါ်တိုက်လေယာဉ်များနှင့်ပင် ယှဉ်ပြိုင်နိုင်စွမ်းရှိကြောင်းသိရသည်။ Ref: AR




# မုန်တိုင်းကရတ်သွန် ထိုင်ဝမ်ကျွန်းသို့ဝင်ရောက် လူနှစ်ဦးသေဆုံးထား

တိုင်ပေ၊ ရာသီဥတု

အင်အားပြင်းတိုင်ဖွန်းမုန်တိုင်းတစ်လုံးဖြစ်သည့် ကရတ်သွန်သည် အောက်တိုဘာလ ၃ ရက် မွန်းလွဲပိုင်းတွင် ထိုင်ဝမ်ကျွန်း တောင်ပိုင်းသို့ဝင်ရောက်တိုက်ခတ်ရာ လူနှစ်ဦးသေဆုံးထားကြောင်းသိရသည်။

မုန်တိုင်းက ကုန်းတွင်းပိုင်းသို့ဝင်ရောက်တိုက်ခတ်ချိန်တွင် အဆင့် ၁ မုန်တိုင်းအဖြစ် အားပျော့သွားသော်လည်း မိုးသည်းထန်စွာရွာသွန်းမှု၊ လေပြင်းတိုက်ခတ်မှုနှင့် မုန်တိုင်း၏အရှိန်ကြောင့် လှိုင်းကြီးမှုများဖြစ်ပွားနိုင်သည့်အတွက် ဒေသခံများကို နေအိမ်တွင်သာဆက်လက်နေထိုင်ကြရန် တာဝန်ရှိသူများက သတိပေးထားသည်။

မုန်တိုင်းသည် ကောင်းရှုံမြို့သို့ဝင်ခြင်းဖြစ်သည်။ သို့သော် ဒေသတစ်ခုလုံးရှိ စာသင်ကျောင်းများ၊ အလုပ်များကိုပိတ်ရန် တာဝန်ရှိသူများကညွှန်ကြားထားသည့်အပြင် လေယာဉ်ခရီးစဉ်များအားလုံးကို ဖျက်သိမ်းကာ ငွေကြေးဈေးကွက်များကိုလည်းပိတ်လိုက်ရသည်။

မုန်တိုင်းကြောင့်သေဆုံးသူနှစ်ဦးစလုံးမှာ တောင်ပေါ်ဒေသများမှဖြစ်ပြီး တစ်ဦးသည် သစ်ပင်ခုတ်နေစဉ်ပြုတ်ကျသေဆုံးခြင်းဖြစ်ကြောင်းနှင့် အခြားတစ်ဦးမှာမူ တောင်ပေါ်မှကျလာသော ကျောက်တုံးက ၎င်းစီးလာသောကားကိုထိမှန်ခြင်းကြောင့် သေဆုံးခြင်းဖြစ်ကြောင်း မီးသတ်တပ်ဖွဲ့က ထုတ်ပြန်ထားသည်။ Ref: BP



# ထိုင်းနိုင်ငံ မယ်ဆိုင်ခရိုင်ရှိပြည်သူများ ရေကြီးမှုထပ်မံခံစားရ

ဘန်ကောက်၊ သဘာဝဘေး

ထိုင်းနိုင်ငံ မယ်ဆိုင်ခရိုင်၌ ပြီးခဲ့သည့်လတွင်ရေကြီးမှုဖြစ်ပွားပြီးမကြာမီမှာပင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နောက်ထပ်ရေကြီးမှုကိုခံစားနေရကြောင်း တာဝန်ရှိသူများက အောက်တိုဘာလ ၃ ရက်တွင် ထုတ်ပြန်ထားသည်။

အထူးသဖြင့် ထိုင်းနိုင်ငံမယ်ဆိုင်မြို့နှင့် မြန်မာနိုင်ငံ တာချီလိတ်မြို့တို့ကြားဆက်သွယ်ထားသည့် ထိုင်း-မြန်မာချစ်ကြည်ရေးတံတားအနီး၌ မြစ်ကမ်းပါးများပြိုကျခြင်းကြောင့် နံနက် ၉ နာရီဝန်းကျင်တွင် ဒေသခံများမှာ ရေကြီးမှုနှင့်ထပ်မံရင်ဆိုင်ရခြင်းဖြစ်သည်။

အောက်တိုဘာလ ၂ ရက်တွင် ညလုံးပေါက် မိုးထစ်ချုန်းရွာသွန်းခြင်းက မြစ်ရေကြီးခြင်းနှင့် ရေလွှမ်းမိုးခြင်းတို့ကိုထပ်မံဖြစ်ပေါ်စေခြင်းဖြစ်ကြောင်း ဒေသခံများကပြောသည်။

လက်ရှိ၌ ယခင်ရေကြီးမှုကြောင့်ရှင်းလင်းရေးလုပ်ငန်းလုပ်နေသူများနှင့် ဒေသခံများအနေဖြင့် ကုန်းမြင့်ဒေသများသို့ရွှေ့ပြောင်းနေကြရန် တာဝန်ရှိသူများကသတိပေးထားသည်။ Ref: NT

## သတင်းတိုကဏ္ဍ

### ကမ္ဘောဒီးယားက တန်ဖိုးမြင့်ကားများ အများဆုံးစုဝေးခြင်းဖြင့် ဂင်းနစ်မှတ်တမ်းဝင်

ကမ္ဘောဒီးယားနိုင်ငံက တန်ဖိုးမြင့်ကားများအများဆုံးစုဝေးခြင်းဖြင့် ဂင်းနစ်မှတ်တမ်းဝင်သွားကြောင်း ဝန်ကြီးချုပ်ရုံးမှ နတ်က အောက်တိုဘာလ ၃ ရက်တွင်ပြောသည်။

ထိုတန်ဖိုးမြင့်ကားများစုဝေးပြသခြင်းကို နာမည်ကျော် အန်ကောရေးဟောင်းသုတေသနဥယျာဉ်ဝင်းအတွင်း၌ ကျင်းပခြင်းဖြစ်သည်။

ထိုစုဝေးပြသပွဲ၌ တန်ဖိုးမြင့်ကားနှင့် အလွန်တန်ဖိုးကြီးကားအစီးရေ ၁၇၉ စီးကို အန်ကောဝပ်ဘုရားကျောင်းရှေ့၌ ပြသခဲ့ခြင်းဖြစ်သည်။

စက်တင်ဘာလ ၁၇ ရက်တွင်ကျင်းပသည့်အဆိုပါပြပွဲသို့ ဂင်းနစ်မှတ်တမ်းတင်အဖွဲ့မှတာဝန်ရှိသူများတက်ရောက်ကာ မှတ်တမ်းရယူမှုများလုပ်ဆောင်ပြီး ရလဒ်ကိုမူ အောက်တိုဘာလ ၃ ရက်မှသာ ကြေညာခြင်းဖြစ်သည်။

ထိုပြပွဲပြုလုပ်ရာ အန်ကောဝပ်ဘုရားကျောင်းသည် အန်ကောရေးဟောင်းသုတေသနဥယျာဉ်ဝင်းအတွင်းရှိ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ဘုရားကျောင်းတစ်ခုဖြစ်ကြောင်းသိရသည်။ Ref: Xinhua

### မဏိပူရပြည်နယ်၌ လူတစ်စုက ရဲစခန်းအတွင်းဝင်ပြီး လက်နက်များလုယူမှုဖြစ်ပွား

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်း မဏိပူရပြည်နယ်၌ ဆူပူအုံကြွနေသောလူတစ်စုက ရဲစခန်းအတွင်းဝင်ပြီး လက်နက်များကိုလုယူမှုဖြစ်ပွားကြောင်း တာဝန်ရှိသူများက အောက်တိုဘာလ ၃ ရက်တွင် ပြောသည်။

အဆိုပါဖြစ်စဉ်သည် အင်ဖာမြို့အရှေ့မြောက်ဘက် ၇၉ ကီလိုမီတာအကွာ အူခရူမြို့၌ အဖွဲ့နှစ်ဖွဲ့ကြား အောက်တိုဘာလ ၂ ရက်တွင် ခိုက်ရန်ဖြစ်ပွားရာမှစတင်ခြင်းဖြစ်သည်။ ခိုက်ရန်ဖြစ်ပွားစဉ် အပြန်အလှန်ပစ်ခတ်မှုများလည်းဖြစ်ပွားကာ လူသုံးဦးသေဆုံးပြီး လူ ၂၀ ကျော်ဒဏ်ရာရရှိသည်။

ထိုသို့ရန်ပွဲဖြစ်ပွားနေစဉ် လူတစ်စုက ရဲစခန်းအတွင်းဝင်၍ လက်နက်များနှင့် ခဲယမ်းများကို လုယက်ယူဆောင်ခြင်းဖြစ်သည်ဟု ပြည်တွင်းသတင်းဌာနများက ဖော်ပြထားသည်။

ယခုအခါ တာဝန်ရှိသူများကတားမြစ်အမိန့်များကိုထုတ်ပြန်ကာ အင်တာနက်ဝန်ဆောင်မှုများကို ခေတ္တဖြတ်တောက်ထားသည်။ ထို့ပြင် အခြေအနေကိုထိန်းသိမ်းနိုင်ရေးအတွက် အခြားအစိုးရတပ်ဖွဲ့များက ထိုနေရာသို့လာနေပြီဖြစ်ကြောင်း တာဝန်ရှိသူများကပြောထားသည်ဟုသိရသည်။ Ref: Xinhua

### ရုရှားနိုင်ငံအရှေ့ဖျားစွန်း၌ နောက်ဆုံးပေါ်ဒရုန်းနည်းပညာပြပွဲကျင်းပ

ရုရှားနိုင်ငံအရှေ့ဖျားစွန်းဒေသ၌ အရပ်ဘက်သုံးနောက်ဆုံးပေါ်ဒရုန်းနည်းပညာပြပွဲကိုကျင်းပကြောင်းသိရသည်။ Archipelago 2024 ဟုအမည်ပေးထားသည့် ထိုပြပွဲ၌ ဒရုန်းပြိုင်ပွဲများစွာလည်းပါဝင်ကြောင်း ပွဲစီစဉ်သူများကပြောသည်။

အဆိုပါပြပွဲတွင် ရုရှားနိုင်ငံထုတ်ဒရုန်းအမျိုးအစား ၃၀ ကျော်ကိုပြသခဲ့ပြီး ပြပွဲတွင်ပါဝင်သူပေါင်း ၃၅၀၀ ကျော်ရှိကြောင်းနှင့် ယခုနှစ်ပြပွဲတွင် စိုက်ပျိုးရေးလုပ်ငန်းသုံးမှသည် သဘာဝဘေးစောင့်ကြည့်ရေးဒရုန်းများအထိကို လက်တွေ့စမ်းသပ်မှုများပါဝင်သည်ဟု ပွဲစီစဉ်သူများကဆက်ပြောသည်။

ထို့ပြင် ယခုပြပွဲ၌ ဝေဟင်ထိန်းချုပ်မှုနည်းပညာများကိုလည်း ဖော်ထုတ်ပြသစမ်းသပ်မှုများလုပ်ဆောင်သည်။ ထိုနည်းပညာများတွင် သမားရိုးကျရေဒါစနစ်များက သတိမပြုမိနိုင်သော ဒရုန်းများနှင့်သေးငယ်သောအရာဝတ္ထုများကို ခြေရာခံခြင်း၊ ထောက်လှမ်းခြင်းနှင့် အမျိုးအစားခွဲခြင်းတို့အပြင် မြေပြင်ပေါ်ရှိအခြေအနေများကို ထိန်းချုပ်စောင့်ကြည့်ခြင်းတို့လုပ်ဆောင်နိုင်သည့်နည်းပညာများပါဝင်ကြောင်းသိရသည်။ Ref: RT

### ဗီယက်နမ်ရှိတိရစ္ဆာန်ဥယျာဉ်နှစ်ခု၌ ကြက်ငှက်တုပ်ကွေးကြောင့် ကျား ၄၇ ကောင်သေဆုံး

ဗီယက်နမ်နိုင်ငံရှိ တိရစ္ဆာန်ဥယျာဉ်နှစ်ခု၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုကြောင့် ကျား ၄၇ ကောင်အပြင် ခြင်္သေ့သုံးကောင်နှင့် ကျားသစ်တစ်ကောင်တို့ သေဆုံးကြောင်း ပြည်တွင်းသတင်းဌာနများက အောက်တိုဘာလ ၂ ရက်တွင် ဖော်ပြသည်။

သေဆုံးတိရစ္ဆာန်များကိုစစ်ဆေးချက်အရ H5N1 ကြက်ငှက်တုပ်ကွေးရောဂါပိုးကြောင့်သေဆုံးခြင်းဖြစ်သည်ဟု VNA သတင်းဌာနက ဆက်လက်ဖော်ပြထားသည်။

၂၀၂၂ ခုနှစ်နောက်ပိုင်းမှစ၍ ကြက်ငှက်တုပ်ကွေးရောဂါပိုးများအပါအဝင် တုပ်ကွေးရောဂါများကြောင့် နို့တိုက်သတ္တဝါများတွင်သေဆုံးမှုများပြားလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကထုတ်ပြန်ထားသည်။ Ref: RTA

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ထပ်မံလွှဲပြောင်းပေးအပ်



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၃**

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ နယ်မြေများအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သည့် ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်ကြိုဆိုလက်ခံပွဲကို အောက်တိုဘာလ ၂ ရက် နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမင်္ဂလာခန်းမ၌ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းဝင်ရောက်လာသော PDF အဖွဲ့ဝင်များနှင့် ၎င်းတို့၏မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်ခဲ့သည့် PDF အဖွဲ့ဝင် အမျိုးသား ၁၃ ဦးတို့အား တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး ၎င်းတို့၏မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံကာ ထောက်ပံ့ပစ္စည်းများပေးအပ်သည်။ ယင်းနောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိသော PDF သင်တန်းဆင်းလူငယ်များ၏ မိသားစုဝင်များကိုယ်စား အုပ်ထိန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံခဲ့ကြသည်။

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်း ပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဖြစ်ကြောင်း နိုင်ငံတော်အစိုးရက ထုတ်ပြန်ထားပြီးဖြစ်ရာ ပြစ်မှုကျူးလွန်ခဲ့ခြင်းမရှိသော PDF အဖွဲ့ဝင်များက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းအပ်နှံပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(၁၀၀)

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၃**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်အတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၅၀ ပါးတို့အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်ကူး၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့်သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့တက်ရောက်ကုသနိုင်ရေးစီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို မြစ်ကြီးနားတပ်နယ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက် ဆရာတော် အမှူးပြုသော သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# တာချီလိတ်- မိုင်းတွမ်း- မိုင်းဆတ်မြို့သွား ပြည်ထောင်စုလမ်းမပေါ်ရှိ နမ့်ခုတ်ချောင်းကူး နမ့်ခုတ်ငြိမ်းချမ်းရေး(ဆိုက်ခေါင်) သံကူကွန်ကရစ်တံတားပျက်စီးမှုများ သွားရောက်ကြည့်ရှု





တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင် တာချီလိတ်- မိုင်းတွမ်း- မိုင်းဆတ်မြို့သွား ပြည်ထောင်စုလမ်းမပေါ်ရှိ နမ့်ခုတ်ချောင်းကူး နမ့်ခုတ်ငြိမ်းချမ်းရေး (ဆိုက်ခေါင်) သံကူကွန်ကရစ်တံတားပြင်ဆင်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစဉ်။

**နေပြည်တော် အောက်တိုဘာ ၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် နမ့်ခုတ်ချောင်းရေမြင့်တက်လာပြီး တာချီလိတ်-မိုင်းတွမ်း-မိုင်းဆတ်မြို့သွား ပြည်ထောင်စုလမ်းမပေါ်ရှိ မိုင်းဆတ်မြို့အဝင် အရှည် ၃၂၈ ပေ၊ အကျယ် ၃၀ ပေရှိသည့် နမ့်ခုတ်ချောင်းကူး နမ့်ခုတ်ငြိမ်းချမ်းရေး(ဆိုက်ခေါင်) သံကူကွန်ကရစ်တံတားမှာ ၁၃၀ ပေခန့် ရေစီးနှင့် မျောပါပျက်စီးသွားခဲ့ရသည်။

ပျက်စီးသွားခဲ့သည့် တံတားအပေါ်တွင် ပေ ၁၅၀ အရှည်ရှိ နှစ်လွှာတစ်ထပ်ဘေလီတံတားအား ဒေသခံပြည်သူများအဆင်ပြေလွယ်ကူစွာသွားလာနိုင်ရေးအတွက်တံတားဦးစီးဌာန၊ တံတားအထူးအဖွဲ့ (၁၂) က တာဝန်ယူဆောင်ရွက်ပေးလျက်ရှိပြီး အောက်တိုဘာလ ဒုတိယပတ်ကုန်အပြီးတွင် အမြန်ဆုံးပြီးစီးနိုင်ရေး နေ့/ညမပြတ် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ တံတားပြင်ဆင်နေမှုများကို အောက်တိုဘာလ ၂ ရက် နံနက်ပိုင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလှိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

## အောက်တိုဘာလ၏မိုးရေချိန်စံချိန်သစ်

| စဉ် | စခန်းအမည် | စံချိန်သစ်တင်သည့်ရက်စွဲ | မိုးရေချိန်စံချိန်သစ် | | ယခင်စံချိန်ကျိုးခဲ့သည့်ရက်စွဲ | မိုးရေချိန်စံချိန်ဟောင်း | | စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း |
|---|---|---|---|---|---|---|---|---|
| | | | မီလီမီတာ | လက်မ | | မီလီမီတာ | လက်မ | |
| ၁။ | ကျိုင်းတုံ | ၃-၁၀-၂၀၂၄ | ၇၉ | ၃.၁၁ | ၂၈-၁၀-၁၉၇၁ | ၇၇ | ၃.၀၃ | ၇၄ |

(မိုး/ဇလ)

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၃**

ဘင်္ဂလားပင်လယ်အော် အရှေ့မြောက်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပါသည်။ (မိုး/ဇလ)

# ပျဉ်းမနားမြို့နယ် ပေါစံခေါရေဘေးသင့်ကျေးရွာ လမ်း/တံတားလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးမြင့်စိုး ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၃**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးရုံးအတွင်းရှိ စိုက်ပျိုးမြေ ၂ ဒသမ ၈ ဧကရှိ GW–11 မျိုးမိုးစပါးစမ်းသပ်စိုက်ကွက်များ ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ စမ်းသပ်စိုက်ကွက်များတွင် လာမည့်ဆောင်းရာသီ၌ ရက် ၉၀ အိန္ဒိယနေကြာမျိုး ဆာရာကီရမ် ၁ ဒသမ ၁ ဧကကိုလည်းကောင်း၊ လယ်ဝေးမြို့နယ် ဝဲကြီးနှင့် ကွေ့ကြီးကျေးရွာတို့၌ ဖြစ်ထွန်းအောင်မြင်နေသော မျိုးများဖြင့် ဂေါ်ဖီစိမ်း၊ ဂေါ်ဖီထုပ် ၁ ဒသမ ၇ ဧကကိုလည်းကောင်း ထပ်မံစိုက်ပျိုးပြီး ဝန်ထမ်းသက်သာချောင်ချိရေးလုပ်ငန်းများဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပျဉ်းမနားမြို့နယ် နတ်သရဲကျေးရွာအုပ်စုသို့သွားရောက်၍ ရေတိုက်စားမှုကြောင့် ပျက်စီးသွားသော နတ်သရဲ- ပေါစံခေါ- သစ်ဆိမ့်ပင်ကျေးရွာချင်းဆက်လမ်းပိုင်း ပေ ၇၀၀ ပြန်လည်ပြုပြင်ပေးရမည့် အခြေအနေနှင့် လမ်းပခုံးကပ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပေါစံခေါကျေးရွာသို့ သွားရောက်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရွှေ့လျားရေသန့်စင်စက်ယာဉ်ဖြင့် ကျေးရွာသောက်သုံးရေ ဖြန့်ဝေပေးနေမှုကိုလည်းကောင်း၊ ပုဂ္ဂလိက တွင်းတိမ်များ တွင်းဆေးတွင်းမှုတ်လုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ကျေးရွာအတွက်ဆောင်ရွက်ပေးထားသောအိမ်သွယ်ရေတိုင်စနစ်မှ ရေတိုက်စားမှုကြောင့် မြေပေါ်လာသောရေပိုက်များ ပြန်လည်မြှုပ်နှံပေးနိုင်ရေး ဆောင်ရွက်နေမှုတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ကျေးရွာလူထုနှင့်တွေ့ဆုံပြီး ပျက်စီးသွားသော မိုးစပါးစိုက်ခင်းများနေရာတွင် ဆောင်းသီးနှံ ပဲမျိုးစုံနှင့်နွေစပါး ဆက်လက်စိုက်ပျိုးမည့်အခြေအနေများကို မေးမြန်းပြီး လိုအပ်ချက်များ ညှိနှိုင်းဆွေးနွေးသည်။ ယင်းနောက် အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ သန့်ရှင်းသောသောက်သုံးရေရရှိရေး မော်တာနှင့်ပန့်များ အမြန်ပြုပြင်ပေးရေး၊ ပြုပြင်ဆဲကာလအတွင်း ရေသန့်စင်စက်မှ ရေကို ဖြန့်ဝေပေးရေး၊ ပျက်စီးသွားသော ကျေးရွာတွင်းလမ်းများ စုစုပေါင်း ပေ ၄၀၀၀ ဆက်လက်ပြုပြင်ဆောင်ရွက်သွားရေး တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် နတ်သရဲ-ပေါစံခေါ-သစ်ဆိမ့်ပင် ကျေးရွာချင်းဆက်လမ်း ၂ မိုင် ၇ ဖာလုံပေါ်၌ ရေတိုက်စားပျက်စီးသွားသော ၆ ပေ နှစ်လုံးတွဲ Box Culvert နေရာတွင် ဆက်သွယ်သွားလာမှု မပြတ်တောက်စေရေးအတွက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးထားသော ပေ၅၀ ယာယီဘေလီတံတား တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။ အဆိုပါ ဘေလီတံတားနေရာတွင် ၁၈ ပေ x ၁၂ ပေ x ၆ ပေ Box Culvert တစ်စင်း ပြန်လည်တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# ပြည်ပဈေးကွက်ဝင် မြန်မာ့ပနားမီးပုစွန်ဖြူ တရုတ်နိုင်ငံနှင့်ဂျပန်နိုင်ငံသို့တင်ပို့



**ရန်ကုန် အောက်တိုဘာ ၃**

ပြည်ပဈေးကွက်ဝင် မြန်မာ့ပနားမီးပုစွန်ဖြူကို တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ရေငန်မွေးမြူရေးကန်များတွင် စနစ်တကျမွေးမြူထုတ်လုပ်ပြီး တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံသို့တင်ပို့လျက်ရှိကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး၌ ပနားမီးပုစွန်ဖြူ မွေးမြူထုတ်လုပ်မှု သက်တမ်းနုသေးသော်လည်း ပင်လယ်ရေ အရည်အသွေးကောင်းမွန်ခြင်းနှင့် ရေထွက်ကုန်အရည်အသွေး ကောင်းမွန်ခြင်းတို့ကြောင့် သန့်ရှင်းလတ်ဆတ်မှုရှိသဖြင့် မြန်မာ့ပနားမီးပုစွန်ဖြူကို ပြည်ပနိုင်ငံများက နှစ်သက်လျက်ရှိကြပြီး နိုင်ငံခြားဝင်ငွေသေချာသော ရေငန်ပုစွန်မွေးမြူမှုကို ရေလုပ်ငန်းရှင်များ ပိုမိုစိတ်ဝင်စားလာကြသည်။

ရင်းနှီးမြှုပ်နှံမှုများသော ပနားမီးပုစွန်ဖြူ မွေးမြူရာ၌ ၆ ပေအနက်ရှိ ၂ ဧကခွဲ ကန်တစ်ကန်လျှင် ပုစွန်ကောင်ရေ နှစ်သန်းမှ လေးသန်းအထိ မွေးမြူလေ့ရှိပြီး ရေလှောင်ကန်နှင့်ပိုးသတ်ကန်တို့ သီးခြားစီထားရှိကာ မွေးမြူထုတ်လုပ်လျက်ရှိသည်။ ပနားမီးပုစွန်ဖြူမျိုးစိတ်ကို ထိုင်းနိုင်ငံမှဝယ်ယူ၍ အဆင့်ဆင့်မွေးမြူပြီး သုံးလကျော် လေးလခန့်အကြာ ရောင်းတမ်းဝင်အဆင့်သို့ရောက်ရှိချိန်တွင် ပြည်ပသို့ တင်ပို့ရောင်းချကြသည်။

ယခုနှစ်မိုးရာသီတွင် မိုးရွာသွန်းမှုများ ခဲ့၍ ရေငန်ပါဝင်နှုန်းကျဆင်းခြင်း၊ ထိုင်းနိုင်ငံမှ ဝယ်ယူစိုက်ထည့်သောမျိုးစိတ်များကြီးထွားနှုန်း ကျဆင်းခြင်းတို့ကြောင့် ယခင်တစ်ကန်လျှင် တန် ၄၀ ထွက်ရှိရာမှ ယခုအခါ တန် ၂၀ သာထွက်ရှိခဲ့သဖြင့် မွေးမြူရေးကုမ္ပဏီအချို့ ထိခိုက်မှုများရှိခဲ့ပြီး ပွင့်လင်းရာသီတွင် မူလအခြေအနေအတိုင်း ပြည်ပပို့ကုန်မှ နိုင်ငံခြားဝင်ငွေပြန်လည်ရရှိလာမည်ဟု မွေးမြူရေးကုမ္ပဏီများက မျှော်မှန်းထားသည်။

" မြန်မာ့ပနားမီး ပုစွန်ဖြူကို တရုတ်နဲ့ ဂျပန်ကို ပို့နေပါတယ်။ ဒီနှစ်မိုးများပြီး မျိုးမကောင်းတဲ့အတွက် ပုစွန်ကြီးထွားနှုန်း ကျဆင်းတာရှိတယ်။ ပုစွန်ဖြူမျိုးစိတ်ကို ထိုင်းနိုင်ငံက ဝယ်ယူရတာဖြစ်တဲ့အတွက် အစာကိုလည်း အဲ့ဒီနိုင်ငံကပဲ ဝယ်ရပါတယ်။ တရုတ်နိုင်ငံကို ပြုတ်ပြီးသားပုစွန်တင်ပို့ပြီး ဂျပန်နိုင်ငံကို အေးခဲပြုလုပ်ကာ တင်ပို့နေပါတယ်။ ဝယ်လက်ရဲ့ ဆန္ဒအတိုင်း တင်ပို့ပေးနေပါတယ်။ လက်ရှိပြည်ပဈေးကွက်မှာ အခြားသောနိုင်ငံတွေနဲ့ ယှဉ်ပြိုင်ပြီး တင်ပို့နေရတာဖြစ်တဲ့အတွက် အခွန်အခနဲ့ အစာဝယ်ယူရာမှာ လိုင်စင်ကဏ္ဍာ မြန်ဆန်စွာ ဆောင်ရွက်နိုင်မယ်ဆိုရင် ဈေးကွက်မှာ အခြားနိုင်ငံတွေနဲ့ ယှဉ်ပြိုင်နိုင်မှာပါ။ တရုတ်နိုင်ငံကို တရားဝင်တင်ပို့ခွင့်ရရှိထားတာကြောင့် ပနားမီးပုစွန်ဖြူကို တိုးမြှင့်ထုတ်လုပ်မွေးမြူပြီး တင်ပို့နိုင်မယ်ဆိုရင် နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေရရှိတဲ့အပြင် မွေးမြူတဲ့ ကုမ္ပဏီတွေလည်းအဆင်ပြေပြီး ရေထွက်ကုန်ဈေးကွက်မှာ မြန်မာ့ပနားမီး ပုစွန်ဖြူတစ်ခေတ်ဆန်းသစ်လာမယ်လို့ပြောလို့ရပါတယ်"ဟု တနင်္သာရီတိုင်းဒေသကြီးငါးလုပ်ငန်းအဖွဲ့ချုပ်မှ အတွင်းရေးမှူး ဦးသက်စိုးက ပြောသည်။

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျွန်းစုမြို့နယ် ပြည့်ဖြိုးထွန်းကုမ္ပဏီ၏ ၈၃၂ ဧက၌ ပုစွန်မွေးမြူရေးကန် ၁၀၅ ကန်၊ ခိုင်ဇင်ယော်ကုမ္ပဏီ(မစမ်းပါး)၏ ၅၃၁ ဒသမ ၀၅ ဧက၌ ပုစွန်မွေးမြူရေးကန် ၅၃ ကန်၊ ပုလောမြို့နယ် ရွှေကံမော်ကုမ္ပဏီ၏ ၂၉၉ ဒသမ ၇၇ ဧက၌ ပုစွန်မွေးမြူရေးကန် ၂၅ ကန်နှင့် ထပ်မံတိုးချဲ့သည့် ထူးထူးတိုးကုမ္ပဏီနှင့်ဩဘာစံကုမ္ပဏီတို့က မွေးမြူရေးကန် ၁၀ ကန်မှ ၁၅ ကန်အထိ မွေးမြူလျက်ရှိရာ ပနားမီးပုစွန်ဖြူ မွေးမြူရေးကန်ပေါင်း ၂၀၀ ကျော်မှ လေးလတစ်ကြိမ် မွေးမြူထုတ်လုပ်၍ တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့သို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

**ဓာတ်ပုံ-ကနူး၊ ညိမ်းသူ(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Thant Zaw Oo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်နေ သန့်ဇော်ဦးအား မွန်းလွဲ ၁ နာရီခွဲတွင် ကျောက်တန်းမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

(၁၀၀)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄˚c | / | ၃၁.၇˚c |
| ရန်ကုန် | ၂၅˚c | / | ၃၁.၈˚c |
| မန္တလေး | ၂၅˚c | / | ၃၃.၅˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအားပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ချက်**
**အကြောင်းအမျိုးမျိုးကြောင့်**
**နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့်**
**မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း**

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကိုလွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့်အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ DCS လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုမလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူလူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAO များတည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့်ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ ထုတ်ပြန်ခဲ့သည့်အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီးရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**


၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှမြန်မာနိုင်ငံရှိ၎င်းတို့ဒေသအသီးသီးသို့ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့အား အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင်အဆောက်အဦများအားဖျက်ဆီးမှု၊ (DCS)လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့်ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်၊ အစိုးရနည်းပညာကောလိပ်(မန္တလေး)နှင့် နည်းပညာတက္ကသိုလ်(မန္တလေး)တို့၌ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာစာမေးပွဲဖြေဆိုနေမှုများကို ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ကြည့်ရှုအားပေး



နေပြည်တော် အောက်တိုဘာ ၃

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် စက်တင်ဘာလ ၃၀ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့ရှိမြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် Myanmar Institute of Information Technology (MIIT)သို့ရောက်ရှိပြီး ဘာသာရပ်များအလိုက် စာမေးပွဲခန်းများ၌ ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းစွာ စာမေးပွဲဖြေဆိုနေမှုများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်ချက်တင်ပြမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးကာ တက္ကသိုလ်ဥယျာဉ်ပရိဝုဏ်ရှုခင်းနှင့် Outdoor Fitness Equipment များ တပ်ဆင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် အစိုးရနည်းပညာကောလိပ်(မန္တလေး)သို့ ရောက်ရှိကာ အင်ဂျင်နီယာဘာသာရပ်များအလိုက် စာမေးပွဲဖြေဆိုရန် ရောက်ရှိလာကြသည့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး စာမေးပွဲခန်းများအသီးသီး၌ ဖြေဆိုလျက်ရှိကြသည့် ကျောင်းသား၊ ကျောင်းသူများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများကို စာမေးပွဲစည်းကမ်းများ အတိုင်း အောင်မြင်စွာကျင်းပပြီးစီးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ နည်းပညာတက္ကသိုလ်(မန္တလေး)သို့ရောက်ရှိပြီး စာမေးပွဲခန်းများ၌ ဖြေဆိုလျက်ရှိကြသည့် ကျောင်းသား၊ ကျောင်းသူများကို ကြည့်ရှုအားပေးကာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လိုအပ်ချက်တင်ပြမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် တက္ကသိုလ်ဝင်းသန့်ရှင်းသပ်ရပ်သာယာလှပရေးဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

(၅၀၀)

# ရှမ်းပြည်နယ်အတွင်း ရေဘေးသင့်ဒေသများရှိ ဆေးရုံများနှင့် ကျန်းမာရေးဌာနများသို့ ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာအေးထွန်း သွားရောက်ကြည့်ရှု




နေပြည်တော် အောက်တိုဘာ ၃

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းသည် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ညောင်ရွှေမြို့နယ် အင်းလေးဒေသသို့ သွားရောက်ပြီး သဘာဝဘေးအန္တရာယ်ခံစားခဲ့ရသော ဟဲယာရွာမတိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများအား အားပေးစကားပြောကြားခြင်း၊ ထောက်ပံ့ငွေများပေးအပ်ခြင်း၊ ဆေးရုံနှင့် ကျန်းမာရေးဌာနများ၏ ရေနစ်မြုပ်မှုအခြေအနေများအားကွင်းဆင်းကြည့်ရှုခြင်းတို့ကိုဆောင်ရွက်ကာ ဟဲယာရွာမဓမ္မဗိမာန်တော်ကြီး၌ ဖွင့်လှစ်ထားသော ယာယီဆေးခန်း၌ ကျန်းမာရေးစောင့်ရှောက်မှုခံယူနေသော လူနာများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်၍ လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နန်းပန်တိုက်နယ်ဆေးရုံနှင့် ကျေးလက်ကျန်းမာရေးဌာနတို့တွင် ရေများဝင်ရောက်ခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြင်ပလူနာဌာန(ယာယီ) ဖွင့်လှစ်ထားရှိသော နောင်ကန်ကျောင်းတိုက်သို့ ရောက်ရှိကာ ရေဘေးသင့်ကျန်းမာရေးဝန်ထမ်းများအား ထောက်ပံ့ငွေများပေးအပ်၍ လူနာများအား တွေ့ဆုံအားပေးစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် ညောင်ရွှေမြို့ ရွှေရေကျုဘုန်းတော်ကြီးကျောင်း၌ စဝ်စံထွန်းပြည်သူ့ဆေးရုံကြီးနှင့် အမျိုးသမီးနှင့်ကလေးဆေးရုံကြီး တောင်ကြီးမြို့တို့မှ သမားတော်၊ စိတ်ကျန်းမာရေး၊ ကလေး၊ သားဖွားမီးယပ်အထူးကုဆရာဝန်များ ပါဝင်သောအဖွဲ့မှ အထူးကု ကွင်းဆင်းကုသနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက်ပြည်သူ့ဆေးရုံ(ညောင်ရွှေမြို့)သို့ရောက်ရှိပြီး ဆေးရုံအတွင်း လက်ရှိရေဝင်ရောက်ဆဲအခြေအနေ၊ ရေလွတ်ရာအဆောင်၌ အတွင်းလူနာများ ထားရှိကုသပေးနေမှု၊ ခွဲစိတ်ခန်းလုပ်ဆောင်နေမှု၊ ဆေးပစ္စည်းများ ရွှေ့ပြောင်းထားရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရေဘေးသင့်ကျန်းမာရေးဝန်ထမ်းများကို ထောက်ပံ့ငွေများပေးအပ်သည်။

ညနေပိုင်းတွင် ရွှေညောင်တိုက်နယ်ဆေးရုံသို့သွားရောက်ပြီး တိုက်နယ်ဆရာဝန်နှင့် ဆေးရုံဝန်ထမ်းများ၏ ဆေးရုံလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုကာ ဆေးရုံတက်ရောက်ကုသမှုခံယူနေသောလူနာများအား တွေ့ဆုံအားပေးစကားပြောကြားခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

# တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား



အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုနှင့် အမျိုးသား/အမျိုးသမီး တံခွန်စိုက်ဒိုင်းဆုရရှိသော ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်အသင်း စုပေါင်းဓာတ်ပုံရိုက်စဉ်။




တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများ၌ ဆုရရှိသူများအား တာဝန်ရှိသူတစ်ဦးက ဆုပေးအပ်ချီးမြှင့်စဉ်။













တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများတွင် အားကစားသမားများ ယှဉ်ပြိုင်နေမှုကိုတွေ့ရစဉ်။



နေပြည်တော်   အောက်တိုဘာ ၃

၂၀၂၄ ခုနှစ်၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာအားကစားနည်းများအလိုက် သတ်မှတ်ထားသော အားကစားကွင်း/ရုံများတွင် ဆက်လက်ယှဉ်ပြိုင်ကစားကြသည်။

၂၀၂၄ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ)အားကစားပြိုင်ပွဲများ ဖြစ်သည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊လေ) အမျိုးသား/အမျိုးသမီး ပြေးခုန်ပစ်ပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကို ဇေယျာသီရိတပ်မတော်အားကစားကွင်း၌ကျင်းပရာ အမျိုးသား / အမျိုးသမီး မီတာ-၄၀၀ ၄ ယောက်တွဲ လက်ဆင့်ကမ်းပြေးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ-၁၅၀၀ ပြေးပြိုင်ပွဲ ၊ အမျိုးသား/ အမျိုးသမီး မီတာ-၁၀၀ ပြေးပြိုင်ပွဲများယှဉ်ပြိုင်ကစားပြီး ဆုပေးပွဲအခမ်းအနားအား ဆက်လက်ကျင်းပပြုလုပ်ရာ အားကစားအမျိုးအစားအလိုက် ပထမ၊ ဒုတိယ၊ တတိယရရှိသောအားကစားသမားများအား တပ်မတော်ပြေးခုန်ပစ်ကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမင်းမင်းအောင်နှင့် ဗိုလ်မှူးကြီးအေးမင်းသန့်တို့ကလည်းကောင်း၊ အမျိုးသားတံခွန်စိုက်ဒိုင်းဆု၊ အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုနှင့် အမျိုးသား/အမျိုးသမီးတံခွန်စိုက်ဒိုင်းဆုရရှိသော ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်အသင်းတို့အား ဗိုလ်ချုပ်လှမိုးကလည်းကောင်း အသီးသီးချီးမြှင့်သည်။

၂၀၂၄ ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဖလား တပ်မတော်(ကြည်း၊ ရေ၊ လေ) တိုက်ကွမ်ဒိုပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(A)တွင်လည်းကောင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) အမျိုးသား/ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(B)တွင် အမျိုးသားကွာတားအဆင့်ပတ်လည်ပွဲစဉ်များကိုလည်းကောင်း၊ မြန်မာ့သိုင်းပြိုင်ပွဲကို ဇေယျာသီရိအားကစားရုံ(C)၌လည်းကောင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)ပိုက်ကျော်ခြင်းပြိုင်ပွဲကို စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ်အားကစားခန်းမ၌ အသီးသီးယှဉ်ပြိုင်ကစားကြသည်။

အဆိုပါအားကစားပြိုင်ပွဲများသို့ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့်အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)




## 5 Digits အောင်ဘာလေအွန်လိုင်းထီ လာတော့မည် ကံထူးရှင်ကြီးဖြစ်တော့မည်

- ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့မှစတင်၍ အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးဖြင့် ရောင်းချသွား မည်ဖြစ်ပြီး ထီလက်မှတ်တစ်စောင် တန်ဖိုးမှာ ကျပ် ၁၀၀၀ ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံးပါ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၂၉)ရက် နေ့အထိသာ နောက်ဆုံးရောင်းချပေးမည်ဖြစ်ပါသည်။
- ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်နေ့တွင် ဖွင့်လှစ်သော (၆၇)ကြိမ်မြောက် အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံးပါ အောင်ဘာ လေအွန်လိုင်းသိန်း ဆုထီစနစ်၏ ထီပေါက်စဉ်အား အသစ်ဆောင်ရွက်ထားသည့် အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံး အောင်ဘာလေ အွန်လိုင်းထီစနစ်တွင် ဆက်လက် ကြည့်ရှုနိုင်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ အောင်ဘာလေအွန်လိုင်းသိန်းဆုထီအား (၁)လလျှင် (၂)ကြိမ် ရောင်းချပေးမည် ဖြစ်ပြီး ရောင်းချမည့်ကာလ များမှာ လတစ်လ၏ (၁)ရက်နေ့မှ (၁၄)ရက်နေ့အထိ (၁)ကြိမ် နှင့် (၁၆)ရက်နေ့မှ လကုန်ရက် မတိုင်မီ (၁) ရက် အလိုအထိ (၁) ကြိမ် စုစုပေါင်း (၂) ကြိမ်ဖြစ်ပါ သည်။ လတစ်လ၏ ပထမအကြိမ်အတွက် ထီဖွင့်ပွဲအား လစဉ် (၁၆)ရက်နေ့ နှင့် ဒုတိယအကြိမ် အတွက် ထီဖွင့်ပွဲအား နောက်လ၏ (၂)ရက် နေ့တွင် ပုံမှန် ဖွင့်လှစ် ပေးသွားမည်ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ အောင်ဘာလေအွန်လိုင်းသိန်းဆုထီတွင် **Jackpot** ဆု၊ ယူနစ်ဆုနှင့် နစ်သိမ့်ဆု များဖြင့် ထီဆုများ ဖွင့်လှစ် ပေးမည် ဖြစ်ပါသည်။
- **Jackpot** ဆု၏ ထီလက်မှတ်ကံထူးရှင်အား (၃) ကြိမ်တိတိ ဖွင့်လှစ်ရွေးချယ်ပေးမည်ဖြစ်ပြီး (၃)ကြိမ် အတွင်းပေါက်မဲ နံပါတ် ထွက်ပေါ်လာပါက **Jackpot** ဆုကို ဆွတ်ခူးနိုင်မည်ဖြစ်သည်။ (၃) ကြိမ်အတွင်း ပေါက်မဲနံပါတ် မထွက်ပေါ် ပါက **Jackpot** ဆုအတွက် ထီဆုငွေအား နောက်တစ်ကြိမ် ထီဖွင့်ပွဲတွင် ပေါင်းထည့်ပေးသွားမည် ဖြစ်ပါသဖြင့် ဆတိုးရရှိနိုင် သည့် ထီဆုကြီး အမျိုးအစားဖြစ်ပါသည်။ **Jackpot** ဆု အတွက် ကံထူးရှင် မထွက် ပေါ်လာသေးသော **Jackpot** ထီ ဆုငွေများအား အများဆုံး (၆)ကြိမ် (၃လ) အထိဆောင်ရွက် ပေးသွားမည် ဖြစ်ပါသည်။ (၆)ကြိမ်မြောက် တွင် **Jackpot** ထီဆုကြီးအား (၃) ကြိမ် မဟုတ်ပဲပေါက်မဲနံပါတ် ထွက်ပေါ်လာသည်အထိ ဖွင့်လှစ်ရွေးချယ်ပေးသွားမည်ဖြစ်ပါသည်။
- ယူနစ်ဆုနှင့် နစ်သိမ့်ဆုများကို ပေါက်မဲနံပါတ် မထွက်ပေါ်လာမချင်း ဖွင့်လှစ်ပေးသွားမှာဖြစ်ပြီး ယူနစ် ရသလောက်ဖွင့်လှစ်ပေးသွားမည် ဖြစ်ပါသည်။
- အက္ခရာ (၁)လုံးနှင့် ဂဏန်း (၅)လုံးပါ ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းသိန်းဆုထီကို ယခင် **Aung Bar Lay** အက်ပလီကေးရှင်း တွင်ပင် ဝယ်ယူကံစမ်းနိုင်ပါသည်။
- **Aung Bar Lay** အက်ပလီကေးရှင်းကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်နေ့တွင် **Version** အသစ်မြှင့်တင်မှု စတင် ဆောင်ရွက်နိုင်ပြီဖြစ်ပြီး ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်နေ့မှ စတင်၍ ထီလက်မှတ်ကို ဝယ်ယူကံစမ်း နိုင်မည်ဖြစ်ပါသည်။
- ထီလက်မှတ် ငွေပေးချေခြင်း နှင့် ထီဆုငွေထုတ်ယူခြင်းများသည် ယခင် အောင်ဘာလေအွန်လိုင်း သိန်းဆုထီစနစ် (အက္ခရာ (၁)လုံးနှင့် ဂဏန်း (၆)လုံး) အတိုင်း ဖြစ်ပါသည်။

**၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ (၁၅)ရက်နေ့မှ စတင်ပြီး ကံစမ်းနိုင်တော့မည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။**


### ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
### မြန်မာ့မီးရထား
### ဈေးပြိုင်လေလံစနစ်ဖြင့် တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားပိုင်လုပ်ငန်းသုံးခရီးသည်တင်ယာဉ် City Bus (၅)စီးနှင့် Taxi ယာဉ်(၃၇)စီး တို့အား Lot (၆)ခုသတ်မှတ်၍ ခရီးသည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း လုပ်ကိုင်ရန်အတွက် (၁-၁၂-၂၀၂၄ မှ ၃၀-၁၁-၂၀၂၇ ထိ) (၃)နှစ်သက်တမ်းဖြင့် ပြည်တွင်းပုဂ္ဂလိက/ကုမ္ပဏီ အဖွဲ့ အစည်းများသို့ ဈေးပြိုင်လေလံစနစ်ဖြင့် တင်ဒါခေါ်ယူဆောင်ရွက်ခြင်းအား (၂၉-၁၀-၂၀၂၄) ရက်နေ့၊ ၁၀:၀၀ မှ ၁၃:၀၀ နာရီတွင် စီးပွားရေးဌာန၊ မြန်မာ့မီးရထား(ရုံးချုပ်)နေပြည်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ တင်ဒါဝင်ရောက်ယှဉ်ပြိုင်လိုသူ ပုဂ္ဂလိက/ကုမ္ပဏီအဖွဲ့အစည်းများသို့ အများဆုံး Lot (၃) ခုအထိသာ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး Lot (၁)ခုချင်းအလိုက် တင်ဒါစည်းကမ်းချက်နှင့် တင်ဒါအဆိုပြုလွှာပုံစံများကို (၁)စုံလျှင် ငွေကျပ် ၅၀,၀၀၀/-နှုန်းဖြင့် ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် (၅၁)လမ်းထိပ် ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့တွင် (၃-၁၀-၂၀၂၄ မှ ၂၃-၁၀-၂၀၂၄ ထိ) ရုံးချိန်အတွင်း (ရုံးပိတ်ရက်မပါ)ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက မြန်မာ့မီးရထား၊ စီးပွားရေးဌာနသို့ လူကိုယ်တိုင် ဖြစ်စေ၊ တယ်လီဖုန်းအမှတ်(ဖုန်း၊ ၀၆၇-၄၅၁၀၀၃၃၊ ၄၅၁၀၀၉၉)သို့ဖြစ်စေ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးဆပ်ကော်မတီ**

### အမွေပြတ်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ နောင်ချိုမြို့နယ်၊ အင်းတိုင်ကျေးရွာနေ ကျွန်တော် ဦးသာကျော်[နိုင်ငံသားစိစစ်ရေးကတ်အမှတ်-၁၃/နခတ(နိုင်)၀၃၁၈၀၄]၏သမီး ဖြစ်သူ ဒေါ်ဝါဝါခိုင်[နိုင်ငံသားစိစစ်ရေးကတ်အမှတ်-၁၃/နခတ(နိုင်)၀၇၅၇၄၃]သည် မိဘများအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ သမီး အဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

ဦးသာကျော်
၁၃/နခတ(နိုင်)၀၃၁၈၀၄

### ပျောက်ဆုံးကြောင်း

စောဘာဘလု(ဘ)ဦးသိန်းထွန်း ၁၂/အစန(နိုင်)၁၄၉၄၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

မော်ဘီမြို့နယ်၊ အထယုကျေးရွာနေ သက်ဖူးဝေ(ဘ)ဦးစံငြိမ်း ၁၂/မဘန(နိုင်) ၁၇၇၉၇၅ ကိုင်ဆောင်သူ၏ နိုင်ငံကူး လက်မှတ်အမှတ်(ME 721363)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၆၉၈၃၆၆၇

### ပျောက်ဆုံးကြောင်း

ဇင်မီကျော်(ဘ)ဦးကျော်မျိုး ၇/ကတခ(နိုင်) ၂၄၂၂၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

ထွန်းထွန်းဦး(ဘ)ဦးလှကျော် ၁၂/မဂတ(နိုင်) ၀၁၁၉၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၆၅၆၂၅၄၄၂

### ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွက် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါလုပ်ငန်း သုံးပစ္စည်းများကို သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်း နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | 4 Angle Sheet (Blue) | ၁၄၉၉၅ m |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၄-၁၀-၂၀၂၄ ရက်နေ့မှစ၍ ရောင်းချမည် ဖြစ်ပြီး ၂၂-၁၀-၂၀၂၄ ရက်နေ့ (၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းရန် ဖြစ်ပါသည်။ တင်ဒါပုံစံအား မြို့တော်ခန်းမ(ပထမထပ်) ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနခွဲတွင်ဝယ်ယူနိုင်ပြီး အသေးစိတ် အချက်အလက်များကို ဖုန်းအမှတ်-၀၁ ၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

### မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမွဲခံယူခြင်းဆိုင်ရာဥပဒေအရ
### "BROADBAND WORLD TECHNOLOGY COMPANY LIMITED."
### အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက်ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေ အစည်းအဝေးတက်ရောက်ရန် အကြောင်းကြားစာ

"BROADBAND WORLD TECHNOLOGY COMPANY LIMITED."၏ နောက်ဆုံး အစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ(၂၃)ရက်နေ့ နံနက်(၁၀:၃၀)နာရီ အချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ ဧယျာလမ်း၊ (၃)လွှာ၊ အမှတ်(၅၁၄/ဘီ)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများတင်ပြပါမည်။

ZIN WAI B.Com;(AA);C.P.A(210)
CERTIFIED PUBLIC ACCOUNTANT

### ပျောက်ဆုံးကြောင်း

မောင်သန့်ဇင်(ဘ)ဦးဆန်းဦး ၁၄/ခနဖ(နိုင်) ၂၀၆၀၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

ကြည်စန်း(ဘ)ဦးချစ်ကောက် ၇/လပတ(နိုင်) ၁၆၄၆၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MD 024720)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

နန်းအုန်းကြည်(ဘ)ဦးသောင်းကြွယ် ၃/ ဘအန(နိုင်)၁၅၁၄၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 684502)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၀၇၇၇

### ပျောက်ဆုံးကြောင်း

လှိုင်သာယာမြို့နယ်၊ အဆင့်မြင့်(၅)ရပ်ကွက်၊ နဝရတ်(၂)လမ်း၊ အမှတ်(၇၆၅)နေ အိမ့်နန်းစိုး(ဘ) ဦးကျော်ကျော်စိုး ၁၂/လမန(နိုင်)၁၅၅၁၈၁ ကိုင်ဆောင် သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေး ပါရန်။ ဖုန်း-၀၉-၇၉၆၆၆၆၅၄၉

### ပျောက်ဆုံးကြောင်း

စိုးမင်းပိုင်(ဘ)ဦးဇော်နိုင်ဦး ၁၄/လမန(နိုင်) ၀၈၈၈၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MD 146150)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၁၃၉၁၁၉၅

### ပျောက်ဆုံးကြောင်း

ပြည့်စုံအောင်(ဘ)ဦးအောင်ကျော်ဝင်း ၁၄/ လမန(နိုင်)၀၉၃၇၅၂ ကိုင်ဆောင်သူ၏ နိုင်ငံ ကူးလက်မှတ်အမှတ်(MD 709230)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။ ဖုန်း-၀၉-၇၅၁၃၉၁၁၉၅

### ပျောက်ဆုံးကြောင်း

မူမူအောင်(ဘ)ဦးစန်းလှိုင် ၁၂/တကန(နိုင်) ၁၈၅၁၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MI215678)မှာ ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

### ပျောက်ဆုံးကြောင်း

ဟသ်ာတမြို့နယ်၊ တလိုင်းစုရွာနေ စောမိုးမင်းဦး(ဘ)ဦးစောအယ်ထီး ၁၄/ မအန(နိုင်)၁၉၉၉၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 016878) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၁၀၈၃၂၈၁

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့် အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှသစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာ သုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသားလုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံးဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန် နားချိန်မရှိဘဲ အချိန်ပြည့် တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ၊ အများအပြားကိုဖြစ်စေ ထည့်သွင်းဖွဲ့ဆိုရေးသားနိုင်သည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများ ပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန် အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိစစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့်ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့် ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု (ကဗျာ) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်) တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့် ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက် မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်) ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်) ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ်စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (စာလုံးအရွယ်အစား ၁၄) ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာ ချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်း ဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏ နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၈၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၆၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၅၀၀၀၀၀ | ကျပ် |

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၅၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၃၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၂၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၁၅၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၀၀၀၀၀ | ကျပ် |

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၄၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၃၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၂၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၁၅၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၁၅၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၁၅၀၀၀၀ | ကျပ် |

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၇၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၅၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၄၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၃၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၂၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၂၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၂၀၀၀၀၀ | ကျပ် |

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

| | | | |
|---|---|---|---|
| (က) | ပထမဆု | ၁၀၀၀၀၀၀ | ကျပ် |
| (ခ) | ဒုတိယဆု | ၇၀၀၀၀၀ | ကျပ် |
| (ဂ) | တတိယဆု | ၆၀၀၀၀၀ | ကျပ် |
| (ဃ) | စတုတ္ထဆု | ၅၀၀၀၀၀ | ကျပ် |
| (င) | ပဉ္စမဆု | ၄၀၀၀၀၀ | ကျပ် |
| (စ) | အထူးဆု(၁) | ၃၀၀၀၀၀ | ကျပ် |
| (ဆ) | အထူးဆု(၂) | ၃၀၀၀၀၀ | ကျပ် |
| (ဇ) | အထူးဆု(၃) | ၃၀၀၀၀၀ | ကျပ် |

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

# တရားမဝင်လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ

နေပြည်တော် အောက်တိုဘာ ၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **အောက်တိုဘာလ ၂ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာအလုံး (၃၀) အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၉)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၅၈၅၆၃၇၁)ကိုလည်းကောင်း၊ အေးရှားဝေါလ် ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၃၅)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၇)မျိုး၊ လူသုံးကုန် (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၁၃၇၉၁၂၈၆) ကိုလည်းကောင်း၊ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာ (၁၅)လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း (၆)မျိုးနှင့် လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၉၈၆၀၅၆၄၀)ကိုလည်းကောင်း၊ ရွှာသာကြီး Dry Port ၌ တာချီလိတ်မြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသော မော်တော်ယာဉ်(၁)စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် လူသုံးကုန်ပစ္စည်း(၂)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၄၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၀၀၀၀၀၀) ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း(၁)မျိုး၊ လူသုံးကုန်ပစ္စည်း(၁)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၂၀၀၀၀၀)နှင့်အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Asia Star Express Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၃၀၉၃၃၂၉၇)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။

ထို့အတူ မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးခရိုင်အတွင်း၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်(၃)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ်၄၅၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များကစစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒဂုံမြို့သစ်(ဆိပ်ကမ်းမြို့နယ်)နှင့် တောင်ဥက္ကလာပမြို့နယ်တို့၌ လိုင်စင်မဲ့ Toyota Ipsum မော်တော်ယာဉ်(၁)စီးနှင့် Toyota Lexus မော်တော်ယာဉ်(၁)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကော့သောင်းမြို့၊ သီရိမြိုင်ရပ်ကွက်၊ အဝေးပြေးကားဝင်းအတွင်း၌ စုပုံထားသော အကောက်ခွန်မဲ့ လုပ်ငန်းသုံးပစ္စည်း(၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၅၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**အောက်တိုဘာလ ၃ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကလေးဝမြို့၊ ရွှေမုဋ္ဌောဘုရားအနီး၌ လိုင်စင်မဲ့ Dathatisu Hijet မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာလ ၂ ရက်နှင့် ၃ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၄၆)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၄၅၉၅၈၃၂၉၇)** ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။ **(သတင်းစဉ်)**

## မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် အောက်တိုဘာ ၃

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က လူမျိုးရေး၊ ဘာသာရေးလှုံ့ဆော်သည့်စကားများပြောဟု သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် အောက်တိုဘာ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဝန်ထမ်းများက သန်းခေါင်စာရင်းလာကောက်စဉ် လူမျိုးရေး၊ ဘာသာရေးလှုံ့ဆော်သည့်စကားများပြောကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။




ပြည်ဖျက်မီဒီယာများသည် နိုင်ငံတော်အစိုးရကို ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် ရည်ရွယ်ချက်ရှိရှိ ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း၊ လူဦးရေစာရင်းနှင့်ဆက်စပ်သည့် အကြောင်းအရာ အချက်အလက်များကို တိကျမှန်ကန်စွာကောက်ယူပြုစုရခြင်းဖြစ်ကြောင်း၊ ရရှိလာမည့်စာရင်းများကိုအခြေခံ၍ နိုင်ငံတော်နှင့် ပြည်သူများအတွက် လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး စသည့် လိုအပ်သည့်လုပ်ငန်းများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ရာ သန်းခေါင်စာရင်းသည် နိုင်ငံတော်၏စီမံကိန်းများ အောင်မြင်စေရန် အထောက်အပံ့ဖြစ်စေမည့် အခြေခံကျသည့်လုပ်ငန်းစဉ်ကြီးဖြစ်ကြောင်း၊ တိကျမှန်ကန်သော စာရင်းများ ရရှိပါက ပြည်သူတစ်ဦးချင်းစီနှင့် ပြည်သူအားလုံး၏ အနာဂတ်ဘဝဖွံ့ဖြိုးတိုးတက်မှု၊ တစ်မျိုးသားလုံး၏ အကျိုးစီးပွားများကို လိုအပ်သလိုဖြည့်ဆည်းပေးရန် အထောက်အကူများရရှိနိုင်မည်ဖြစ်ကြောင်း၊ ပြည်ဖျက်မီဒီယာများနှင့် မြေပေါ်မြေအောက်အဖွဲ့အစည်းများသည် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်မည်ကို မလိုလား၍ နိုင်ငံတော်အစိုးရအပေါ် ဘက်ပေါင်းစုံမှ ထိုးနှက်တိုက်ခိုက်လျက်ရှိပြီး ယခုသတင်းနှင့်ပတ်သက်၍လည်း ပြည်သူလူထုအကြား ဘာသာရေးမှိုင်းတိုက်လှုံ့ဆော်နေသည့် သတင်းဖြစ်ကြောင်း လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ **(၁၀၀)**

**ပျောက်ဆုံးကြောင်း**
ထွန်းကြည်(ဘ)ဦးကျော်မြ ၁၂/သလန(နိုင်)၀၇၉၁၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 573928)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၂၅၉၁၈၂၉

**ပျောက်ဆုံးကြောင်း**
နေဝင်းထွန်း(ဘ)ဦးအေးထွန်း ၁၄/ညတန(နိုင်)၁၀၇၁၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၄၉၁၇၃

**ပျောက်ဆုံးကြောင်း**
စောကော်သော(ဘ)စောစေးဂေး ၇/ကတခ(နိုင်)၁၄၈၂၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MM 278463)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
သဇင်မြင့်(ဘ)ဦးထွန်းဝေ ၁၄/ဒဒရ(နိုင်)၂၀၂၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
ဆန်းမင်းနိုင်(ဘ)ဦးအေးမင်းထွန်း ၁၄/ဒဒရ(နိုင်)၂၄၄၃၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 154835)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
မယမင်းဝေ(ဘ)ဦးအောင်သန်းဝင်း ၁၀/ရမန(နိုင်)၁၇၄၂၂၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 366868)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
မောင်အောင်ကိုကို(ဘ)ဦးငွေသောင်း ၃/ကကရ(နိုင်)၁၅၈၄၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 149708)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၀၅၁၁၇၇၇

**ပျောက်ဆုံးကြောင်း**
သင်းသင်းယု(ဘ)ဦးသိန်းရွှေ ၈/တတက(နိုင်)၁၆၃၀၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 231786)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၄၅၉၄၅၃၄

**ပျောက်ဆုံးကြောင်း**
သန်းစိုးမင်း(ဘ)ဦးတင်စိန် ၁၂/ဥကမ(နိုင်)၂၅၃၂၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 168822)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၅၈၂၀၄၂၇

**ပျောက်ဆုံးကြောင်း**
စိုင်းမြင့်ထွန်း(ဘ)ဦးထွန်းရွှေ ၉/ခမစ(နိုင်)၀၁၅၃၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၃၁၈၆၇၆၀

**ပျောက်ဆုံးကြောင်း**
အိန္ဒြာဝင်း(ဘ)ဦးကြည်တိုး ၁၂/လကန(နိုင်)၁၉၃၁၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၅၇၆၂၇၀၃၇

**ပျောက်ဆုံးကြောင်း**
အောင်အေး(ဘ)ဦးသန်းအေး ၁၀/မလမ(နိုင်)၂၄၀၉၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 471853)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၂၇၁၄၆၃၄

**ပျောက်ဆုံးကြောင်း**
ရန်ပိုင်ဦး(ဘ)ဦးမြင့်အောင် ၁၂/တမန(နိုင်)၁၁၆၈၀၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 468653)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၅၀၅၄၆၀

**ပျောက်ဆုံးကြောင်း**
မျိုးကိုကို(ဘ)ဦးတင်သိန်း ၁၂/တမန(နိုင်)၁၁၄၄၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 620936)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၈၁၃၃၈၆

**ပျောက်ဆုံးကြောင်း**
ဇင်မင်းထွန်း(ဘ)ဦးလှထွန်း ၁၂/ပဘတ(နိုင်)၀၀၄၅၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၃၇၄၉၇၉၁

**ပျောက်ဆုံးကြောင်း**
ကျော်မင်းထွန်း(ဘ)ဦးလှထွန်း ၁၂/ပဘတ(နိုင်)၀၀၄၅၅၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 165745)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၃၇၄၉၇၉၁

**ပျောက်ဆုံးကြောင်း**
မထွေးစု(ဘ)ဦးချိန်ချမ်းဟိုက် ၁၃/လရန(နိုင်)၁၉၃၅၀၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 746079)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၃၃၉၁၁၂

**ပျောက်ဆုံးကြောင်း**
မနန်းဆိုင်ဟွမ်(ဘ)ဦးစိုင်းယုန်း မွေးစာရင်းအရ ၁-၇-၂၀၁၉ မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၉၂၄၂၀၅၆၀

**ပျောက်ဆုံးကြောင်း**
ပဲခူးတိုင်းဒေသကြီး၊ သနပ်ပင်မြို့နယ်၊ ဥဩကျွန်းရွာနေ မယုဇာခိုင်(ဘ)ဦးမြင့်စိုး ၇/သနပ(နိုင်)၁၀၇၇၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 271312)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

**ပျောက်ဆုံးကြောင်း**
အောင်လံမြို့နယ်၊ ကွင်းလှကျေးရွာနေ ကျော်ကိုကို(ဘ)ဦးမြင့်စိုးကြီး ၈/အလန(နိုင်)၂၆၄၃၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 267680)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၂၀၇၄၁၅၆၂

**ပျောက်ဆုံးကြောင်း**
သုဝဏ္ဏမြို့၊ (၂၄)ရပ်ကွက်၊ ရေနံ့သာလမ်း၊ အမှတ်(၁၂၈/၅)နေ ဒေါ်မြမြ(ဘ)ဦးစံတင် ၁၂/သဃက(နိုင်) ၀၆၃၉၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 765464)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၄၃၃၅၁

**ပျောက်ဆုံးကြောင်း**
ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ပြည်တော်သာအိမ်ရာနေ မောင်နိုင်လင်း(ဘ)ဦးစံမြင့် ၁၄/ပသန(နိုင်)၁၅၄၅၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 299846)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၇၈၆၆၆၄၄၆

**ပျောက်ဆုံးကြောင်း**
ပဲခူးတိုင်းဒေသကြီး၊ ပေါင်းတလည်မြို့၊ အရှေ့ပိုင်းရပ်ကွက်၊ လမ်းမတော်လမ်းနေ မောင်အောင်မျိုးဇင်(ဘ)ဦးသိန်းဆောင် ၇/ပမန(နိုင်)၁၂၉၇၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၈၉၇၂၆၆၀

သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ


ထာဝရလှပသော အပြုံးအတွက်
DENTOMEC
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013
Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇
DENTOMEC
MAXIMUM STRENGTH WITH FLUORIDE


တစ်သက်တာလုံးကြံ့ခိုင်ဖို့
ထုတ်လုပ်မှုသက်တမ်း (၂၀) နှစ်ကျော်ရှိပြီး မိဘပြည်သူများ ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ပါသည်။
PORTLAND CEMENT, BRITISH STANDARD
OPC-BS-12-1996,42.5N
RHINO
သုံးကြစို့....
RHINO CEMENT
ပင်ရင်းအရောင်းဌာန- ဖုန်း - ၀၉ ၄၂၈၇၃၀၉၉၂၊ ၀၉ ၄၂၈၇၃၀၉၉၃
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇
RHINO
PORTLAND CEMENT
EXPORT QUALITY
PREMIUM QUALITY CEMENT


အင်ငါးခွ သကြားစက်မှထုတ်လုပ်သည်
အင်ငါးခွ
INNGAGWA
White Sugar
EXPORT QUALITY
09-691540716
inngagwasugarmail2018@gmail.com
FDANo,85/21337/၈၀
တောင်သူစိုက်ပျိုး စီးပွားတိုးဖို့ ပြည်တွင်းသကြားကို အားပေးစို့


AVAILABLE SERVICES
Inland Container Depot
Warehouse Service
Customs Freight Station Service
Trucking Service
Logistic Service
Multi-modal Transportation Services
LPM
LANN PYI MARINE
COMPANY LIMITED
No. 55/61, Strand Road, Botahtaung Township, Yangon, Myanmar.
Tel. 01 8372879, 8373013 Fax. 095 1 8373011
Email. lannpyi.hq@lpm-myanmar.com, lannpyi.icd@lpm-myanmar.com

❖ အခြေခံအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေနှင့် နည်းစနစ်များလိုအပ်. . .

❖ မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ မြေကောင်းမွန်ရန်နှင့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ ပြည့်ဝစွာ ထည့်သွင်းရန် စိုက်ပျိုးရေ၊ အောင်ရေကောင်းစွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်ရန်လို . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားတွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## တပ်မတော် (ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများ ဆက်လက်ယှဉ်ပြိုင်ကစား

စာ - ၂၇ သို့

# မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ပန်းလောင်မြစ်ကြောင်းတစ်လျှောက်ရှိ ရပ်ကွက်၊ ကျေးရွာများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်၊ ဒေသခံပြည်သူများအား ရေဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းပေး

နေပြည်တော် အောက်တိုဘာ ၃

မြန်မာနိုင်ငံအနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများ၏အရှိန်ကြောင့်လည်းကောင်း၊ အပူပြန်တက်တိမ်များ ဖြစ်ထွန်းမှု အားကောင်းခြင်းကြောင့် လည်းကောင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့မှ လေနွေးများနှင့် တရုတ်ပြည်မကြီးပေါ်ရှိ လေဖိအားကြီးရပ်ဝန်းဒေသမှရွေ့လျားလာသော လေအေးများ တွေ့ဆုံမှုကြောင့် လည်းကောင်း၊ စက်တင်ဘာလ ၃၀ ရက် မွန်းလွဲပိုင်းမှစ၍ နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခြင်းနှင့် အချို့သောဒေသများတွင် ဒေသအလိုက် နေရာကွက်ကြား မိုးကြီးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ထို့ကြောင့် ပန်းလောင်မြစ်အထက်ပိုင်းဒေသများတွင် မိုးအဆက်မပြတ်ရွာသွန်းခဲ့မှုများဖြစ်ပေါ်ခဲ့ရာ ပန်းလောင်မြစ်အထက်ပိုင်းရှိ **စာမျက်နှာ ၆ ကော်လံ ၁ ⏭**



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပရဟိတအသင်းအဖွဲ့များက မြစ်သားမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

## လေဖိအားနည်းရပ်ဝန်း တစ်ခုဖြစ်ပေါ်နိုင်

နေပြည်တော် အောက်တိုဘာ ၃

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်း၌ နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်း(Low Pressure Area)တစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။ (မိုး/ဇလ)

## ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်စပါးခင်းများအား ပြန်လည်ကုစားရန် သွင်းအားစုများ ထည့်သွင်းမှုနှုန်းထားများ စနစ်တကျ လိုက်နာရန်လိုအပ်

စာ - ၁၃ သို့

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ငြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

